အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ပွဲသိမ်း




www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၀၃၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၂၀၂၁၁

ထုတ်ဝေသူ ♠ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချုန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♠ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်ခြင်း ♠ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ။

အုပ်ရေ ♠ ၅၀၀ အုပ်

တန်ဖိုး ♠ ၁၀၀ ကျပ်

ဖြန့်ချိရေး ♠ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅-၈၃

တန်ခူးလေပြေ
ပွဲသိမ်း / တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ပွဲသိမ်း

## အခန်း (၁)

ရှုလေရာတိုင်းတွင် စိမ်းစိုပြီး မြင်ကွင်းကလတ်ဆတ်နေ၏။ စိမ်းလဲ့ညိုမှောင်နေသော စပါးခင်းကြီးက လေအသွဲ့တွင် ယိမ်းနွဲ့၍ လှိုင်းအိကလေးများ ထသွားပုံမှာ ကြည့်လို့ပင် ကောင်းသေးတော့သည်။ မြင်နိုင်သည့်အကွာအဝေးထိ မျှော်ကြည့်၍ မဆုံးနိုင်သော လယ်ကွင်းများကြောင့် လွတ်လပ်မှုကို ထဲထဲဝင်ဝင်နှင့် ဖက်လှဲတကင်း ခံစားခွင့်ရနေ၏။

ယံယံရောက်ရှိနေသော ရွာကလေးမှာ တောနှင့်တောင်နှင့် ချောင်းနှင့်မြောင်းနှင့်မို့ ရန်ကုန်က ကိုယ့်တိုက်ကိုယ့်ခြံထဲမှာ အကျဉ်းကျနေခဲ့ရသော ယံယံတစ်ယောက် လှောင်အိမ်မှလွတ်သော ငှက်ငယ်လို လွတ်လပ်ခြင်းအရသာကို မြိန်ယှက်စွာ စားသုံးနေမိ၏။

ရန်ကုန်တွင် ရှားပါးပြီး မျက်စိတစ်ကမ်းတွင် မြင်တွေ့ရခဲသည့် ဗျိုင်း၊ ဗွက်ကလုံ၊ ဆက်ရက် စသည့် ငှက်များအား အုပ်လိုက်သင်းလိုက် မြင်တွေ့နေရသည်မှာ ငှက်ညီလာခံမြင်ကွင်းကို သတင်းယူရသကဲ့သို့ ရှိချေ၏။

ကွင်းပြင်နှင့်စပါးခင်းများကို ဖြတ်သန်းတိုက်ခတ်လာသော ဆံတောက်ဖားဖားနှင့် တောလေပြေရိုင်းက ဆတ်ကော့လတ်ကော့ ဆော့ကစားနေလေရာ ယံယံဂါဝန်ဖားဖားကြီးပင် လွင့်သွားမတတ်မို့ လန်မသွားစေရန် လက်နှင့်ဖိထားလိုက်ရသည်။

www.burmeseclassic.com

လေအဝှေ့တွင် အလံထူချင်နေသော ဂါဝန်စအား လိုက်ဖမ်းနေရသဖြင့် ဟန်ချက်ပျက်ပြီး ချော်လဲမလို ဖြစ်သွားရ၏။

'အဟီး… ဟီး… ဟီး'

'ခစ်… ခစ်… ခစ်… ခွိ… ခွိ'

ထိုစဉ်မှာပင် ကျိတ်၍ရယ်လိုက်သော မပွင့်တပွင့် ဟီးသံများကို ကြားလိုက်ရသဖြင့် စိတ်တိုပြီး လှည့်ကြည့်လိုက်၏။

သူ့ကို အားမနာလျှာမကျိုး ဝိုင်းအုံကြည့်နေကြသော ဗုစုခရ ကလေးတစ်သိုက်ကို တွေ့ရသည်။ စပ်ဖြဲဖြဲရယ်ကျဲကျဲနှင့် ကလေးများမှာ ရွာခလေ့အတိုင်း ပေပေတေတေလေးများ ဖြစ်ကြ၏။

မတော်တရော်နှင့် အရောင်လွင့်ပြယ်နေသော အဝတ်အစားများကို ဖြစ်သလို ဝတ်ဆင်ထားကြသည်။ ဆိုင်းဝိုင်းထဲမှ ဗုံများလို အရွယ်မတူသော ကလေးများမှာ ဆယ့်ငါးယောက် အယောက်နှစ်ဆယ်ခန့် ရှိ၏။

ဒါလေးတွေက ရွာစက်ရုံမှ ထုတ်လုပ်လိုက်သော ကုန်စည်အမယ်သစ်များသာ ဖြစ်ရမည်။ ဝိုင်းကြည့်နေသော ကလေးများအား မိတ်ဖြစ်ဆွေဖြစ် ပြုံးပြလိုက်သည်။ သူတို့ထဲမှ ရဲတင်းပုံရသော ကလေးကြီးတစ်ယောက်က…

'အဒေါ်ကြီး ခင်ဗျားက အခြောက်လား အစိုလား'

နိုင်ငံခြား သတင်းဌာနမှ ပါပါရာဇီ(သတင်းထောက်) တစ်ယောက်၏ ချွန်ချွန်မြမြမေးခွန်းမျိုးနှင့် အထိုးခံလိုက်ရသဖြင့် ယံယံ ဒေါပွသွား၏။ သို့သော် သူများရွာမှာကြက်မ ကိုယ့်ရွာမှာကြက်ဖဟု ဆိုရိုးရှိသည် မဟုတ်လား။

ဒေါသကို တံတွေးနှင့်အတူမျိုချ၍ မေးခွန်းရှင်အား လှလှပပ ပြုံးပြလိုက်ရင်း…

'သားက ဘယ်လိုထင်လို့လဲ'

'ဗီစီဒီ ကားထဲက မာမီလိုပဲ'



'ဟား… ဟား… ဟား… ဟား… ဟား…'

ထိုလူကြီးမင်း၏ စကားကို ကျန်ပုဂ္ဂိုလ်အပေါင်းက သောင်းသောင်းဖြဖြ ရယ်မောထောက်ခံလိုက်ကြ၏။

'ဟုတ်တယ် မာမီက ဗီဒီယိုထဲက မာမီပဲ'

'တဲ… နာမပေါဘူးရား၊ ဟုတ်ပါတယ် ချို'

ကြိုတင်ခန့်မှန်း သုံးသပ်ထားပုံရသော ကလေးတစ်ယောက်က သူ့ထင်မြင်ချက် မှန်သွားသဖြင့် ဂုဏ်ယူဝင့်ကြွားဟန်နှင့် ဝင်ပြောလိုက်သည်။ ယံယံ ကလေးများနှင့် ဘက်ပြိုင်ငြင်းမနေချင်တော့သဖြင့် စိတ်လျှော့ထားလိုက်၏။

'မာမီက ရွာကို ဘာလာလုပ်တာလဲ'

'နာရေး ကိစ္စနဲ့ လာတာ'

'နာရေး ဆိုတာ ဘာလဲ'

'အင်း… အသုဘပေါ့၊ လူသေသွားလို့ မသာချဖို့လာတာ'

'ဪ… မနေ့ကချတဲ့ ဦးဖိုးနီကြီး မသာလား'

'အေး… ဟုတ်တယ်'

'သူ့သမီး နွဲ့နှောင်းမ သနားပါတယ်၊ တအားငိုတာပဲ'

'သားက အသုဘလိုက်ပို့လို့လား'

'ဟင့်အင်း… အမေ ပြန်ပြောပြတာ'

'ဪ… သား နာမည် ဘယ်လိုခေါ်လဲ'

'ချက်စုလေ… ဒီမှာ'

အမေးအမြန်းထူသော လူကြီးမင်းက အရောင်လွင့်နေပြီဖြစ်သော စပိုက်ဒါမင်း(န်)ရုပ်ပုံပါသည့် တီရှပ်ကိုလှန်၍ သူ့ချက်ကိုပြရင်း ဖြေသည်။

ဟုတ်ပေသားပဲ နာမည်နှင့်လိုက်အောင်ပင် သူ့ချက်က ရှေ့သို့တော်တော်လေး စူထွက်နေ၏။

www.burmeseclassic.com

လှကြီးမင်း မေးခွန်းများ ကုန်သွားသည့်အခိုက် ဆံရစ်ဝိုင်းနှင့် ညစ်ထေးထေး ကလေးမလေးတစ်ယောက်က…

'မာမီ့မှာ ရှောက်သီးဆေးပြား မပါဘူးလား၊ ပါရင်နည်းနည်းကျွေး'

'ဟဲ့… သီချင်းဆိုခိုင်းဦးလေ'

ကလေးများက ရှောက်သီးဆေးပြားရောင်းသော အခြောက်မ မှတ်နေ၍ သီချင်းဆိုခိုင်းပြီး ရှောက်သီးဆေးပြား တောင်းနေကြသည်။ ယံယံ စိတ်ထဲအခြောက်မ ဖြစ်ရခြင်းအပေါ် ပထမဆုံးအကြိမ်အနေနှင့် စိတ်ကုန်သွားမိ၏။

ဒီရွာမှာ သူမြင်မိသလောက်တော့ တောအခြောက်မရှိပါ၊ ယောကျ်ား မိန်းမအားလုံး သူ့သဘာဝအတိုင်း ပုံမှန်ပင်ရှိကြသည်။

ဒါကြောင့်လည်း သက်ရှိထင်ရှား အခြောက်မသူ့ကို ကလေးတွေဝိုင်းနေတာပဲ ဖြစ်မည်။ ကိုယ့်ဒေသ ကိုယ့်ဝန်းကျင်မှာတော့ ဤသို့ဖြစ်နေခြင်းအပေါ် ဘယ်သူကမှ ထူးပြီးစပ်စုနေမည့်သူ မရှိ၊ စိတ်တူကိုယ်တူ အဖော်အပေါင်းတွေကလည်း အများကြီး မဟုတ်လား။

အင်း… ဒီကလေးတွေ နားလည်အောင် ဘယ်လိုမှ ရှင်းပြနိုင်မှာမဟုတ်၍ စကားနည်းရန်စဲသဘောမျိုးနှင့် လေပြေထိုးလိုက်ရသည်။

'ရှောက်သီးဆေးပြားတော့ မပါဘူး၊ ဦးဖိုးနီတို့အိမ်ကို လိုက်ခဲ့ပါလား၊ မင်းတို့ကို သကြားလုံးတို့ ပီကေတို့ ကျွေးမယ်လေ'

'သကြားလုံး'

'ပီကေ ဟုတ်လား၊ စားမယ်… စားမယ်'

'ဘာလုပ်မှာလဲ ရွာမှာလည်း အဲဒါတွေ ရှိတာပဲ ကိုသာဂိ ကုန်စုံဆိုင်မှာ'

ကလေးတချို့က စားမယ် သောက်မယ်နှင့် ကြိမ်းဝါးနေသော်လည်း တချို့က သကြားလုံးလောက်ကို စိတ်မဝင်စားဘဲ ဖြစ်နေကြ၏။



'ကဲ… ဒါဆို မာမီက Cake-boy ကျွေးမယ်'

'ခိတ်ဘိုင် ဆိုတာ ဘာလဲ'

'ခိတ်ဘိုင် ဆိုတာ အီစွတ်ဘိုင်ရဲ့ အဖေပေါ့'

ကလေးတွေ တရှန်းရှန်းနှင့်ဆိုတော့ အူရွှင်လာသော ယံယံက ပေါက်ကရတွေ ပြောမိ၏။

'အီစွတ်ဘိုင်ဆိုတာ ရွာအစွန်က နွားနို့ရောင်းတဲ့ ကုလားကြီး၊ သားတို့ သိတယ်၊ သူ့ကို စားလို့မရဘူး'

'ခစ်… ခစ်… ခစ်… ဟစ်၊ ကဲ… ဟုတ်ပါပြီ၊ မာမီက မင်းတို့ကို စတာပါ၊ မာမီနဲ့လိုက်ခဲ့ကြလေ မြို့ကပါလာတဲ့ မုန့်တွေ ကျွေးမယ်'

'ဝေး… ဟေး… ဟေး၊ ဒါမှ တို့မာမီကွ၊ လိုက်မယ်… လိုက်မယ်'

သို့နှင့် တစ်ခဲနက် ထောက်ခံကြသော ကလေးများနှင့်အတူ ရွာထဲသို့ပြန်လာကြသည်။ ဦးတည်ရာက ဦးဖိုးနီ အသုဘအိမ်သို့။

ယံယံတို့တတွေ ဆူညံပွက်လောရိုက်ရင်း လျှောက်လာကြတော့ ရွာလည်လမ်းမှလူတွေ အကုန်ထွက်ကြည့်ကြ၏။

'ကဖိုးနီကြီး အသုဘကိုလာတဲ့ မြို့ကမိန်းမလျာလေ'

'ချောတယ်နော်၊ ရွာကမိန်းမတွေထက် အပုံကြီးသာသေး'

'ဟုတ်ပါ့တော်၊ အသားကလည်း ဖြူနုလို့ မျက်လုံးမျက်ဖန်ကလည်း ကောင်းသေး၊ ကျုပ်တို့ ရွာသူတွေ အလှပြင်ရင်တောင် သူ့ခြေဖျားမှီမှာ မဟုတ်ဘူး'

'ဒါဆို ညည်းမောင်နဲ့ ပေးစားလိုက်ပါလား အေ့'

ရွာထဲမှာတော့ ယံယံ ရောက်လေရာတွင် ပွဲကျကာ တွတ်ထိုး၍ ကျန်ခဲ့ကြတာချည်းပဲ ဖြစ်၏။

တော်တော်လေးလျှောက်မိတော့ ကလေးတစ်သိုက်နှင့်ယံယံ အသုဘအိမ်သို့ ရောက်လာခဲ့ကြသည်။ ခြံဝိုင်းအတွင်း ရွာသူရွာသား

www.burmeseclassic.com

တွေ အိုးများ၊ ခွက်များ၊ ဒယ်များနှင့် အလုပ်ရှုပ်နေကြ၏။ မနက်ဖြန်ရက်လည်အတွက် ကျွေးဖို့မွေးဖို့ ပြင်ဆင်ချက်ပြုတ်နေကြတာပဲဖြစ်သည်။

ကြီးနွဲ့နှင့်သူတို့ညီအစ်ကိုတွေ ရောက်လာအောင်စောင့်ရင်း အသုဘချ နောက်ကျခဲ့တာမို့ မြေချသည့်နေ့နှင့်ရက်လည်က ကပ်သွားခဲ့၏။ ကွယ်လွန်သူ ဦးဖိုးနီက ယံယံတို့နှင့် ဦးလေးဝမ်းကွဲ တော်သည်။

ယံယံတို့ အဖေဘက်မှ တော်စပ်သော တစ်ဝမ်းကွဲညီ ဖြစ်၏။ ဦးဖိုးနီအစ်မ 'ကြီးနွဲ့'က ယံယံတို့ ငယ်ငယ်ကတည်းက ရန်ကုန်ရောက်ပြီး သူတို့ ညီအစ်ကိုများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သူတစ်ယောက်။

ကြီးနွဲ့၏ တစ်ဦးတည်းသောမောင် ဦးဖိုးနီ ဆုံးတော့ ယံယံတို့အားလုံး ရွာသို့နာရေးကိစ္စ စီစဉ်ပေးရန် ရောက်လာခဲ့ကြခြင်း ဖြစ်၏။

ယံယံက ကလေးများအား အိမ်ရှေ့ကွက်လပ်တွင် ထိုင်ခိုင်းထားရင်း…

'ကဲ… ကလေးတွေ ဒီကပဲ စောင့်နော်၊ မာမီ အိမ်ပေါ်တက်ပြီး မုန့်တွေယူလိုက်ဦးမယ်'

'ဟုတ်ကဲ့ မာမီ'

ကလေးတွေကို စောင့်ခိုင်းပြီး ယံယံ အိမ်ပေါ်တက်၍ မုန့်များထည့်ထားသော ကြွပ်ကြွပ်အိတ်ကြီးနှင့် မနိုင်မနင်းပြန်ဆင်းလာ၏။

ပြီးနောက် Cake-boy မုန့်ထုပ်များကို ကလေးများအား အသီးသီး ဝေငှပေး၏။ မုန့်ဝေမှုက ဆူညံပွက်လောရိုက်သွားသဖြင့် ခြံဝင်းအတွင်း လုပ်အားပေးနေကြသော ရွာသူရွာသားများ အာရုံစိုက်မိသွားသည်။ ဆူညံဆူညံဖြစ်နေကြသဖြင့် ကြီးနွဲ့နှင့်အစ်ကိုနှစ်ယောက်လည်း အလျှိုလျှိုရောက်လာကြ၏။



'ဟိတ်… ဝေယံ၊ အဲဒါ မနက် ဘုန်းကြီးပွဲမှာကပ်ဖို့ မုန့်တွေမဟုတ်လား၊ ဘာလို့ဝေပစ်နေရတာလဲ'

'ဒီမုန့် ပိစိလေးတွေ ဘုန်းကြီးကပ်ရင် ကလေးကလားဖြစ်နေမှာပေါ့ ကိုလေးရဲ့'

'ဘာပဲဖြစ်ဖြစ်ဟာ လှူဖို့တန်းဖို့ ရည်ရွယ်ပြီး ဝယ်လာတာလေ'

'အခုလည်း ယံယံက လှူနေတာပဲ ဥစ္စာကို'

'မင်း ဘာလို့ ကတ်တီးကတ်ဖွဲ့ လုပ်နေတာလဲ ဝေယံ'

'ဘုန်းကြီးလှူဖို့ ပူစီကိတ်တွေကော၊ ဂျေဒိုးနတ်တွေရော အများကြီးပဲဟာ၊ ဒါလေးတွေ ကလေးကျွေးတော့ ဘာဖြစ်လဲ'

'ကဲပါ… သားတို့ရယ်၊ တော်ပါတော့ ကလေးတွေလည်း စားနေကြပြီပဲဟာ ပြောမနေပါနဲ့တော့'

'မဟုတ်ပါဘူး ကြီးနွဲ့ရာ၊ အဓိကက ဘုန်းကြီးလှူဖို့ မနက်ဆွမ်းကပ်ပြီးမှ ပိုလို့ဝေလိုက်ရတာ ပြဿနာမရှိဘူးလေ၊ ဒီလောက်လေးမှ မသိတတ်လို့ ပြောနေရတာ'

ကြီးနွဲ့က ကြားဝင်ဖြန်ဖြေပေးနေသော်လည်း ကိုကြီးကပါဝင်ပြောလာသဖြင့် ယံယံ ငိုမဲ့မဲ့ဖြစ်လာသည်။ ကြီးနွဲ့က ယံယံ ပခုံးကိုဖက်ရင်း နှစ်သိမ့်ပေးနေ၏။

'ကဲပါ… သားတို့ရယ်၊ ပြောမနေကြပါနဲ့တော့ ဘုန်းကြီးပဲကပ်ကပ်၊ ကလေးတွေပဲကျွေးကျွေး ဒါနမြောက်တာပါပဲ၊ သူများရပ်ရွာမှာ အချင်းချင်းသင့်တင့်အောင် နေကြပါကွယ်'

ကြီးနွဲ့စကားကြောင့် တိမ်လွှာနှင့်အာကာ ငြိမ်သွားကြ၏။ ယံယံက အားမရသေးသလို သကြားလုံးများ နှိုက်ယူကာ ဝေပေးနေပြန်သည်။ ကလေးများကတော့ သဘောကျ၍ မဆုံးတော့။ တဟေးဟေး တဟားဟားအော်ဟစ်ရင်း ယံယံ အားဝိုင်း၍ အလုအယက်တောင်းယူနေကြ၏။

www.burmeseclassic.com

'မာမီ မုန့်ကျွေးရုံပဲလား၊ သီချင်းဆိုပြီး ကပြရဦးမှာနော်၊ မာမီ ကတာ ကြည့်ချင်တယ်'

'ဟုတ်တယ်… ဟုတ်တယ်'

ချက်စူက ဦးဆောင်တောင်းဆိုလာသဖြင့် ကျန်ကလေးများပါ ဝိုင်းဝန်းထောက်ခံလာကြ၏။

'အေးပါ… မာမီ ကပြမယ်'

'ဘာကွ'

ယံယံ အဖြေအဆုံးမှာ ကိုကြီးအာကာက ဒေါသတကြီး ထအော်လိုက်သဖြင့် ယံယံ တုန်တက်သွား၏။

'ဟေ့ကောင်… သူများရပ်ရွာမှာ အရှက်ခွဲဖို့တော့ မကြိုးစားနဲ့နော်၊ အသေသတ်မှာ ကြားလား'

'ဟုတ်တယ်… ဟေ့ကောင်၊ တက်… အိမ်ပေါ်တက်နေ… သွား'

အစ်ကိုနှစ်ယောက် ဝိုင်းဟောက်ကြသဖြင့် ယံယံတစ်ယောက် မျက်ရည်ဝိုးဝိုးပေါက်ပေါက် ကျလာ၏။

'ဒါ နာရေးနော်၊ နဘ်ကန္တား မဟုတ်ဘူး၊ မော်ဒယ်(လ်)ရှိုး မဟုတ်ဘူး၊ ခ ချက်ချင်းအိမ်ပေါ်တက် လိုက်လာပြီး ဘာတစ်ခုမှ အကူအညီမပေးတဲ့အပြင် ပြဿနာကို မီးခွက်ထွန်း ရှာနေသေးတယ်၊ ငါ လုပ်လိုက်ရ သေတော့မယ်'

အခြေအနေက တိုးတိုးကြိတ်ကြိတ်မှ တင်းမာလာသဖြင့် ကြီးနွဲ့ ယံယံကိုဆွဲပြီး အိမ်ပေါ်ခေါ်သွားရ၏။ ယံယံကတော့ ရှိုက်၍ ရှိုက်၍ ငိုနေချေပြီ။

'အဟင့်… ဟင့်… ဟီး၊ သိပ်အနိုင်ကျင့်တာပဲ လူလည်ခေါင်မှာ သူများကိုပဲ ဝိုင်းဆူနေကြတာပဲ၊ ဟီး… ဟီး'

'တိတ်ပါ ယံယံရယ်၊ ကိုကြီးတို့ ကိုလေးတို့ အကြောင်းလည်း သိရဲ့သားနဲ့ဟာ၊ တိတ်… တိတ် ငိုမနေနဲ့တော့နော်၊ ကြီးနွဲ့လည်း



မအားဘူး ယံယံရဲ့၊ ချက်တာပြုတ်တာတွေ လိုအပ်တာတွေ ဝိုင်းလုပ်ပေးရဦးမှာ'

'ဟုတ်… ဟုတ် ကြီးနွဲ့၊ ဟုတ်… အဟင့်… အဟင့်'

'ဒါဆို အိမ်ပေါ်မှာပဲနေနော်၊ ကြီးနွဲ့ သွားလိုက်ဦးမယ်'

'ဟုတ်'

အလုပ်များနေသော ကြီးနွဲ့ ယံယံအား စိတ်မချသလိုထားခဲ့ရင်း အိမ်အောက်သို့ ဆင်းသွားသဖြင့် အိမ်ကြီးပေါ်တွင် ယံယံ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ရှိုက်သံကမရပ်သေး၊ ဝမ်းနည်းမဆုံး ငိုမဆုံးဖြစ်နေသေး၏။ သူ့ဘဝသူတွေး၍ ကြေကွဲမဆုံး ဖြစ်နေသည်။

တကယ်တော့ သူတို့မိသားစုမှာ ညီအစ်ကိုသုံးယောက်သာ ရှိတော့၏။ ယံယံ နှစ်နှစ်သားလောက်တွင် အမေက စောစောစီးစီး ဆုံးပါးသွားခဲ့သည်။ ထို့ကြောင့် ယံယံတို့အဖေ ဦးမိုးတိမ်က အစ်မ တစ်ဝမ်းကွဲတော်စပ်သူ ကြီးနွဲ့ကို ရွာမှခေါ်ယူပြီး ယံယံလေးကို စောင့်ရှောက်စေခဲ့ခြင်း ဖြစ်၏။

ဦးမိုးတိမ်က စီးပွားရှာကောင်းသူ ဖြစ်သော်လည်း နောက်ထပ် အိမ်ထောင်မပြုတော့ဘဲ ပေပေတေတေနှင့် ထင်သလိုနေခဲ့၍ အသက် ငါးဆယ်မှာပင် ဆုံးပါးသွားခဲ့ပြန်သည်။

သားကြီးနှစ်ယောက်မှာ ပညာစုံအရွယ်ရောက်နေပြီမို့ ဖခင်၏ ကုမ္ပဏီကို အမွေဆက်ခံပြီး တိုးတက်အောင်မြင်အောင် လုပ်နိုင်ခဲ့ကြသဖြင့် စီးပွားရေးကတော့ ပူပင်စရာ မရှိခဲ့။

ပူပင်စရာက အကြီးနှစ်ယောက်ထက် ငါးနှစ်နှင့်ခြောက်နှစ် ငယ်သော ယံယံ ဘဝသာဖြစ်သည်။ ငယ်စဉ်ကပင် အမိမဲ့သားဖြစ်ခဲ့ရသူ ယံယံလေးအပေါ် ကြီးနွဲ့က အလိုလိုက်အကြိုက်ဆောင်ကာ အရေးပေးခဲ့ရာမှ နုနုနွဲ့နွဲ့လေး ဖြစ်လာခဲ့၏။

မိခင်ကို အလွန်အမင်း တွယ်တာနေသည့်အရွယ်တွင် အမေ

www.burmeseclassic.com

ကို ဆုံးရှုံးခဲ့ရသဖြင့် ကလေးဘဝတွင်ပင် စိတ်ဂယောက်ဂယက် ဖြစ်ခဲ့ရသေးသည်။ အဖေနှင့်ကြီးနွဲ့ နည်းလမ်းစုံနှင့် ပြုစုကုသခဲ့မှု ကြောင့် စိတ်ရောကိုယ်ပါ ပြန်လည်ကျန်းမာလာခဲ့သော်လည်း သူ့ကိုယ် သူ မိန်းမဟု တလွဲထင်မြင် ယုံကြည်သွားခဲ့ရာမှ ဒီဘဝ ရောက်ခဲ့ရခြင်း ဖြစ်၏။

ဒါကို အစ်ကိုနှစ်ယောက်က လုံးဝလက်မခံနိုင်၊ ယံယံ မိန်းမ လိုမိန်းမရဖြစ်နေမှုအပေါ် အရှက်ရစရာကိစ္စဟု သဘောထားကြသည်။ မိသားစု သိက္ခာကျစေသည့် ဖြစ်ရပ်ဟု သတ်မှတ်သည်။

သို့သော် ယံယံက ဘယ်လိုမှ ယောက်ျားစိတ်မွေး၍မရ ယခု လို အသက်နှစ်ဆယ်အရွယ် သိပ္ပံဘွဲ့တစ်ခု ရခဲ့သည်အထိ မိန်းက လေးတစ်ယောက်လိုပဲ နေထိုင်လာခဲ့သူဖြစ်၏။

လုပ်သည့်အလုပ်ကိုလည်း ကြည့်ဦး၊ အဝတ်အစား ဒီဇိုင်နာ အလုပ်၊ အရပ်ထဲမှာ နာမည်ရပြီး လက်မလည်အောင် ချုပ်ရသော လူဝတ်စုံဖန်တီးရှင်တစ်ယောက် ဖြစ်နေပြီ။

ရန်ကုန်မှ တိုက်ခြံစည်းရိုးကိုဖျက်၍ ဆိုင်ခန်းဆောက်ပြီး လူဝတ်စုံလုပ်ငန်း လုပ်ကိုင်နေသူ တစ်ယောက်ဖြစ်၏။ ကြီးနွဲ့၏ မောင်ဖြစ်သူ ဦးလေးဖိုးနီ ကွယ်လွန်ကြောင်းသိကြရရာမှ နာရေးကိစ္စ ဆောင်ရွက်ရန် ဒီရွာကိုရောက်ခဲ့ကြခြင်း ဖြစ်သည်။

ရွာကလေးနာမည်က ရွှေဘုံသာဟုခေါ်၏။ ညောင်လေးပင် မြို့နယ် ပုစွန်မြောင်းရွာမှ လေးမိုင်ခန့်အကွာတွင်ရှိပြီး အများစုမှာ လယ်လုပ်ကြသူများသာ ဖြစ်သည်။

ရွာ၏အနောက်ဘက်တွင် ရေမစီးတော့သော စစ်တောင်းမြစ် ကျိုးအင်းနှစ်ခု ရှိသည်။ စစ်တောင်းမြစ်ရေစီးကြောင်း ပြောင်းလဲမှုတွင် ထင်ရှားသော သာဓကအဖြစ် တည်ရှိနေ၏။

ယံယံတစ်ယောက် ရှိုက်ငိုရင်း မပြီးနိုင်မစီးနိုင် တွေးနေမိ လေသည်။ ထိုစဉ် အိမ်ပေါ်သို့ လူတစ်ယောက်. တက်လာတာကို



ခြေသံကြား၍ သိလိုက်သည်။ ကြီးနွဲ့ပဲဖြစ်မှာပါဟုတွေးရင်း အသာ ဆက်ငြိမ်နေမိ၏။

သူ့ကျောနားတွင် ခြေသံရပ်သွားသော်လည်း ဘာစကားသံမှ ထွက်မလာသဖြင့် နောက်ကျောမလုံ ဖြစ်လာပြီး လှည့်ကြည့်လိုက်၏။

'ဟင်… နွဲ့နှောင်း'

'ဟုတ်… ဟုတ်ဂါတယ် ကိုယံ၊ နွဲ့… နွဲ့နှောင်းပါ'

ဦးလေးကိုဖိုးနီ၏ တစ်ဦးတည်းသောသမီး နွဲ့နှောင်းကို ခြေစုံရပ်လျှက်အနေအထားနှင့် တွေ့လိုက်ရ၍ ယံယံ ငုတ်တုတ်ထ ထိုင်လိုက်ရသည်။

'ဘာလဲ နွဲ့နှောင်း၊ ကြီးနွဲ့ ခေါ်ခိုင်းလိုက်လို့လား'

'မ… မဟုတ်… မဟုတ်ပါဘူး၊ ဟို… ဟိုလေ… နွဲ့… နွဲ့နှောင်း ပြောစရာရှိလို့ပါ'

'ပြောစရာရှိရင်လည်း ထိုင်ဦးလေ'

ယံယံက ခွင့်ပြုသဖြင့် နွဲ့နှောင်း တုန့်တုန့်ရီရီနှင့်ဝင်ထိုင်၏။ နွဲ့နှောင်းရုပ်က အဆိုးကြီးမဟုတ်သော်လည်း တောခလေ့အတိုင်း နေထိုင်သူမို့ အထင်ကြီးစရာမရှိသလို လှသည်ဟုလည်း မထင်မိချေ။ ယံယံအဖေနှင့် ဦးဖိုးနီက တစ်ဝမ်းကွဲ ညီအစ်ကိုတွေဆိုတော့ ယံယံနှင့် နွဲ့နှောင်းက နှစ်ဝမ်းကွဲတော်စပ်သူများ ဖြစ်ကြ၏။

အတန်ငယ်ကြာသည်အထိ နွဲ့နှောင်းစကားမစသဖြင့် ယံယံ စိတ်မရှည်နိုင် ဖြစ်သွားသည်။

'ပြောစရာရှိလို့ဆို ပြောလေ နွဲ့နှောင်းရဲ့'

'ဟုတ်… ဟုတ်ကဲ့ ကိုယံ၊ ကြီး… ကြီးနွဲ့ကလေ ရက်လည် ပြီးရင်၊ သူ… သူနဲ့အတူ လိုက်ခဲ့တဲ့၊ ဒီမှာ အမျိုးအရင်းလည်း မရှိတော့ဘူးတဲ့ စိတ်မချလို့ ခေါ်သွားမှာဖြစ်မှာတဲ့ ဒါပေမဲ့တဲ့…'

နွဲ့နှောင်း ပြောရင်းနှင့်စကားပျောက်သွားပုံရ၏။

'ဒါပေမဲ့ ဘာဖြစ်လဲ နွဲ့နှောင်း ဆက်ပြောလေ'

www.burmeseclassic.com

'ဟို… ဟိုဒင်း၊ ခေါ်… ခေါ်သွားဖို့ဆိုတာ သူ့သဘောနဲ့ မပြီးဘူးတဲ့၊ ကို… ကိုယ်တို့ ခွင့်… ခွင့်ပြုမှ ဖြစ်မှာတဲ့၊ အဲ… အဲဒါ'

'အဲဒါ… ကိုယ့် သဘောတူမတူ မေးချင်တာလား နွဲ့နှောင်း'

'ဟုတ်… ဟုတ်ပါတယ် ကိုယ်'

'ယံယံ တို့ဆီမှာ ကြီးနွဲ့က မရှိမဖြစ်တဲ့သူလေ၊ နွဲ့နှောင်းကို ဒီမှာထားခဲ့ဖို့လည်း စိတ်မချဘူးဆိုတော့ ဘယ်လိုလုပ်ရမလဲ၊ လိုက်ခဲ့ယုံပဲ ရှိတော့တာပေါ့'

'တ… တကယ် တကယ်ပြောတာလား ကိုယ်'

'တကယ်ပါ နွဲ့နှောင်းရယ်'

နွဲ့နှောင်း မျက်နှာလေး ဝင်းလက်မလို ဖြစ်သွားပြီးမှ ရုတ်ချည်းငိုင်တွေ သွားပြန်၏။

'ဒါ… ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်ပြန်ပြီလဲ'

'ဟို… ဟိုလေ၊ ကိုကြီးနဲ့ကိုလေး ကကော ခွင့်ပြုပါ့မလား'

နွဲ့နှောင်း အမေးကြောင့် ယံယံပင် တွေတွေငေးငေး ဖြစ်သွားရ၏။ ဟုတ်တော့ ဟုတ်သည်။ ကိုကြီးနှင့်ကိုလေးက စရိုက်တစ်မျိုး ဘယ်သူနှင့်မှ အရောတဝင်မနေတတ်သည့်အပြင် မျက်နှာထားကလည်း ထန်နေသေးသည်ကိုး။

'နွဲ့နှောင်း ဆန္ဒကကော ဟင်'

'အဖေ မရှိတော့ဘူးဆိုတော့ ရွာမှာလုပ်ကိုင်စားဖို့ သိပ်မလွယ်တော့ဘူးလေ၊ ဒါကြောင့် အားလုံးကြည်ဖြူမယ်ဆိုရင် လိုက်ခဲ့ချင်ပါတယ် ကိုယ်'

'ဒါဆိုပြီးရော နွဲ့နှောင်းကို ခေါ်သွားမယ်၊ ကိုကြီးတို့ကိုလည်း ယံယံ ရအောင်ပြောပေးမယ်၊ ဘာမှမပူနဲ့ ဟုတ်လား'



'ဟုတ်… ဟုတ်ကဲ့ရှင့်၊ ကျေးဇူးပဲနော် ကိုယ်၊ ဒါဆို နွဲ့နှောင်း ထင်းတွေသွားခွဲလိုက်ပါဦးမယ်'

'ကောင်းပြီ နွဲ့နှောင်း'

တရိတသေ နှုတ်ဆက်ထွက်သွားသော နွဲ့နှောင်းကို ငေးကြည့်ရင်း ယံယံ သက်ပြင်းချမိသည်။ အာမခံလိုက်ပြီးမှ ကိုကြီးတို့ ခွင့်မပြုလျှင်ဒုက္ခဟုတွေးပြီး စိတ်လေးသွားမိ၏။

ဘာပဲဖြစ်ဖြစ် အစ်ကိုတွေ သဘောမတူခဲ့လျှင် အတိုက်အခံလုပ်ပြီး နွဲ့နှောင်းကို ရအောင်ခေါ်သွားမည်ဟု ဆုံးဖြတ်ချက်ချ လိုက်တော့သည်။

❐ ❐ ❐

ရွာစွန်ညောင်ပင်ကြီးအောက် မြေကွက်လပ်မှာ အရိပ်ရပြီး ပြောင်တလင်းခါအောင် သန့်ရှင်းနေ၏။ လေတိုက်လိုက်တိုင်း ညောင်ရွက်အချင်းချင်း ထိခတ်၍မြည်လာသော တရှဲရှဲအသံများက စည်းဝါးလိုက်နေသော ဂီတသံစဉ်တစ်ခုအလား ကြားနေရသည်။

ထိုညောင်ပင်အောက်တွင် ကလေးများအလယ်၌ ထိုင်နေသူမှာ ယံယံ ဖြစ်၏။ ဘယ်နေရာမှာမှ သုံးမရသော ယံယံတစ်ယောက် ကလေးများကို အဖော်ပြုရင်း အပျင်းဖြေနေလေသည်။ အိမ်မှာက ရက်လည်နေ့အကျွေးအမွေး ရှိနေသဖြင့် လူများပြီး နေစရာထိုင်စရာ မရှိသဖြင့် ကြီးနွဲ့ အလစ်တွင် ယံယံ ထွက်လာခဲ့တာဖြစ်၏။

ရွာကအသုဘခေတ္တေ့ကလည်း အဆန်းသား၊ အသုဘချသည့်နေ့က တစ်ရွာလုံးကို ထမင်းကျွေးရသည်။ မတတ်နိုင်သူများသာ မုန့်ဟင်းခါးကျွေးကြ၏။ ရက်လည်နေ့ကို အဓိကမထားကြ၊ ရက်လည်တွင် မုန့်ပဲသွားရည်စာနှင့် အပရိကလောက်သာ ဧည့်ခံကြတော့သည်။

အေးလေ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုတာ

www.burmeseclassic.com

ဒါမျိုးပဲ ဖြစ်ရမည်။ ပြောင်ရှင်းနေသော မြေတလင်းတွင် အခန့်သားထိုင်ရင်း MP4 နှင့်သီချင်းနားထောင်ရင်း ယံယံ ဇိမ်ကျနေ၏။

ကြာတော့ ကလေးများ ပျင်းလာပုံရ၏။ လှုပ်လှုပ်ရွရွနှင့် ဂဏာမငြိမ် ဖြစ်လာကြသည်။ တစ်ယောက်နှင့်တစ်ယောက် လက်တို့ခြေတို့ ဖြစ်လာကြ၏။ သူတို့လေးတွေကြောင့် ယံယံ ဇိမ်ပျက်သွားသဖြင့် နားကျပ်ကို ဖြုတ်၍စကားစလိုက်သည်။

'ကဲ… မင်းတို့တွေ ဘာဖြစ်နေကြတာလဲ'

'မာမီတစ်ယောက်ထဲ သီချင်းနားထောင်နေတော့ ပျင်းတာပေါ့ဗျ'

'ဟုတ်တယ် မာမီ၊ ပျင်းစရာကြီး'

'ဒါဆို ဆော့ကြမလား'

'ဆော့ချင်ပါဘူး မာမီ ကပြ'

'ဟုတ်တယ်… ဟုတ်တယ်၊ မာမီ ကပြတာကြည့်မယ်'

'မာမီ ကပါဗျို့'

ကလေးများ တစ်ယောက်တစ်ပေါက် ဝိုင်းအော်တောင်းဆိုနေကြသဖြင့် ယံယံ ပြုံးပျော်သွားပြီး ကပြရန်ဆုံးဖြတ်လိုက်၏။

'ဟုတ်ပြီ မင်းတို့ကို မာမီ ကပြမယ်'

'ဝေး… ဟေး… ဟေး… ဟေး၊ ဒါမှ တို့မာမီကွ'

ကပြမည်ဟူသော စကားနှင့်အတူ ယံယံ ထရပ်လိုက်သဖြင့် ကလေးများဝမ်းသာပြီး အော်ဟစ်ရင်း လက်ခုပ်တီးကြတော့သည်။ ယံယံက MP4 ထဲမှ အေသင်ချိုဆွေ၏ မင်းသမီးလေးဖြစ်ချင် သီချင်းကို ရွေးဖွင့်လိုက်၏။ အသံကို အဆုံးထိချဲ့ပြီး ကပြမှုကို စလိုက်သည်။

ဒီသီချင်းက မြူးမြူးကြွကြွနှင့်ဆိုတော့ ကလို့ကောင်း၏။ ယံယံ စိတ်ပါလက်ပါနှင့် အားပါးတရကလိုက်သည်။ သည်ရွာထိပ်မှာ



သူနှင့်ကလေးများသာ ရှိနေသည်မို့ စိတ်လွတ်ကိုယ်လွတ်နှင့် မရှက်မကြောက် ကနေမိ၏။

ကလေးများက တအားသဘောကျနေကြသည်။ လက်ခုပ်လက်ဝါး တီးသူတီး စည်းချက်လိုက်သူလိုက် ယံယံ့ လှုပ်ရှားမှုကို အတုခိုးပြီး လိုက်ကသူကနှင့် တကယ့်ကို ပျော်စရာကြီး ဖြစ်နေတော့၏။

ဤသို့နှင့် သီချင်းတစ်ပုဒ် ဆုံးသွားသည်။ ယံယံလည်း မောသွားပြီး ခဏထိုင်နားလိုက်၏။ ချက်စူက…

'မာမီကတာ သိပ်ကောင်းတာပဲ၊ ကြည့်လို့မဝသေးဘူး၊ နောက်တစ်ပုဒ်လောက် ထပ်ကပါဦး'

'ဟုတ်တယ် မာမီ ဖြူဖြူကျော့်သိန်း သီချင်းနဲ့ကပြပါ'

ပရိတ်သတ်တောင်းဆိုမှုကြောင့် ယံယံ အားတက်သွားပြီး သီချင်းရွေးလိုက်၏။ 'အတွင်းကျေ' သီချင်းကို ဖွင့်လိုက်သည်။

အနီးအနားမှ ဝါးဆစ်ပိုင်းတစ်ခု ကောက်ယူပြီး မိုက်ကရိုဖုန်းကဲ့သို့ အသုံးပြုရင်း ဖြူဖြူကျော်သိန်း စတိုင်လုပ်၍ ဖျော်ဖြေလိုက်၏။

ကလေးများက သဘောကျမဆုံး ပျော်တပြုံးပြုံးနှင့်တရှန်းရှန်း ဖြစ်နေကြတော့သည်။

ထိုအခိုက်မှာပင် ရွာလမ်းလေးအတိုင်း ရွာသူရွာသားတချို့ ရောက်လာကြ၏။ ထူးထူးဆန်းဆန်း ကလေးတွေကို ပရိတ်သတ်လုပ်ခိုင်းပြီး သီချင်းဆိုကာကနေသော ယံယံကိုတွေ့ပြီး သဘောတကျနှင့် ဝိုင်းကြည့်ကြသည်။

ပရိတ်သတ်တိုးလာသဖြင့် ယံယံလည်း သဘောကျနေ၏။ ဖြူဖြူကျော်သိန်းအိုက်တင်ကို အသားကုန်တုပပြီး ပယ်ပယ်နယ်နယ် ဖျော်ဖြေနေတော့သည်။

'ဟဲ့… မာမရှိန်းက ကတတ်သားဟဲ့၊ ဟိုအဆိုတော်နဲ့ တော်တော်တူတာ မိုက်တယ်နော်'

www.burmeseclassic.com

'ဟုတ်ပါ့ ပို့က ဖြူဖြူကျော့်သိန်း သူက မဖြူတဖြူကျော့်သိန်းလေ'

သူများအရပ်မှာ အပြတ်ကဲပြီး အစွမ်းပြကနေသော ယံယံက ဘယ်သူတွေ ဘာပြောပြောမမှုတော့ ဈာန်ဝင်သွားပြီ မဟုတ်လား။ သူ သတိမပြုမိတာ တစ်ခုပဲရှိသည်။ အဲဒါက လူအုပ်နောက်တွင် နွဲ့နှောင်းနှင့်သူ့အစ်ကိုတွေ ရောက်နေခြင်းပင်။

'ဝေယံ'

စည်းလွတ်ဝါးလွတ် ကကောင်းနေခိုက် ကိုအာကာ၏ အသံနက်ကြီးကို ကြားလိုက်ရသဖြင့် ယံယံ တုန်ခါသွားအောင် ကြောက်လန့်သွားပြီး ကနေတာရပ်သွား၏။

အသံလာရာသို့ လှမ်းကြည့်၏။ လူကြားထဲမှ အာကာနှင့် တိမ်လွှာ တိုးထွက်လာတာတွေ့ရသည်။ သူတို့နောက်မှ နွဲ့နှောင်း တုန်တုန်ရီရီနှင့် ပါလာ၏။

'ဟော့ကောင်… မင်း ဘယ်လိုဖြစ်နေတာလဲ အရှက်မရှိဘူးလား'

'မင်း အရှက်မရှိတာ အကြောင်းမဟုတ်ဘူး၊ နဲ့ဟာက ငါတို့ကိုပါ အရှက်ခွဲတာ မျောက်ပွဲလို ဝိုင်းကြည့်နေတာတောင် ရှက်ရကောင်းမှန်း မသိဘူး'

ပြောနေရင်း အာကာ ဒေါသမထိန်းနိုင်ဟန်နှင့် အနားကပ်လာပြီး နားရင်းရိုက်လိုက်တော့၏။

'ဖြောင်း'

'အား… အောင်မလေးတော့'

အရိုက်ခံလိုက်ရ၍ ယံယံ အသည်းငယ်စွာ အော်ဟစ်လိုက်တော့ ဝိုင်းကြည့်နေသော ကလေးများနှင့်ရွာသူရွာသားများက အတော်မသတ်ရယ်ကြလေသည်။ အစ်ကိုနှစ်ယောက်မှာ ရွာရောက်မှ ဝိုင်းလှောင်သလို အရယ်ခံရသဖြင့် အကြီးအကျယ် အရှက်ရသွားကြ၏။



'တောက်! မင်းတော့လားကွာ၊ ရန်ကုန်ရောက်ရင် သေပြီသာမှတ်'

ဒေါပွပွနှင့်ပြောဆိုပြီး ရှက်စိတ်ကြောင့် မျက်စိမျက်နှာပျက်စွာနှင့်ထွက်သွားကြသည်။ ထိုအခါမှ နွဲ့နှောင်း အနားသို့ရောက်လာပြီး…

'ကိုယံ နွဲ့နှောင်း ခေါ်လာတာ မဟုတ်ဘူးနော်၊ ကိုကြီးတို့ အတင်းရှာခိုင်းလို့ လိုက်ရှာပေးရတာ'

အထိတ်တလန့်နှင့် တောင်းပန်နေသော နွဲ့နှောင်းကို ပြုံးပြ၍ နီရဲနေသောမျက်နှာကို လက်နှင့်ပွတ်ရင်း…

'ကျွတ်… ကျွတ်… ကျွတ်၊ ရပါတယ် နွဲ့နှောင်းရယ်၊ ဒါ နွဲ့နှောင်း အပြစ်မှမဟုတ်တာ၊ ဒါနဲ့ ဘာလို့လိုက်ရှာနေကြတာလဲဟင်'

'မနက်ကို ပြန်ကြမယ်တဲ့၊ အဲဒါ သိမ်းစရာရှိတာ သိမ်းနိုင်းမလို့ဟာ ကိုယံကို မတွေ့လို့ဒေါပွနေကြတာလေ၊ ဘုန်းကြီးဆွမ်းကပ်တော့လည်း မရှိ၊ ရွာကလူတွေ ညှော်ခံတော့လည်း မရှိလို့ဆိုပြီး ပြောဆိုနေကြတာလေ'

'အမလေး အလကားပါ နွဲ့နှောင်းရယ်၊ ရှိနေတော့လည်း ရှိလို့ဆိုပြီး အပြစ်ပြောကြဦးမှာပဲဟာ၊ ပစ္စည်းတွေ သိမ်းဖို့ဆည်းဖို့ဆိုတာကတော့ သူတို့မှာ လက်မပါတာကျနေတာပဲ'

ယံယံက နွဲ့နှောင်းကို မိန်းမချင်းလိုသဘောထားပြီး အစ်ကိုတွေကို ကက်ကက်လန်ရန်တွေ့ဟန်နှင့် အတင်းတုပ်နေရာ သောကများကြားမှ နွဲ့နှောင်းပင် ပြုံးစိစိဖြစ်သွားရ၏။

ယံယံကတော့ သူ့မိတ်ဆွေ ကလေးများကို လက်ပြနှုတ်ဆက်ရင်း နွဲ့နှောင်းနှင့်အတူ ပြန်လာခဲ့ကြသည်။ ထိုအခါမှပင် ညောင်ပင်အောက် စတိတ်ရှိုးက လူစုကွဲသွားတော့၏။

□ □ □

www.burmeseclassic.com

ညီအစ်ကိုတွေ ပစ္စည်းများစုရင်း မနက်ပြန်လျှင် အဆင်သင့်ဖြစ်စေရန် အဝတ်အစားများ ခေါက်ထည့်သိမ်းဆည်းနေကြ၏။ ယံယံက အာကာနှင့်တိမ်လွှာအား အကဲခပ်လိုက်ရင်း…

'ကိုကြီးနဲ့ကိုလေး မနက်ဖြန် ပြန်မှာနော်'

'အေးလေ… ပြန်မှာမို့ သိမ်းဆည်းနေတာပေါ့'

'ဟို… ဟိုလေ ကြီးနွဲ့ အတော်လေး စိတ်ဆင်းရဲနေတယ် ကိုကြီး'

'သူ့မောင် ဆုံးတော့ စိတ်ဆင်းရဲမှာပေါ့'

'အဲဒါကြောင့် မဟုတ်ဘူး၊ လူဆိုတာ သေမျိုးတဲ့ သေတဲ့လူအတွက် မပူတော့ဘူးတဲ့၊ ခုဟာက ရှင်တဲ့လူအတွက် သောကများနေတာ'

ယံယံ စကားကြောင့် အာကာနှင့်တိမ်လွှာ အံ့သြပြီး အချင်းချင်းကြည့်မိကြ၏။ ပြီးတော့ နားမလည်ဟန်နှင့်…

'ဘာ ရှင်လူလဲ၊ ရှင်းရှင်းပြောစမ်းကွာ ဝေ့နေဝဲမနေနဲ့'

'ရှင်လူဆိုတာ နွဲ့နှောင်းကို ပြောနေတာ ဦးလေးကိုဖိုးနီရဲ့သမီး နွဲ့နှောင်းကို ပြောတာ၊ သူ့တစ်ယောက်တည်းထားခဲ့ဖို့ မဖြစ်နိုင်လို့ ရန်ကုန်ခေါ်ခဲ့ရမှာတဲ့၊ ဟုတ်လည်း ဟုတ်တာပဲ၊ နွဲ့နှောင်းလေး သနားပါတယ်'

'ဘာ… ဘာပြောတယ်'

အာကာ၏ အထိတ်တလန့်နှင့် အော်ကြီးဟစ်ကျယ်အမေးကို ယံယံက မျက်လုံးပြူးမျက်ဆံပြူးနှင့် အလောတကြီးတားသည်။

'အို… ကိုကြီးကလည်းလို့ တိုးတိုးပြောပါလို့ ကြီးနွဲ့တို့ကြားသွားရင် အားနာစရာကြီးလို့'

'ကြီးနွဲ့က နွဲ့နှောင်းကို ခေါ်လာမယ် ဟုတ်လား'

'အင်းလေလို့'

'ဟာ… ဖြစ်မလားကွ'



ကိုကြီးက သဘောမတူသလို လေသံထွက်လာတော့ ကိုလေးကပါ ရောယောင်၍ သံတူကြောင်းကွဲ ဝင်ပြော၏။

'ဟုတ်တယ် ခေါ်လာလို့ မဖြစ်ပါဘူး၊ မိန်းကလေးဆိုတော့ တာဝန်ကြီးတယ်၊ ပြီးတော့ လူတစ်ယောက်စားရိတ်ဆိုတာ နည်းမှတ်လို့'

'အရင်းဆုံးဆွေမျိုးဆိုလို့ ကြီးနွဲ့တစ်ယောက်ပဲ ရှိတော့တာလေ သူဘယ်လိုလုပ် မျက်နှာလွှဲခဲပစ် ထားခဲ့ရက်မှာလဲ… လို့'

'မဖြစ်ပါဘူးဟာ တကယ့်တောပုံ ဒိုက်ဖတ်ကြီးဟာကို'

'အေးလေ ပုံမလာပန်းမလာနဲ့'

'ပုံလာလာ မလာလာ ယံယံတို့နဲ့လည်း အမျိုးတော်တယ်လေ၊ ယံယံတို့မှာပါ တာဝန်ရှိတယ်လေ၊ ဟုတ်ဘူးလားလို့'

'အေး… အမျိုးတော်လို့ ပိုပြီးမခေါ်ချင်တာ၊ ဒီလို ပုံတုန်းကြီးကို ညီမဝမ်းကွဲပါလို့ ရန်ကုန်အသိုင်းအဝိုင်းမှာ ဘယ်လိုချပြရမှာလဲ ရှက်စရာကြီး မဖြစ်ဘူး'

'မှန်တယ် ငါတို့ သိက္ခာကျတယ်'

'မဟုတ်သေးပါဘူး ကိုကြီးတို့ရယ်၊ ကြီးနွဲ့ဆိုတာ ယံယံ လမ်းမလျှောက်တတ်ခင်ကတည်းက ယံယံတို့အားလုံးကို အမေအရင်းလို ပြုစုစောင့်ရှောက်ခဲ့တာလေ၊ အဲဒီ ကျေးဇူးတွေက နည်းသလားလို့'

'ကြီးနွဲ့ ကျေးဇူးကြီးတာတော့ မှန်ပါတယ်၊ ဒါပေမဲ့'

'ဟုတ်တယ် ဝေယံ၊ ကြီးနွဲ့ ကျေးဇူးကြီးတာနဲ့ နွဲ့နှောင်းကို ခေါ်သွားရမှာလား မဆိုင်လိုက်တာ'

ယံယံ ဘယ်လိုပြောပြော အာကာနှင့်တိမ်လွှာက အကြောက်အကန်ငြင်းနေကြဆဲပင် ဖြစ်၏။

'မဖြစ်ပါဘူးကွာ အရင်းအနှီးထုတ်ပေးပြီး ဒီမှာပဲ လုပ်စားခိုင်းလိုက်ပေါ့၊ ပိုက်ဆံဘယ်လောက်လိုမလဲ လှမ်းပို့ပေးလိုက်မယ်'

www.burmeseclassic.com

'ဟုတ်တယ် တောသူက တောမှာပဲ လုပ်ကိုင်စားသောက်တတ်မှာပေါ့'

'လုံးဝ ခေါ်မထားနိုင်ဘူးပေါ့ ဟုတ်လား'

'ဟုတ်တယ်'

လူသားချင်းစာနာထောက်ထားမှု မရှိဘဲ ဉာဏကာနန္ဒသင်္ဂဟောကို ပစ်ပယ်ကာ ပြောရက်သည့် အစ်ကိုများအား ယံယံ စိတ်ကုန်ပြီးဒေါပွသွား၏။

'နွဲ့နှောင်းကို လက်မခံဘူးဆိုရင် ကြီးနွဲ့လည်း ဒီမှာပဲ နေခဲ့မှာတဲ့'

ယံယံက အစ်ကိုတွေ ကြောက်လောက်သည့် အချက်ကို အညာကိုင်သလို ထုတ်ပြောလိုက်၏။

'ဟာ… အဲဒါတော့ ဖြစ်မလားကွ၊ ကြီးနွဲ့ရဲ့ စီမံကွပ်ကဲမှုနဲ့ စားဖို့ဆောင်လက်ရာတွေက အစားထိုးဖို့မှ မလွယ်တာ'

'ဒါဆို တန်ဘိုးသိမှပေါ့၊ နွဲ့နှောင်းကို ခေါ်ထားလို့ ဘာများနစ်နာစရာရှိလို့လဲ'

'အနေအထားက အရမ်းကွာတယ်လေ၊ ဟိုမှာ သူ ဘယ်လိုလုပ်နေတတ်မလဲ၊ အဆင့်မြင့်အီလက်ထရောနစ် ပစ္စည်းတွေကို သုံးတတ်မှာမဟုတ်ဘူး ဝေယံ'

'ချင်ပန်ဇီတောင် သင်ပေးလို့ ရသေးတာပဲ ကိုကြီးရယ်၊ သူက လူပါ'

'ဒီ တောသူမကြည့်ရတာ ထုံထုံအအနဲ့ကွ'

သူတစ်ပါးကို ချိုးချိုးဖဲ့ဖဲ့ ပြောလာသော အစ်ကိုနှစ်ယောက်အား ရွံရှာသွားမိသည်။ အဆင့်အတန်းခွဲချင်သော လူ လူချင်းနှိမ့်ချစော်ကားချင်သော အတွေးအခေါ် အယူအဆများကို ယံယံ လုံးဝလက်မခံပါ။



သို့နှင့်…

'နွဲ့နှောင်းကို ရန်ကုန်ခေါ်သွားပြီး နှစ်နှစ်အတွင်း အထက်တန်းလွှာလောကမှာ ဝင်ဆန့်သွားအောင် ယံယံ လုပ်ပြမယ် ဆိုရင်ကော'

ယံယံ စကားကြောင့် အစ်ကိုနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း မပြုံးဘဲနှင့်ဝါးလုံးကွဲ ရယ်လိုက်ကြ၏။

'ဟား… ဟား… ဟား… ဟား… ဟား…'

'ဘာရီတာလဲ'

'ဒီလောက် ရီစရာကောင်းတဲ့ စကားကြားရတာတောင်မှ မရီရတော့ဘူးလား ဝေယံ၊ မင်း ပြောတာလုံးဝ မဖြစ်နိုင်ဘူး၊ ကြောင်ကို ရေမှန်မှန်ချိုးဖို့ နားချရတာကမှ လွယ်လိမ့်ဦးမယ်'

'ဟား… ဟား… ဟား… ဟုတ်တယ် ဝေယံ၊ မင်းလည်း ဖာဂုဆန် မဟုတ်သလို နွဲ့နှောင်းလည်း ရှန်းနီ ဖြစ်လာမှာ မဟုတ်ဘူး၊ စိတ်ကူးယဉ်မနေနဲ့'

နွဲ့နှောင်းကိုသာမကပဲ သူ့ကိုပါ စော်ကားလာသော စကားဟုယူဆမိသဖြင့် ယံယံ ဒေါပွသွားသည်။ သို့နှင့် ခိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ…

'လောင်းမလား'

'ဘာ'

ယံယံ၏ စိန်ခေါ်စကားကြောင့် အာကာနှင့်တိမ်လွှာ လီမထင်သလို ပြုံးလိုက်ရင်း…

'နှစ် နှစ်အတွင်း ပြောင်းလဲပစ်မှာနော်'

'သိပ်ဟုတ်'

'တကယ်လို့ မအောင်မြင်ခဲ့ရင်ကော ဝေယံ'

'ရှင်းပါတယ် ကိုကြီးရာ၊ မအောင်မြင်ရင် ဒီကောင်နဲ့နွဲ့နှောင်းတို့ နှစ်ယောက်စလုံးကို အိမ်ပေါ်က နှင်ချလိုက်ပေါ့'

www.burmeseclassic.com

အာကာ၏အမေးကို တိမ်လွှာက ဝင်ဖြေရင်းလောင်းကြေးထပ်လိုက်၏။ အာကာက တိမ်လွှာ၏အကြံကို စဉ်းစားရင်း လက်ခံသဘောတူဟန်နှင့် ခေါင်းညိတ်လိုက်သည်။

'ဘယ်လိုလဲ ဝေယံ၊ တိမ်လွှာ ပြောတာ သဘောတူလား'

'တူတယ် သတ်မှတ်ကာလအတွင်း လုံးဝကို ပြောင်းလဲပစ်လိုက်မှာ မယုံမရှိနဲ့'

'ဝေယံ… ဝေယံ၊ မင်းလို ဟိုမရောက် ဒီမရောက်ကောင်ကများ ကတိတစ်လုံးကို လွယ်လွယ်ပေးရသလား တို့က ညီအစ်ကိုတွေဆိုပေမယ့် ပြောသလိုဖြစ်မလာရင် ညှာမှာမဟုတ်ဘူးနော်၊ လုံးဝနှင်ချမှာ အယူခံဝင်မယ် စိတ်မကူးနဲ့'

'စိတ်သာချ လုံးဝအသနားမခံဘူး၊ ယံယံ ရှုံးရင် နွဲ့နှောင်းကိုလက်ဆွဲပြီး ဒီအတိုင်းဆင်းသွားမှာ နှင်စရာတောင်မလိုဘူး သိလား'

'ကောင်းပြီ ဝေယံ၊ မင်းစကား မင်းမြဲမြဲမှတ်ထား တိမ်လွှာကကော ဝေယံပြောတာ ဘယ်လိုသဘောရလဲ'

'နှစ်နှစ်ပြည့်ရင် သူ့ဟာသူ ဆင်းသွားမယ်ဆိုမှတော့ တားစရာလား ကိုကြီးရာ အိုကေပဲ၊ ဟဲ… ဟဲ… ဟဲ'

အာကာနှင့်တိမ်လွှာက သဘောတူလိုက်သဖြင့် ယံယံ အားတက်ပြီး အပီထပ်ချုပ်လိုက်သည်။

'အားလုံးသဘောတူတယ်ဆိုရင် ယံယံ နွဲ့နှောင်းကို ခေါ်ခဲ့မယ်၊ နောက်မှ ဘာဘာညာညာ မပြောနဲ့ ဟုတ်ပြီနော်'

'ဟုတ်ပြီကွာ ဟုတ်ပြီ'

ညီအစ်ကိုတတွေ သဘောတူညီမှုရသွားသဖြင့် ယံယံ စိတ်သက်သာရာ ရသွားသလို နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း အဝတ်အစားများ သေတ္တာထဲသို့ ထည့်နေလိုက်၏။

ထိုသို့ ပြောဆိုငြင်းခုန် တိုင်ပင်နေကြပုံများအား သေချာနားစွင့်



ကြားသိသွားသော ကြီးနွဲ့မှာ မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနှင့် ဝိတိဖြစ်ပြီး ပြုံးလိုက်ရင်း တံခါးအကွယ်မှ အသာလှည့်ထွက်သွားတာကိုတော့ ယံယံတို့ ညီအစ်ကိုတွေ မသိလိုက်ကြပေ။

'ဪ… ယံယံ… ယံယံ၊ အင်မတန်မှ စိတ်ကောင်းရှိတဲ့ ကလေး ကြီးနွဲ့ အပူတွေကူငြိမ်းပေးလို့ ကျေးဇူးတင်ပါတယ် သားရယ်'

□ □ □

www.burmeseclassic.com

## အခန်း (၂)

တစ်သက်နှင့်တစ်ကိုယ် ညောင်လေးပင်နှင့် ရွှေဘုံသာရွာမှလွဲပြီး ဘယ်ကိုမှ မရောက်ဘူးသော နွဲ့နှောင်း အတွက်တော့ ကြီးနွဲ့နှင့်အတူ ရန်ကုန်သို့လိုက်ပါခွင့်ရခြင်းသည် ကြီးမားလွန်းသည့် စွန့်စားမှုတစ်ခုပင် ဖြစ်၏။

တစ်သက်လုံး နေလာခဲ့သည့် ရွှေဘုံသာရွာမှ တကယ်တမ်းခွဲခွာရမည်ဆိုတော့ နွဲ့နှောင်းစိတ်ထဲ ဘယ်လိုမှမကောင်း။ ပီနံအိတ်အသားနှင့်ချုပ်ထားသော လက်ဆွဲအိတ်ကလေး ဘေးမှာချပြီး အဘနှင့်အတူနေလာခဲ့သည့် အိမ်အိုလေးကိုကြည့်ကာ မျက်ရည်ဝဲနေ၏။

အနားတွင်လည်း ဖွေးတုတ်နှင့်အေးမိက ငုတ်တုတ်လေး လာထိုင်ကာ နှပ်တရှုပ်ရှုပ်နှင့် ရှိုက်နေကြ၏။

'နင် အလည်အပတ်လေး ဘာလေးတော့ ပြန်လာပါဦး နွဲ့နှောင်းရယ်'

'အေးပါဟယ်... အေးပါ၊ ဟယ်... ဖွေးတုတ်၊ ငါ... ငါ... ဟို... ဟိုလေ... ဟိုရန်ကုန်ကနေ ဒီကို ပြန်မလာတတ်ဘူးဟဲ့'

'ဟင်... သေလိုက်ပါတော့ နွဲ့နှောင်းရယ်'

နွဲ့နှောင်း အပြောကြောင့် ဖွေးတုတ်နှင့်အေးမိ အလွမ်းဇာတ်သိမ်းပြီး ရယ်ရမလို ငိုရမလို ဖြစ်သွားကြရ၏။



'ဒါ... ဒါဆိုလည်း စာရေးဟယ်နော်၊ စာလေးတော့ ရေးပေါ့'

'အေးပါဟယ် ရေးပါ့မယ်၊ အင်း... ဒါပေမဲ့ သူတို့အိမ်နဲ့ စာတိုက်က နီးပါ့မလား၊ ဘယ်လိုသွားရမလဲဆိုတာ ငါ မသိဘူးလေ'

'ဟင်... ဟုတ်သားပဲ၊ ကဲပါ... နွဲ့နှောင်းရယ် ပြန်လည်းမလာနဲ့ စာလည်းမရေးနဲ့ လူကြုံရှိမှပဲ အကျိုးအကြောင်းလေးသာ မှာလိုက်တော့ဟာ'

'အေးပါဟယ်... လူကြုံရှိရင်တော့ အကျိုးအကြောင်း၊ ဟယ်... လူကြုံဆိုလို့ ရွာနဲ့ရန်ကုန်က ကြီးနွဲ့ဆီ အသွားအလာရှိဘူးတဲ့ လူကြုံက ငါ့အဘလေ အခု အဘကဆုံးပြီဆိုတော့ လူကြုံဘယ်ရှိတော့မှာလဲ... ဟဲ့...'

ဒီတစ်ခါတော့ ဖွေးတုတ် ဘာမှမပြောခင် အေးမိက...

'ကိုင်း... ပြန်လည်းမလာနဲ့ စာလည်းမရေးနဲ့ လူကြုံလည်းမမှာနဲ့ တစ်ခါထဲသာ ဆွေခန်း မျိုးခန်း သူငယ်ချင်းခန်း ဖြတ်လိုက်တော့ နွဲ့နှောင်းရေ ဟုတ်ပြီလား၊ ကဲ... လာ ဖွေးတုတ် ပြန်မယ်၊ သူလည်း သွားတော့မှာ'

'အင်း... ဟုတ်တယ်၊ နွဲ့နှောင်း သွားတော့မယ်ဆိုလို့ စိတ်မကောင်းဖြစ်ပြီး လာနှုတ်ဆက်တာ သူ အူတူတူလုပ်နေတာနဲ့ လွမ်းချင်စိတ်တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး၊ ပြန်တာပဲကောင်းတယ်၊ သွားပြီ နွဲ့နှောင်းရေ သွားပြီ'

ကြီးနွဲ့ ရွာဦးကျောင်းသို့ ဆရာတော်အား နှုတ်ဆက်ကန်တော့ဖို့ သွားနေသဖြင့် ကားပေါ်မတက်သေးဘဲ စောင့်ဆိုင်းနေစဉ် နွဲ့နှောင်းအား သူငယ်ချင်းများ လာနှုတ်ဆက်နေကြခြင်းဖြစ်၏။

နွဲ့နှောင်းတို့တစ်သိုက် စကားပြော နှုတ်ဆက်နေကြပုံများအား ယံယံတို့ ညီအစ်ကိုတစ်တွေ အားလုံးကြားနေရ၏။ အာကာနှင့်တိမ်လွှာ

www.burmeseclassic.com

တို့က ကြားရသော အပြောအဆိုများကြောင့် နွဲ့နှောင်းအပေါ် အထင်သေးအမြင်သေးနှင့် ရယ်ချင်ပက်ကျိ ဖြစ်နေကြသည်။

ဒါကို ရိပ်မိသော ယံယံက သူ့ အစ်ကိုနှစ်ယောက်ကို မျက်စောင်းထိုးပြီး နှုတ်ခမ်းစူပြလိုက်၏။

ထိုစဉ် ကြီးနွဲ့ ပြန်ရောက်လာသဖြင့် သွားဖို့လာဖို့ ပြင်ဆင်လိုက်ကြသည်။ အစ်ကိုနှစ်ယောက်က တစ်လှည့်စီကားမောင်းကြသည်မို့ ရှေ့ခန်းတွင်ပင် ထိုင်ကြသည်။ ကြီးနွဲ့ ယံယံနှင့်နွဲ့နှောင်းက နောက်ခန်းမှာ ထိုင်ကြ၏။

နွဲ့နှောင်းက သူ့ အဝတ်အစား အိတ်ပေါင်ပေါ်တင်ပြီး ကျုံ့ကျုံ့လေးထိုင်နေရှာသည်။ ကားက တိုယိုတာဆာ(ဖ်)မို့ သုံးယောက်ထိုင်ရသော်လည်း သက်တောင့်သက်သာ ရှိ၏။

ရွာအထွက်လမ်းမှာပင် ကားကလှုးလိုက်လွန့်လိုက် ချိုင့်ထဲကျလိုက် ကမူပေါ်ထိုးတက်လိုက်နှင့်မို့ ကားထဲတွင် ခလောက်ဆန်နေလေသည်။ နွဲ့နှောင်းမှာ ကားမစီးဖူးသည်က တစ်ကြောင်း၊ ယိမ်းထိုးနေသည်က တစ်ကြောင်း၊ အလုံပိတ်ပြီး အဲကွန်းဖွင့်ထားသည်က တစ်ကြောင်းတို့ကြောင့် ကားမူးနေဟန်ရှိ၏။

ချွေးစေးများကျလာရင်း ပါးစပ်ကို လက်နှင့်အုပ်ထားရှာသည်။ ဒါကို ရိပ်မိသော ယံယံက ဟိုက်ဒရောလစ်ကားမှန်ကို ခလုတ်လှမ်းနှိပ်၍ ချပေးလိုက်၏။

သို့သော် အချိန်မမီတော့ နွဲ့နှောင်း မထိန်းနိုင်တော့ဘဲ အန်ချလိုက်တော့သည်။ ကားတံခါးအတွင်းဘက်နှင့် ရှေ့ထိုင်ခုံနောက်ကျောတွင် မြင်မကောင်းရှုမကောင်း ဖြစ်တုန်သည်။

ကားရပ်ခိုင်းပြီး ကြီးနွဲ့က ရေဘူးနှင့်ဆေးချ၍ သန့်ရှင်းရေးလုပ်ပေးရှာ၏။ အာကာနှင့်တိမ်လွှာက အံတကျိတ်ကျိတ်၊ မျက်စောင်းတခဲခဲ။

ယံယံလည်း နွဲ့နှောင်းကို ကျောသပ်ပေး၍ ထပ်အန်စေသည်။



ပါလာသော အာဘထရှုဆေးလည်း ရှူခိုင်းရ၏။ ပစ္စည်းပစ္စယ တိုလီမုတ်စများ ထည့်လာသော ကြွပ်ကြွပ်အိတ်များကို ရှာရဖွေရသည်။ နောက်ထပ် အန်လိုက ထပ်အန်နိုင်အောင် နွဲ့နှောင်းအား ကြွပ်ကြွပ်အိတ်များ ပေးထားရ၏။

အားလုံးပြင်ဆင်ပြီးမှ ကားဆက်ထွက်ရသည်။ ကတ္တရာလမ်းပေါ်အရောက် ကားငြိမ်သွားသော်လည်း နွဲ့နှောင်း သက်သာဟန်မရှိ။

'ကိုကြီး အဲကွန်းပိတ်လိုက်'

'ဘာလို့ ပိတ်ရမှာလဲ၊ ဒီလောက် ပူလောင်အိုက်စပ်နေတာကို'

'အဲကွန်းပိတ်ပြီး ပြတင်းတံခါး မှန်ချပေးလိုက် ဒါမှ နွဲ့နှောင်း အမူးသက်သာမှာ'

'ဟာ… ရှုပ်ရှုပ်ယှက်ယှက်ကွာ'

'ရှုပ်ရှုပ်ယှက်ယှက်ဆို ဒီတစ်ခါ နွဲ့နှောင်း အန်ရင် ကိုကြီးတို့ လာကြုံးပေးမလား'

'တောက်'

အန်ဖတ်ကြုံးမလား မေးမှပင် ကိုကြီးတို့ အဲကွန်းပိတ်ပြီး မှန်ချကြ၏။

နွဲ့နှောင်းလိုက်လာလို့ မကြည်ဖြူရသည့်အထဲ အန်ဖတ်ကိစ္စပါကြုံတော့ အစ်ကိုတွေ မျက်နှာက ပုဏ္ဏကလိုလို၊ ဒဿဂီရိလိုလို ဖြစ်ကုန်ကြ၏။ သူတို့ကိုကြည့်ပြီး ယံယံက သဘောကျနေသည်။

ကြီးနွဲ့က အားတုံ့အားနာ ဖြစ်နေသလို နွဲ့နှောင်းမှာတော့ မျက်နှာမဖော်ရဲတော့ချေ။ အင်း… နွဲ့နှောင်း ဇာတ်လမ်းကတော့ စကတည်းက ယဉ်သကိုဆိုသလို ဖြစ်နေခဲ့ပြီ။

နွဲ့နှောင်းနှင့်ပတ်သက်၍ လောင်းကြေးစားကြေးကိစ္စ အဆင်မပြေပါ့မလားဟုတွေးရင်း စိတ်လေးသွားရ၏။ ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းကစခဲ့ပြီ မဟုတ်လား၊ စမိမှတော့ လမ်းဆုံးအောင် လျှောက်ရပေတော့မည်။

www.burmeseclassic.com

ညောင်လေးပင်နှင့်ရန်ကုန်ခရီးကို ဖြည်းဖြည်းဆေးဆေး မောင်းလာ၍ ငါးနာရီလောက်ကြာမှ အိမ်သို့ရောက်၏။

နွဲ့နှောင်းမှာ ကားပေါ်မှဆင်းပြီး ယံယံတို့ တိုက်ကြီးနှင့်ခြံဝင်းကိုကြည့်ကာ တအံ့တဩဖြစ်နေရှာသည်။ ကြီးနွဲ့နှင့်ယံယံ တွဲပြီး ခေါ်လာတာတောင် အိမ်ထဲကပါကေးခင်းထားတာကို မနင်းရဲသဖြင့် တရွတ်တိုက်ကြီး ပါလာ၏။

ကြီးနွဲ့ အခန်းတွင်ပင် နွဲ့နှောင်းအား နေရာချထားပေးခဲ့သည်။

'ကဲ… နွဲ့နှောင်း၊ ဘာမှအားမနာနဲ့နော်၊ ဒီမှာ နေသားထိုင်သားကျတာနဲ့ ယံယံနဲ့နွဲ့နှောင်း လုပ်စရာတွေ အများကြီးပဲသိလား'

'ဟုတ်ကဲ့ပါ ကိုယံ'

'ကြီးနွဲ့ လောလောဆယ် ဒီအိမ်ရဲ့ အလေ့အထလေးတွေနဲ့ စည်းကမ်းတွေ ရှင်းပြထားလိုက်ပါနော်'

'စိတ်ချပါ ယံယံရယ်၊ ကြီးနွဲ့ အကုန်ပြောပြထား လိုက်ပါ့မယ်'

'ဒါဆို ယံယံ သွားနားလိုက်တော့မယ်နော်'

ကြီးနွဲ့တို့ကို နှုတ်ဆက်ပြီး ထွက်လာသောအခါ ညှော်ခန်းတွင် ကိုကြီးတို့နှင့်ဆုံ၏။

'ဟော့ကောင်… နွဲ့နှောင်း ဒီအိမ်မှာနေမယ်ဆိုရင် ငါတို့ မျက်စိမနောက်အောင် မင်း ဂရုစိုက်ထားနော်'

'စိတ်ချ… စိတ်ချ၊ အဲဒါအတွက် ဘာမှပူမနေနဲ့'

အာကာနှင့်ဝေယံ အပြန်အလှန်ပြောပြီးတော့ တိမ်လွှာက သတိပေးပြန်သည်။

'ဝေယံ… နှစ်နှစ်ဆိုတာ မင်း သတ်မှတ်တဲ့အချိန်နော်၊ ဘာမှဖြစ်မလာလို့ကတော့ ဟင်း… ဟင်း… ဟင်း'



'အဲဒီအတွက်လည်း စိတ်ချ ကိုလေး ယံယံက ကတိတစ်လုံးကို အသက်လိုတန်ဖိုးထားပြီး အရှက်နဲ့ လူလုပ်နေတာပါလို့'

'အေးပါ… အေးပါ၊ စောင့်ကြည့်နေမှာနော်'

'ကြည့်… ကြည့်၊ စောင့်ပဲကြည့်ကြည့် မစောင့်ဘဲနဲ့ကြည့်ကြည့် ကြိုက်သလိုသာကြည့်၊ မျက်တောင်တော့ မခတ်နဲ့နော်၊ မျက်ခြည်ပြတ်သွားရင် အံ့အားသင့်စရာတွေ ဖြစ်ကုန်မှာမို့လို့'

'အေးပါကွာ၊ မင်းပါ အိမ်က မဆင်းရအောင် ကြိုးစားစမ်းပါ ဝေယံရာ'

ယံယံ နှုတ်ခမ်းစူ ခြေဆောင့်ပြီး ထွက်လာခဲ့တော့၏။

❐ ❐ ❐

ယံယံ ခေါ်ထား၍ အလုပ်ခန်းထဲရောက်နေသော နွဲ့နှောင်းမှာ သူတို့ပြောနေကြသော စကားများကို နားမလည်၍ အူကြောင်ကြောင် ဖြစ်နေ၏။

ယံယံ့သူငယ်ချင်းဖြစ်မည်ထင်သော ထိုအခြောက်မက ယံယံ ထက်ပင် မိန်းမနှင့်တူသေး၏။

သို့သော် အသားမည်းပြီး အလွန်အကျံပြင်ဆင်ထားသဖြင့် မိန်းမပျက်တစ်ယောက်နှင့် ပိုတူနေလေသည်။

'သော်သော်… ညည်းရော အလုပ်အဆင်ပြေရဲ့လား'

'ပြေပါတယ် ယံယံရယ်၊ ခုဆို သော်သော်က မာမီဉာဏ်ရဲ့

www.burmeseclassic.com

လက်စွဲဖြစ်နေပြီလေ၊ အခု လောလောဆယ်တော့ လူသိများအောင် ရှုတင်လိုက်ပြီး မင်းသမီးတွေကို ပြင်ပေးနေတာ၊ မင်းသမီး တော်တော်များများနဲ့ တွဲပြီးရင်တော့ ကိုယ်ပိုင်ဆိုင်ခွဲ ဖွင့်တော့မယ်လေ'

'ကောင်းတယ်… သော်၊ ဒါမှ မာမီကြီး ခင်စန်းဝင်းတို့လို နာမည်ရပြီး လူလေးစားခံရမှာ'

'စော်တကဲတ် ချော်တက'

ယံယံ သူငယ်ချင်း သော်သော်က နွဲ့နှောင်းကိုကြည့်ရင်း…

'ယံ သူက ဘယ်သူလဲဟင်… လို့'

'သူလား သူက နွဲ့နှောင်းတဲ့၊ နှစ်ဝမ်းကွဲညီမပေါ့ ဒီမှာနေမှာလေ ကြီးနွဲ့ရဲ့တူမအရင်း'

'ဪ'

'နွဲ့နှောင်းရေ ကြီးနွဲ့ ဈေးကပြန်လာပြီ၊ သွားကူလိုက်ဦးနော်'

'ဟုတ်ကဲ့ ကိုယံ'

နွဲ့နှောင်း ထွက်သွားသည်ကို လှမ်းကြည့်ပြီး အတော်ဝေးဝေး ရောက်သွားမှ ယံယံက စကားစ၏။

'သော်… နွဲ့နှောင်းကို ဘယ်လိုမြင်လဲ'

'တင်တင်အေး ကျနေတာပဲ ယံရယ်'

'ဘယ် တင်တင်အေးလဲ မုန့်ဟင်းခါးလား'

'ဟယ်… ယံရယ်၊ ဘယ်က မုန့်ဟင်းခါးရမှာလဲ၊ ဖျာပုံမယ် တင်တင်အေးကိုပြောတာ ဒီလို စထရက်ချာမျိုး ရွှေဘတို့ ကျော်ဆွေတို့ သိပ်ကြိုက်တာပေါ့'

'အင်း… စိတ်ညစ်ပါတယ် သော်ရယ်'

'ဟင်… ဘာဖြစ်လို့ စော်တကဲတ်က ညော်တကစ်ရ ပြန်တာလဲ ယံရယ်၊ ပြောစမ်းပါဦး'

ယံယံက သော်သော့်အား နွဲ့နှောင်း၏ ဘဝနှင့်လောင်းကြေး



စားကြေးလုပ်ပြီး ခေါ်လာရပုံအထိ သေချာပြန်ပြောပြလိုက်၏။ ယံယံ့ စကားကြောင့် သော်သော် မျက်လုံးပြူးသွားသည်။

'ဟယ်… ယံယံ၊ ဘာလို့ အဲသလို ကတိတွေပေးပြီး လောင်းခဲ့ရတာလဲ၊ ဒီလိုဟာမျိုးကြီးကို ခုခေတ် မော်ဒယ်(လ်)တွေလို ပိန်တာရိုးဘော်ဒီဖြစ်အောင် ပြောင်းချင်ရင် အသားတွေဓားနဲ့လှီးပစ်မှပဲ ရမယ်'

'ကူညီပါဦး သော်ရယ်'

ယံယံက ငိုမဲ့မဲ့လေးနှင့်ပြောလာတော့ သော်သော် ဆံပင်များကို ထိုးဖွလိုက်ရင်း အသည်းအသန် စဉ်းစားပေးရှာသည်။

'ဒီလိုလုပ် ယံ၊ ပထမဆုံး သူ့ ဘော်ဒီကို တစ်ဝက်လောက် စားပစ်လိုက'

'ဘယ်လိုစားမလဲ'

'ဘော်ဒီ ဖစ်(တ်)နက်(စ) ကိရိယာတွေသုံးပေါ့'

'ဟုတ်ပြီ… အဲဒါတော့ အဆင်ပြေတယ်၊ အိမ်မှာလည်း ပစ္စည်းစုံရှိတယ်'

'ပြီးရင် မိတ်ကပ်ပိုင်းကတော့ သော် ရှိပါတယ်၊ ဟဲ(ယ်) စတိုင်(လ်)ပါ ပြောင်းပေးလိုက်ရင် ဖြစ်နိုင်ခြေရှိတယ်၊ ဒါက အပေါ် ယံနော်၊ သူ့ ပညာအရည်အချင်းကရော'

'ဆယ်တန်း အောင်ပြီးပြီ'

'ဒါဆို အဝေးသင်နဲ့ကျောင်းတက်ခိုင်း အိမ်မှာကွန်ပျူတာ သင်ပေး'

'အင်း'

'ဒါက ဘရိန်းကို ရှိုင်းနင်းလုပ်တာ'

'ဟုတ်ပြီ ပြီးတော့ကော'

'အင်း… သော်လည်း မစဉ်းစားတတ်တော့ဘူးကွာ'

'အင်းလေ… လောလောဆယ်တော့ သော် ပြောသလိုလုပ်ရ

www.burmeseclassic.com

မှာပဲ ကျန်တာတော့နောက်မှ မီးစင်ကြည့်ပြီး လော်တကုပ်တော့မယ် ဟယ်'

'ဟူး… ယံ အကြောင်းတွေကြားရတာ မော်တကောလိုက်တာ အောင်ကောအောင်မြင်ပါ့မလား'

'ဖြစ်အောင်တော့ လုပ်ရမှာပဲ. သော်'

ယံယံနှင့်သော်သော်တို့ နည်းလမ်းရှာရင်း ခေါင်းစားသွား ကြသဖြင့် အအေးသောက်ရင်း နားနေလိုက်ကြ၏။ ထိုစဉ်…

'ယံယံ… ဒီဝတ်စုံနှစ်ထည် လက်ချုပ်ကော ဓားစက်ပါ လိုက်ပြီးပြီ၊ ဘော်ကြယ်က ယံယံ ကိုယ်တိုင်ထိုးမှာလား'

'အင်း… ထားခဲ့လေ၊ ကိုယ်တိုင်ပဲလုပ်လိုက်မယ်၊ အဲဒီ မမကြီးက သိပ်ချေးများတာ၊ ဟို… မင်္ဂလာဆောင်အင်္ကျီကိုပဲ အပြီး သတ်လိုက်တော့'

'ဟုတ်ကဲ့ ယံယံ'

ယံယံက စက်ချုပ်သမများကို ညွှန်ကြားပြီး အလုပ်စားပွဲ ထိုင်ရန် ပြင်လိုက်၏။ ပွဲတက်အဝတ်အစား တစ်စုံအတွက် ပုံကြမ်း ထုတ်ရန် ဟိုခြစ်ဒီခြစ် ခြစ်နေလိုက်သည်။ သော်သော် ပျင်းလာသည် ထင်၏။

'ကဲ… ယံ၊ သော် လော်တကိမ့် လိုက်ဦးမယ်၊ အသော်တ ကစ်ရဲ့ ချော်တကိန်းထားလို့ သိလား'

'ဟုတ်ပြီ သော်၊ အလုပ်ကများရတဲ့ကြားထဲ နွဲ့နှောင်းကိစ္စက တစ်မှောင့်ဖြစ်နေတာလေ၊ ယံ့ကို တစ်ယောက်ထဲ ပျော်တကစ် မထား နဲ့နော်လို့'

'အင်းပါ ထူးရင်ဖုန်းဆက် အလုပ်ပဲလုပ်မနေနဲ့နော်၊ သူငယ် နဲ့လည်း ဒိတ်လုပ်ဦး သိလား'

'ဟင်း… ဟင်း၊ သော်ပဲ ပျော်ပါကွယ် ယံက. သူငယ်ကို လုံးဝစိတ်မဝင်စားဘူး'



'အမယ် အပြောမကြီးနဲ့နော် တကယ်သာ စော်တကားကြည့် ပါလား၊ တစ်ခါထဲ စော်တကွဲ သွားမယ်သိလား'

'အမလေး… လေး ပြောပုံကိုက အသော်တကဲတွေ ယော်တ ကားလိုက်တာ ဟင်း… ဟင်း… ဟင်း… သွား'

'သွားပြီ ယံရေ သွားပြီ၊ သော်တကွားပြီ'

သော်သော်က နှုတ်ဆက်ပြီး အိုးကလေးကို ခါနေအောင် လှုပ်ရမ်းရင်းထွက်သွားတော့၏။ သော်သော် သွားမှပဲ အလုပ်ထဲစူးစူး နစ်နစ် အာရုံစိုက်မိသည်။ စိတ်ဝင်စားသွားတော့လည်း ခဏလေးနှင့် ပွဲတက်အင်္ကျီဒီဇိုင်းတစ်ခု စိတ်တိုင်းကျရသွား၏။

အလုပ်တစ်ခုပြီးသွားတော့ နွဲ့နှောင်းကိစ္စက ခေါင်းထဲဝင်လာ ပြန်သည်။ သို့နှင့် နွဲ့နှောင်းအတွက် လုပ်ပေးရမည့် အစီအစဉ်များကို စာရွက်ပေါ်တွင် တန်းစီ၍ ချရေးလိုက်၏။

'ဟူး… တကယ်မောရပါလား နွဲ့နှောင်းရယ်'

□ □ □

ယံယံနှင့်နွဲ့နှောင်း ကျီးကန်းများနှင့်အတူ အိပ်ရာထခဲ့ကြ၏။ စောစောစီးစီးတွင်ပင် တိတ်တိတ်ဆိတ်ဆိတ်နှင့် နွဲ့နှောင်းအား မောင်း တော့သည်။ လမ်းလျှောက်အပြေးကျင့်စက်ပေါ်မှ နွဲ့နှောင်းမှာ နဝေ တိမ်တောင်နှင့် ချွေးစို့နေရှာ၏။

ယံယံက နာရီကိုကြည့်ရင်း မညှာမတာခိုင်းသည်။ အလေ့ အကျင့်မရှိသေးသော နွဲ့နှောင်း လျှာအတောင့်လိုက် ထွက်နေ၏။

စက်၏ပြေးလမ်းပေါ်မှ နွဲ့နှောင်း ခြေထောက်များ တဲဆတ် ဆတ်တုန်ကာ ပြိုလဲတော့မလို ဖြစ်နေပြီ။ ယံယံက ပြေးစက်ခလုတ်ကို အချိန်မီပိတ်လိုက်၍သာ ဒုက္ခမရောက်ခြင်း ဖြစ်သည်။

'နွဲ့နှောင်း သိပ်မောသွားလား၊ အကျင့်မရှိသေးလို့ပါကွယ် နောက်တော့ အဆင်ပြေသွားမှာပါ'

www.burmeseclassic.com

'ဟုတ်… ဟုတ်ကဲ့ ကိုယံ'

'နွဲ့နှောင်း အခု လုပ်နေကိုင်နေရတာတွေဟာ နွဲ့နှောင်း အတွက်ဆိုတာ နားလည်ထားပါနော်'

'ဟုတ်'

နွဲ့နှောင်းကို ရေတိုက်ပြီး ခဏနားခိုင်းရသည်။ နွဲ့နှောင်း နားနေစဉ် ပက်လက်လှန်အိပ်၍ အလေးမရသောစက်ကို စမ်းသပ်ကြည့်၏။ နွဲ့နှောင်း မျက်လုံးပြူးနေပြီ။ သို့သော် ညာတာပေးဖို့ မစဉ်းစားတော့။

'နွဲ့နှောင်း ဒါလေးနဲ့ ဆယ်မိနစ်လောက် ကစားလိုက်ဦးနော်'

'ရှင်'

'ကစားလိုက်ပါ နွဲ့နှောင်းရယ်၊ လာ… လာ'

ဒီအိမ်မှာ သူ့ကို ကြည်ကြည်ဖြူဖြူနှင့်ဆက်ဆံသည့် တစ်ဦးတည်းသောလူသား ယံယံ၏ စကားကို မပယ်ရှားချင်သော်လည်း ခန္ဓာကိုယ်က မဟန်နိုင်တော့။ ယံယံကို အားနာစိတ်နှင့်ထရပ်လိုက်ရာ တုန်နေသောဒူးကြောင့် မတ်မတ်ရပ်၍မရ။

ယံယံက နွဲ့နှောင်းကိုတွဲပြီး စက်ပေါ်လှဲအိပ်ခိုင်းလိုက်၏။

'မလုပ်လို့မဖြစ်ဘူးလား ကိုယံရယ်'

'မဖြစ်လို့ပါ နွဲ့နှောင်းလေးရယ်၊ ယံယံနဲ့နွဲ့နှောင်း ရှင်သန်တင်ကျန်ရစ်ခဲ့အောင် မဖြစ်မနေလုပ်ဖို့ လိုအပ်လို့ပါ'

နွဲ့နှောင်း သက်ပြင်းကိုသာချလိုက်ရင်း ပက်လက်အနေအထားနှင့် အလေးတပ်ထားသော စတီးဝင်ရိုးကို ဆုပ်ကိုင်လိုက်ရတော့သည်။ ယံယံက နာရီကိုသာ ကြည့်နေ၏။

အလေးတပ်ထားသည့် ဝင်ရိုးကြီးက နွဲ့နှောင်း ရင်ဘတ်ပေါ်ပိကျလာလိုက် ပြန်တွန်းတင်လိုက်နှင့် ခေတ်ပေါ်ငရဲကြီးများထဲမှ အလေးမငရဲတွင် ငရဲကျသလို ခံစားနေရတော့သည်။ လက်ဖျံတို့ တဆတ်ဆတ်တုန်လာသည်အထိ တံတောင်ဆစ်တို့ ယိုင်နဲ့လာသည်



အထိ မရပ်မနားတွန်းတင်နေရ၏။ နောက်ဆုံးဘယ်လိုမှ မမတင်နိုင်တော့ဘဲ အလေးကရင်ဘတ်ပေါ် ပိကျလာတော့သည်။

'အား… အစ်… အစ်၊ ကို… ကိုယံ… ကိုယံ လုပ်ပါဦး… အား'

နာရီကို တွင်တွင်ငုံ့ကြည့်နေသော ယံယံ လှည့်ကြည့်လိုက်တော့ နွဲ့နှောင်း မျက်ဖြူဆိုက်နေချေပြီ။

'ဟယ်… နွဲ့နှောင်း'

စိုးရိမ်သွားသော ယံယံ ပြေးလာပြီးကူညီရာ ထူပူနေသဖြင့် ကူညီရာမရောက်ဘဲ လည်ပင်းတက်ဖိထားသလို ဖြစ်နေ၍ မခံနိုင်တော့သော နွဲ့နှောင်းမှာ ခြေထောက်နှစ်ချောင်းပင် မြောက်တက်ကာ ယောက်ယက်ခတ်နေလေတော့၏။

'ကိုယံ… ကိုယံ၊ မဖိနဲ့… အား… မ… မပြီး ဖယ်လိုက်'

'ဟင်… ဩော်… အေး… အေး'

ထိုအခါမှ ယံယံ၏ ကူညီမှုက ထိရောက်သွားတော့သည်။ ဘေးနှစ်ဖက်မှ တိုင်တွင်ရှိသောချိတ်တွင် အလေးဝင်ရိုးကို ပြန်ချိတ်ထားလိုက်ပြီး နှစ်ယောက်လုံး မောနေကြတော့သည်။

'ဆော… ဆောရီးပဲ နွဲ့နှောင်းရယ်၊ သိပ်နာသွားလားဟင်'

'ရ… ရပါတယ် ကိုယံ၊ ကိစ္စမရှိပါဘူး'

'ဒါဆို ခဏနားလိုက်ဦးနော်'

ယံယံက နွဲ့နှောင်းအား သက်တောင့်သက်သာနားခိုင်းပြီး ဝရန်တာမှ ပြေးဆင်းသွားသည်။ ဆင်ဝင်အပေါ်တည့်တည့်တွင်ရှိသော ဝရန်တာဆောင့် နေရာလွတ်တွင် ဒီ အားကစားပစ္စည်းများ ရှိနေတာဖြစ်သည်။

နွဲ့နှောင်းမှာ တောကရောက်လာသည့် သူမအား ဘာကြောင့် ဒီလို လုပ်ခိုင်းနေမှန်း စဉ်းစားမရဖြစ်နေ၏။ ဒီလို ပစ္စည်းတွေကို ဗီဒီယိုကားထဲမှာ မင်းသမီးတွေ ကစားကြတာသာ တွေ့ဖူး၏။ တကယ်

www.burmeseclassic.com

တမ်း ကိုယ်တိုင်ကစားကြည့်ရတော့မှ မလွယ်ကူမှန်း သိလာရသည်။

နွဲ့နှောင်း စိတ်ပျက်လက်ပျက်နှင့် ခေါင်းရမ်းပြီး သက်ပြင်းချမိလိုက်စဉ် ယံယံက အငွေ့တထောင်းထောင်း ထနေသော ခွက်နှစ်ခွက်ယူပြီး ပြန်တက်လာ၏။

'ရော့... နွဲ့နှောင်း၊ အိုဗာတင်းလေး သောက်လိုက်ဦး'

'ဟုတ်ကဲ့... ကိုယံ'

ဒီလိုတော့လည်း ငါ့ကို ဂရုစိုက်သားပဲဟုတွေးပြီး နွဲ့နှောင်း စိတ်သက်သာရာရသွား၏။ အိုဗာတင်းပူပူလေးကို မှုတ်သောက်ရင်း ယံယံအား အကဲခတ်နေလိုက်သည်။ ယံယံက စာအုပ်တစ်အုပ်ကို လှန်ကြည့်လိုက် နာရီကြည့်လိုက်နှင့် အလုပ်ရှုပ်နေ၏။ ပြီးမှ ခေါင်းကို ခါရမ်းရင်း...

'နွဲ့နှောင်း သောက်ပြီးခဏနေရင် ကြိုးခုန်လိုက်ဦးနော်၊ အဟင်း... ဆယ်မိနစ်ထဲပါ'

'ရှင်... ကြိုးခုန်ရဦးမယ်၊ ဟုတ်လား ကိုယံရယ်'

'အဟဲ... ဆယ်မိနစ်လောက်ပါ၊ ရသေးတယ် မဟုတ်လား၊ လုပ်ပါ နွဲ့နှောင်းရယ်၊ ဒါပြီးရင် ပြီးပါပြီ'

နွဲ့နှောင်း စိတ်ညစ်သွားပြီး အိုဗာတင်းအား သေဆေးလိုသဘောထား၍ တစ်ကျိုက်ထဲ မော့ချလိုက်တော့၏။ ပြီးမှ မရဲတရဲနှင့်...

'မသိလို့ တစ်ခုလောက် မေးပါရစေ ကိုယံ၊ နွဲ့နှောင်း ဒီမှာနေခွင့်ရဖို့အတွက် ဒီကိစ္စတွေကို မဖြစ်မနေလုပ်မှ ရမှာလား'

နွဲ့နှောင်း အမေးကြောင့် ယံယံ စိတ်လေးစွာဖြင့် သက်ပြင်းချလိုက်ရင်း ဇာတ်ကြောင်းစုံကို ပြန်ပြောရပြန်သည်။ နွဲ့နှောင်းမှာ မယုံနိုင်သလို မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေရှာ၏။

'အဲဒါ... အဲဒါကြောင့်လေ ယံယံက နွဲ့နှောင်းကို သူတို့အထင်ကြီးလေးစားလောက်တဲ့ အဆင့်အထိ ပုံပြောင်းပစ်ချင်လို့လေ၊ အဲဒါပါ... ဟင်း... ဟင်း'



အံ့သြကုန်နိုင်ဖွယ်သော ဖြစ်ရပ်မှန်ဇာတ်လမ်းကို ကြားလိုက်ရတော့ နွဲ့နှောင်း ရင်ထဲမှမာနစိတ်လေး ခေါင်းထောင်ထလာ၏။ အံကိုမသိမသာကျိတ်လိုက်ရင်း...

'ကောင်းပါပြီ ကိုယံ၊ ဒါကြောင့် ကိုယံက ရှင်သန်တင်ကျန်ရစ်အောင်ဆိုတဲ့ စကားလုံးကို သုံးခဲ့တာကိုး၊ နွဲ့နှောင်း သဘောပေါက်ပါပြီ ကိုယံ၊ နွဲ့နှောင်းကြောင့် ကိုယံ အိမ်ပေါ်က ဆင်းရတဲ့အဖြစ်မျိုး ဘယ်တော့မှ မရောက်စေရပါဘူး၊ စိတ်ချထားလိုက် ကိုယံ'

နွဲ့နှောင်းမှာ မာနနှင့်မခံချင်စိတ်တို့ အကူအညီဖြင့် မားမားမတ်မတ် ထရပ်လိုက်၏။ ကြိုးကိုဆွဲယူရင်း စတင်ခုန်လိုက်သည်။ ယံယံက အားတုံ့အားနာဟန်နှင့် နာရီကိုသာ ငုံ့ကြည့်နေရှာ၏။

ကိုကြီးနှင့်ကိုလေးတို့၏ မျက်နှာများကို မြင်ယောင်ရင်း မိမိကို တောသူမ အနံ့အအမလို သဘောထားကာ လူရာမသွင်းချင်သည့် ဒင်းတို့ နှစ်ယောက်စလုံး နောင်တရသွားစေရမည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။

❐ ❐ ❐

www.burmeseclassic.com

## အခန်း (၃)

သနပ်ခါးကို ခပ်ထူထူလေး ဘဲကြားလိုက်ပြီး ဆံပင်ကိုသိမ်း၍ ခေါင်းစည်းကြိုးတစ်ခုနှင့် ချည်နှောင်လိုက်ခြင်းဖြင့် အလှပြင်မှုကို အဆုံးသတ်လိုက်သည်။ ယံယံနှင့်တိုင်ပင်ကာ တမင်ကလာ ရွေးချယ်ဝယ်ယူလာသော ရှပ်အင်္ကျီအကွက်လက်ရှည်တစ်ထည် ကောက်စွပ်လိုက်၏။

ထဘီက တရုတ်ပွင့်ရိုက်ဆိုတော့ ပြင်ဆင်ပြီးသွားသောအခါ တကယ့်တောသူမ အဒေါ်ကြီးတစ်ယောက်လို ဖြစ်သွားသည်။

သတ်မှတ်ကာလ ရောက်သည်အထိ ကိုကြီးနှင့်ကိုလေးအား နွဲ့နှောင်း၏ စိတ်ပျက်စရာရုပ်သွင်ကိုသာ မြင်တွေ့စေရမည်ဟု ဆုံးဖြတ်ထားခဲ့ကြသည်။ မဟုတ်လား။

မှန်ထဲမှ သူမ၏ စိတ်ပျက်စရာရုပ်သွင်ကို ကျေနပ်စွာရှုစားရင်း မှန်ရှေ့မှထလိုက်၏။ ကြီးနွဲ့ရှိရာ မီးဖိုချောင်သို့အလာတွင် အိပ်ရာထပြီး မျက်နှာသစ်နေကြပြီဖြစ်သော ကိုကြီးနှင့်ကိုလေးကို တွေ့ရသည်။

နွဲ့နှောင်း ဒီအိမ်ကိုရောက်တာ တစ်လပြည့်တော့မည်။ နှစ်နှစ်အတွင်းဟူသော ရည်မှန်းချက်နှင့် မနက်စောစော အားကစားလုပ်ခြင်းကို ရက်မပျက်စေရန် အထူးကြိုးစားခဲ့ရ၏။



ယံယံကတော့ အတော်ကိုယ်ရေစစ်လာသည်ဟု အားပေးရှာသည်။ ဘယ်လိုပဲပြောပြော နွဲ့နှောင်းက သူ့လေ့ကျင့်မှုကို လုံးဝမလျှော့တော့ ပို၍တိုးတိုးလာခဲ့သည်။ ထိုသို့ အားကစားလုပ်ရသည်ကိုလည်း တစ်စထက်တစ်စ စွဲလမ်းလာခဲ့ပြီ မဟုတ်လား။

ဒီနေ့ မနက်လည်း အားကစားလုပ်ပြီးသည်နှင့် မီးဖိုချောင်ဝင်ကာ မနက်စောစာအတွက် ချက်ပြုတ်ပြင်ဆင်၏။ အားလုံးအဆင်သင့်ဖြစ်မှ ရေမိုးချိုးကာ သနပ်ခါးလိမ်းပြီး မီးဖိုချောင်သို့ နောက်တစ်ခေါက် ဝင်လာခြင်းဖြစ်သည်။

'ကြီးနွဲ့ ကိုကြီးတို့ နိုးနေပြီ၊ နန်းကြီးသုတ်လိုက်တော့မယ်နော်'

'အေး… သမီး၊ သုတ်လိုက်တော့ ကြီးနွဲ့ ဟင်းချိုနွှေးလိုက်ဦးမယ်'

ခွင့်ပြုချက်ရသည်နှင့် ပန်းကန်သုံးချပ် စီထားလိုက်ပြီး နန်းကြီးမုန့်ဖတ်များကို အလောတော်ထည့်လိုက်၏။ ကြက်သားဟင်းအနှစ် ငရုပ်ဆီချက်၊ ပဲမှုန့်၊ ငံပြာရည်၊ ငရုပ်သီးမှုန့်တို့ ချိန်ဆ၍ထည့်၏။ ရှောက်သီးစိပ်ကို အနေတော်ညှစ်ပြီး လက်အိတ်ပါးစွပ်၍ နှံ့အောင် အသေအချာနယ်ဖတ်လိုက်သည်။

အပေါ့အငံအရသာကို မြည်းကြည့်ပြီး သဘောကျသွားသည်မို့ ပန်းကန်များသပ်ရပ်အောင် ပြင်ဆင်ထား၏။

ကြီးနွဲ့နှင့်အတူ ပန်းကန်များဝိုင်းသယ်ရင်း ထမင်းစားခန်းဆီ ပို့ပေးသည်။ အဆင်သင့်ဖြစ်၍ ကြီးနွဲ့က ငွေမောင်းကလေးကို သုံးချက်ထုပြီး အချက်ပေးလိုက်၏။

ကိုကြီး၊ ကိုလေးနှင့်ယံယံတို့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာကြသည်။ ကိုကြီးနှင့်ကိုလေးက နွဲ့နှောင်းအား မသိမသာ ခိုးကြည့်ရင်း ထုံးစံအတိုင်း နှာခေါင်းရှုံ့ကြ၏။ ဒါကို နွဲ့နှောင်း မြင်ဖြစ်အောင် မြင်လိုက်၍ သဘောကျသွားသည်။ ရန်သူက ကိုယ့်ကို အထင်သေးလေ ကိုယ်အနိုင်ရဖို့ သေချာလေပဲ မဟုတ်လား။

www.burmeseclassic.com

ညီအစ်ကိုတစ်တွေ အားလုံး မနက်စာ စားကြ၏။ မျက်နှာရိပ် မျက်နှာကဲတွေက နှစ်သက်ကျေနပ်ဟန်ရှိ၍ နွဲ့နှောင်း စိတ်အေးသွားသည်။

ကိုကြီးက နှစ်ခွန်းသုံးခွန်း ဆက်တိုက်စားရင်း ပလုပ်ပလောင်း သံနှင့် အားရပါးရ ပြော၏။

'ဟား… ကောင်းလှချည်လား ကြီးနွဲ့ရာ၊ ရှယ်ပဲ ရွှေပလ္လင်မှာ စားရသလိုကို ကောင်းတာ၊ ဟဲ… ဟဲ လိုက်ပွဲလေးများ မရနိုင်ဘူး လား'

'ရတာပေါ့ သားကြီးရယ်၊ အများကြီးကို ပြင်ဆင်ထားတာ တိမ်လွှာကော ယူဦးမှာလား၊ အငယ်လေးကော လိုရင်ပြော'

'ယူမယ် ကြီးနွဲ့၊ နောက်ထပ် တစ်ပွဲစီ'

အားလုံး သံပြိုင်ဖြေလိုက်ကြသဖြင့် ကြီးနွဲ့ သဘောကျသွား ရင်း…

'ကဲ… နွဲ့နှောင်းရေ၊ လိုက်ပွဲသုံးပွဲလောက် ထပ်သုပ်ပေး ပါဦး'

'ဟုတ်ကဲ့'

'ဟာ… ဗျာ၊ ကြီးနွဲ့ပဲ သုပ်ပေးပါ၊ ကြီးနွဲ့ လက်ရာကိုပဲ ယုံကြည်တာ'

'ဟောတော့… သားကြီးက အခု စားနေတဲ့လက်ရာကို ကြီးနွဲ့ လက်ရာလို့ ထင်နေတာကိုး ဟင်း… ဟင်း… ဟင်း'

'ဗျာ… ကြီးနွဲ့ ဘာပြောလိုက်တယ်'

ကိုကြီးတို့ လိုက်ပွဲတောင်းရာမှ စားလက်စနန်းကြီးသုပ်မှာ ကြီးနွဲ့လက်ရာ မဟုတ်မှန်း သိသွားပြီး နှစ်ယောက်စလုံး တအံ့တသြ ဖြစ်သွားကြ၏။ ယံယံကတော့ အကြောင်းသိမို့ ပြုံးစိစိ…

'ဒါ… ဒါဆို ဘယ်သူသုပ်တာလဲ ကြီးနွဲ့'

'အဲဒါ နွဲ့နှောင်းရဲ့လက်ရာ သားတို့ရဲ့'



'ဗျာ'

'ဟာ… ကြီးနွဲ့က လုပ်ချလိုက်ပြန်ပြီဗျာ၊ သူရောက်လာတာ ဘာကြာသေးလို့လဲ၊ သားတို့အိမ်ရဲ့ ကျန်းမာရေးအသိနဲ့ သန့်ရှင်းမှုစံနှုန်း တွေ သူသိလို့လား ကြီးနွဲ့ရယ်၊ ပြီးတော့ သားတို့က ရှုံတတ်တယ်နော်'

'အမလေး စိတ်ချပါ သားတို့ရယ်၊ အားလုံးကို ရှင်းပြပြီး စိတ်ချရပြီဆိုမှ ကြီးနွဲ့က တာဝန်လွှဲပေးတာပါ၊ မယုံရင် သားတို့ မီးဖိုချောင်ဝင်ပြီး စစ်ဆေးလို့ ရပါတယ်'

'ကိုကြီးနဲ့ကိုလေးကို နွဲ့နှောင်း တစ်ခုလောက် ပြောပါရစေ ရှင့်'

နွဲ့နှောင်းက တည့်ခွင့်တောင်းလိုက်တော့ ကိုကြီးနှင့်ကိုလေး မကျေမချမ်းအမူအရာနှင့်…

'ဘာပြောမှာလဲ… ပြော'

'နွဲ့နှောင်းက ရွာမှာကတည်းက သန့်လေးသန့်ဆိုတာကို နောကျေအောင် နားလည်ပြီးသားပါ၊ ယူနီဆက်(ဖ)နဲ့ ကျန်းမာရေးပို့ချ ပညာပေးမှုတွေကြောင့် ကျန်းမာရေး ဗဟုသုတက အပြည့်ရှိပြီးသားပါ၊ အခု အသုပ်သုပ်တာကိုလည်း လက်အိတ်ပါးသုံးဖို့ကိစ္စ ကျွန်မက ကြီးနွဲ့ကို တိုက်တွန်းခဲ့တာပါ'

'ဟဲ… ဟဲ ဟုတ်တယ် သားတို့ရဲ့၊ ခုဆို ကြီးနွဲ့တောင် ဘယ်အစားအသောက်မှ လက်နဲ့မကိုင်တော့ဘူး သားတို့ရဲ့၊ ဟဲ… ဟဲ နွဲ့နှောင်းက သန့်တာရဲ့ဟိုဘက် နှစ်ဘူတာလောက် လွန်နေလို့ မယ်သန့်ဆိုတာထက် မယ်ဇီဇာကြောင်ကို ဖြစ်နေတာ သားတို့ရဲ့ ဟင်း… ဟင်း၊ ကဲ… နွဲ့နှောင်း သွားသုပ်ချီလေ'

'ဟုတ်ကဲ့'

ဒီပွဲမှာ သုံးယောက်ကပြုံးပြီး နှစ်ယောက်ကမဲ့တဲ့တဲ့ ဖြစ်နေ ၏။ မဲ့နေသော နှစ်ယောက်မှာ ကိုကြီးနှင့်ကိုလေးဆိုတာ ရှင်းပြစရာ လိုမည်မထင်တော့ပေ။

❒ ❒ ❒

www.burmeseclassic.com

'ဟယ်… ယံယံရယ်၊ ညည်းဘယ်လို မောင်းလိုက်တာလဲ၊ အံ့ရောအံ့ရော ယုံတောင်မယုံနိုင်ဘူး၊ ပေါ်တကားပြီး လှော်တကပ် နေတာများ ချပ်လို့'

နှစ်လလောက်အကြာမှာ နောက်တခေါက် ရောက်လာတဲ့ ယံယံ သူငယ်ချင်း သော်သော်က နွဲ့နှောင်းကိုကြည့်ပြီး တအံ့တသြ ပြောလိုက်တာပါ။ ယံယံနှင့်နွဲ့နှောင်းမှာတော့ ပီတိပြုံးနှင့်ခေါင်းမော် နေလေ၏။

'ကဲ… ကြည့် သိချင်ပါတယ်ဆိုမှ ဈော်တကေး ကော်တကိုင် နေပြန်ပါပြီ၊ ကဲ… ပြော စလင်းအေ့(ဒ်)သောက်သလား၊ အဆီကျ ဆေး သော်ကကောက်တာလား၊ အင်ခတ်သလားပြော'

သော်သော့် စကားတွေနားလည်တာ တချို့နားမလည်တာ တစ်ဝက်မို့ နွဲ့နှောင်း အဓိပ္ပာယ်မပေါက်၍ မျက်စိကလယ်ကလယ် ဖြစ်နေရ၏။

'ကြီးနွဲ့က သွေးတိုးရှိတယ်လေ သော်သော်ရဲ့၊ အင်မခတ်ပါ ဘူး ဆားပေါ့လေးပဲချက်တာ'

နွဲ့နှောင်း အပြောကြောင့် ယံယံနှင့်သော်သော် အတောမသတ် ရယ်မောကြ၏။ ယံယံက…

'သော်သော် ပြောတဲ့ အင်ခတ်တယ်ဆိုတာ အငတ်ခံသလားလို့ မေးတာ နွဲ့နှောင်းရဲ့'

'ဟယ်… အဲလိုကြီးလား၊ နွဲ့နှောင်းက ဆားတို့ ငံပြာရည်တို့ လိုမျိုး အင်ကိုပြောတာလားလို့ တကယ်ပါပဲ'

'ကဲပါ… မေးတာရှင်းရင်လည်း ဖြေကြဦးလေ'

'အင်း… ဒီကိစ္စက ကာယကံရှင် ကိုယ်တိုင်ဖြေတာ ပို ကောင်းလိမ့်မယ် သော်ရဲ့၊ နွဲ့နှောင်းကိုမေး'

'အမလေး ဟဲ့၊ သိချင်ပါတယ်ဆိုမှ ဘော်လီဘော ပေါ်တ



ကုပ် နေပြန်ပါပြီ၊ ကဲ… ဖြေပါဦး နွဲ့နှောင်းရဲ့ ဘယ်လို ဝိတ်ချ လိုက်တာလဲ'

'အဟင်း… အရေးကြီးဆုံးဖြစ်တဲ့ စိတ်ခွန်အားကို ယူလိုက် တာပါ သော်သော်ရယ်၊ မဖြစ်ဖြစ်အောင် လုပ်မယ်ဆိုတဲ့စိတ် တကယ် ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုတဲ့ နည်းပေါ့'

'ဟုတ်လှချီလား နွဲ့နှောင်းရယ်၊ ကဲ… ပြောပါဦး၊ ဘာ ကြောင့် ဒီလို ပိန်ချင်ရတာလဲ ဆိုတာ'

သော်သော်၏ ထပ်ဆင့်မေးခွန်းကိုတော့ ယံယံက တာဝန်ယူ ဖြေဆိုသည်။

'ဒီလို သော်ရဲ့၊ နှစ်နှစ်ပြည့်ရင် အိမ်ပေါ်ကဆင်းရမယ့် လောင်းကြေးကိစ္စ သူ့ကို ဖွင့်ပြောလိုက်တယ်လေ၊ ဒီတော့ နွဲ့နှောင်းက သူ့ကြောင့် ယံ အိမ်ပေါ်ကဆင်းရတဲ့ အဖြစ်မျိုး လုံးဝမဖြစ်အောင် သူလုပ်မယ်ဆိုပြီး ခွဲနပဲနဲ့ အပြတ်ထရိန်နင်ဆင်းကာလေ၊ ယံတောင် မမောင်းလိုက်ရဘူး'

'ဩော်… ဒီလိုလား နွဲ့နှောင်းပြောတဲ့ စိတ်ခွန်အားဆိုတာ ဒါကိုး သိပ်ကောင်းတဲ့နည်းပဲနော်၊ ကြည့်စမ်းပါဦး ရောက်လာခါစနဲ့ တောင် မတူတော့ဘူး၊ အသားလည်းဖွေးလာတယ်၊ ဘော်ဒီကလည်း မော်ဒယ်(လ)ရှိတ် ဖြစ်နေပြီ။ သော့်ရဲ့ မိတ်ကပ်ပညာနဲ့သာ ထပ်ရိုင်း လိုက်ရရင် ယောကျ်ားတွေကို လက်ဝါးပေါ်တင်ပြီး လှည့်ပစ်လိုက်လို့ ရပြီ သိလား'

'အို… သော်သော်ကလည်း ဘာတွေပြောနေမှန်း မသိဘူး'

'ယောကျ်ားတွေ ကြော်တကိုက်ပြီး လော်တကိုက်ကြမှာလို့ ပြောတာ'

ယံယံနှင့်သော်သော် ပွဲကျနေကြသလောက် နွဲ့နှောင်းမှာ မျက်နှာရဲပြီး အရှက်သည်းနေ၏။

'အဲဒါက မျက်မြင်အခြေအနေလေ ခုဆို အဝေးသင်နဲ့

www.burmeseclassic.com

ကျောင်းစတက်နေပြီ၊ ပြီးတော့ အိမ်မှာလည်း ကွန်ပျူတာ ကျင့်နေပြီ သော်ရဲ့'

'အင်း… ဒီအတိုင်းသာ ပုံမှန်ချီတက်သွားရင် ယံ့အမေ်…ိုင္ဂ နွဲ့နှောင်းမှေ့ ဒူးသောက်ခစားကြရမှာ မြင်ယောင်မိပါသေးရဲ့၊ ကဲပါ နွဲ့နှောင်းရယ် မတ်တပ်ရပ်ပြီး ကိုယ်လုံးအလှလေး ပြပါဦး၊ ဒါမှ အလှအပအတွက် ဘာဆက်လုပ်ရမလဲ ဆိုတာ ဆုံးဖြတ်လို့ရမှာ'

သော်သော်၏ တောင်းဆိုမှုကြောင့် နွဲ့နှောင်း မျက်နှာမှာ အချဉ်ရည်နှင့် လောင်းလိုက်သလို ရဲသွား၏။ ခေါင်းတခါခါနှင့် ငြင်းဆန်သော်လည်း ယံယံ၏ မေးဆတ်ကာ ခိုင်းစေမှုကြောင့် ရှက်ရှက်နှင့်ထရပ်ပြီး တစ်ပတ်လှည့်ပြလိုက်ရသည်။

'အမလေးလေး… လှလိုက်တာ… လှလိုက်တာ၊ ဒီနှစ် မယ်စကြာဝဠာဘွဲ့ရတဲ့ မက္ကဆီကိုက ဂျီမီနာနာဗာရက် ကျနေတာပဲ၊ ယောကျ်ားတွေ သွားရည်ခံတပ်ရမယ့် အလှမျိုး နွဲ့နှောင်းရဲ့၊ သော်တကိ လော်တကား'

သော်သော်က နွဲ့နှောင်းအား ယောကျ်ားတစ်ယောက်၏ စားမလိုပါးမလို တပ်မက်မှုမျိုးနှ ကြည့်သလို မာမရိုန်းတစ်ယောက်၏ စပ်စုကြည့်မျိုးနှင့်လည်း ကြည့်၍ အားပါးတရ မှတ်ချက်ချ၏။

'ကဲ… တင်မြင်ချက်လေး ပြောပါဦး၊ ဘာဆက်လုပ်ရင် ကောင်းမလဲဆိုတာ'

'သော် အားကဲ့တစ်ရက် ဒိတ်လုပ်ပြီး နွဲ့နှောင်းကို မိတ်ကပ် တက်(စ်)လုပ်ကြည့်မယ်လေ၊ ဆံပင်ကိုလည်း ဘယ်လိုပုံစံနဲ့ လိုက်မလဲ ဆိုတာ စမ်းကြည့်ရမှာပေါ့၊ ပူမနေပါနဲ့ ယံရယ် ခုတောင် ယောကျ်ား တွေ ပြစ်မှားချင်စရာကိုယ်လုံးမျိုး ရနေပြီပဲဟာ၊ မာမီသော်ရဲ့ မိတ်ကပ်နဲ့သာဆို ပျားအုံကို တုတ်နဲ့ထိုးမိသလိုမျိုး အုံခဲသွားစေရမယ် သိလား၊ ဂရန်ဒီပေးတယ်'

'ဟုတ်ပါပြီ၊ ဒီလောက်နဲ့ လုံလောက်ပါ့မလား၊ အထင်သေး



အမြင်သေးနဲ့ မတူမတန်ဆက်ဆံခဲ့တဲ့သူတွေ မြင်တာနဲ့ အရူးအမူးကို ဖြစ်သွားစေချင်တာ သော်ရဲ့'

'အဲဒီလို ဂုဏ်ထူးထွက်ဖို့ဆိုရင်တော့ ကာယကံရှင်ရဲ့ ပြုမူ လှုပ်ရှားမှုနဲ့ ပြောဆိုဆက်ဆံပုံတွေကလည်း အရေးပါလာမှာပေါ့'

'ကဲ… ကြားတယ်နော်၊ နွဲ့နှောင်း မြန်မာစကားကို စပီကင် ပြန်တက်ရမလို ဖြစ်နေပြီ'

'ဟုတ်တယ်လေ၊ မတင်မိုးလွင်တို့ဆို ဘယ်လောက်စတိုင် ကျသလဲ ပြောတာဆိုတာ သွားလာလှုပ်ရှားတာကအစ အားလုံးကို အဆင့်အတန်းရှိတာ'

ယံယံနှင့်သော်သော်တို့ ပြောသမျှ တစ်လှည့်စီ လိုက်ငေးနေ မိရတာက နွဲ့နှောင်းသာ ဖြစ်၏။ သူမအတွက် အကြံဉာဏ်ထုတ်ကာ စဉ်းစားပေးနေကြသော ယောကျ်ားနှင့်မတူသည့် ယောကျ်ားနှစ်ယောက် ကိုကြည့်ရင်း နွဲ့နှောင်း မချင့်မရဲဖြစ်နေမိ၏။

အဘနှင့်ရွာမှာ အတူနေခဲ့စဉ်က တဖွဖွပြောခဲ့သော စကားကို ပြန်ကြားယောင်မိသည်။

'နွဲ့နှောင်း လုံမသာ ယောကျ်ားလေးဖြစ်ရင် သိပ်ကောင်းမှာ လယ်ကိစ္စယာကိစ္စဆိုတာ ယောကျ်ားသားမှ အားကိုးရတာ မဟုတ် လား'

အဘက နွဲ့နှောင်းမွေးပြီး သမီးမှန်း သိရကတည်းက စိတ်ဓာတ်ကျ သွားခဲ့ခြင်းဖြစ်၏။ နောက်ထပ် သားလေးမွေးရန် ရည် မှန်းခဲ့သော်လည်း အမေက စောစီးစွာဆုံးပါးသွား၍ ရည်မှန်းချက် မပြည့်ခဲ့ပြန်ပေ။

လောကတွင် ယောကျ်ားသားက ပိုမြတ်သည်ဆိုသော အယူအဆမှာ ကမ္ဘာ့နိုင်ငံအသီးသီး၊ ဘာသာအသီးသီးတွင် ရှိနေ ကြသည် မဟုတ်လား။ ဒီလောက်ထိ အလေးအမြတ်ထားပြီး အဘိုး တန်သော ယောကျ်ားသားဘဝကို ရထားပါလျက်နှင့် ဘာကြောင့်များ

www.burmeseclassic.com

မိန်းမဖြစ်ချင်နေကြပါလိမ့်ဟု မတွေးတတ်နိုင်အောင်လည်း ဖြစ်သွားရ၏။

ယံယံအား ယောကျ်ားတစ်ယောက်၏ မြတ်သောဘဝကို ခံမင်ပြီး တည်ကြည်ခန့်ညားသော ယောကျ်ားကောင်းတစ်ယောက်ဖြစ်လာရန် စည်းရုံးကြည့်မည်ဟု ဆုံးဖြတ်လိုက်မိသည်။

ယံယံနှင့် သော်သော်ကတော့ တိုင်ပင်၍မပြီးသေး။

'ဟယ်… ခုမှ သတိရတယ် ယံရယ်၊ ဟိုလေ မြဝတီက လွှင့်ပေးနေတဲ့ 'ဒီဇိုင်နာရဲ့ဒီဇိုင်းအစီအစဉ်ကို ယံတို့ ဝင်ပြိုင်ပါလား၊ နန်းဆုရတီစိုး ပရင်(န်)စင်တာ လုပ်တဲ့ဟာလေ'

'အင်း… ယံကြည့်ဖူးတယ် သော်'

'အဲဒါဆို ယံတို့နှစ်ယောက် ကွက်တိပဲ၊ ဒီဇိုင်နာလည်း အဆင်သင့် မော်ဒယ်(လ်)လည်း ရှာစရာမလိုတော့ဘူး'

'ဟုတ်လိုက်တာ သော်သော်ရယ်၊ အစ်ကိုတွေကြောင့် စိတ်တွေဆင်းရဲပြီး အဲဒါကို မေ့နေလိုက်တာ၊ ဝင်ပြိုင်လိုက်ရင် ယံယံ့အစွမ်းလည်း ပြလို့ရမယ်၊ နွဲ့နှောင်းကိုလည်း ပွဲထုတ်လို့ရမယ်'

'ဟီ… ဟီ… အဲဒါပေါ့'

□ □ □



မောင်းတံနှစ်ဖက်ကို ဘယ်ညာဆွဲ၍ ခြေနင်းကိုပါ ဟန်ချက်ညီညီနင်းရသော မောင်းတံစက်ဘီး အားကစားခုံတွင်ထိုင်ရင်း လေ့ကျင့်ခန်းကို စိတ်ပါလက်ပါနှင့် နွဲ့နှောင်းလုပ်နေသည်။

ယံယံက ထုံးစံအတိုင်း နာရီကိုင်ကာ နွဲ့နှောင်းအား ငေးနေ၏။ တောင်းမှာအကွပ် လူမှာအဝတ်ဆိုသည့်အတိုင်း ခါးတိုတီရှပ် ကွာတားဘောင်းဘီနှင့် နွဲ့နှောင်းမှာ ရွှေဘုံသာရွာက တောသူမဟု ကျိန်ပြောလျှင်သော်မှ ယုံနိုင်ဖွယ်ရာ မရှိတော့။

စက်ဘီးပေါ်မှ နွဲ့နှောင်းကတော့ စွင့်ကားသော တင်သား၊ ဖြောင့်စင်းသော ပေါင်တံ၊ သွယ်လျသော လက်မောင်းတို့အား အသုံးပြုလျှက် လေ့ကျင့်ခန်းကို စိတ်ဝင်တစား လုပ်နေ၏။

နွဲ့နှောင်း၏ လှုပ်ရှားမှုက ဆွဲဆောင်မှုရှိရှိနှင့် ကြည့်လို့ကောင်းနေသည်။ မိန်းမတစ်ယောက်၏ အလှကို စိတ်ဝင်တစားနှင့် ကြည့်လေ့ကြည့်ထ မရှိသဖြင့် ဤသို့ မျက်နှာလွှဲမရအောင် ကြည့်နေမိခြင်းအပေါ် ယံယံ ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေ၏။

နောက်မှ အကြည့်ရိုင်းသွားတာ သတိပြုမိသွားပြီး အနေခက်သည်နှင့် အောက်သို့ဆင်းရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ်မှာပင် အောက်ထပ်မှ ကိုလေး တက်လာတာ တွေ့လိုက်ရသည်။

ထူပူသွားပြီး ချက်ချင်းဆိုသလို ပြန်လှည့်၍ နွဲ့နှောင်းထံ ပြေးရ၏။

'နွဲ့နှောင်း… ပုန်း… ပုန်း၊ မြန်မြန်ပုန်း ဒီပေါ်ကို ကိုလေး တက်လာပြီ ပုန်းနေမှဖြစ်မှာ'

'ဟင်… ဒုက္ခပါပဲ၊ ဘယ်မှာ ပုန်းရမှာလဲ ကိုယံရဲ့'

ယံယံနှင့်နွဲ့နှောင်း ပုန်းစရာနေရာရှာကြ၏။ ဝရန်တာတွင် အားကစားပစ္စည်းများ၊ ပန်းအိုးများနှင့် ပလပ်စတစ်ရေတိုင်ကီ တစ်လုံးသာရှိသည်။ ကြံရာမရသဖြင့် ရေတိုင်ကီနား ကပ်လာကြ၏။

ငုံ့ကြည့်လိုက်တော့ အထဲမှာ ရေကတစ်တောင်သာသာ

www.burmeseclassic.com

လောက် ရှိနေသည်။ ပေါက်နေသော ရေတလျှောက်မှ စိမ့်ကျယိုစီး သမျှ ရေကိုခံထားခြင်း ဖြစ်၏။

ထိုအချိန်တွင် ကိုလေး၏ ချောင်းဟန့်သံကို ကြားနေရပြီမို့…

'လာနေပြီ နွဲ့နှောင်းရဲ့၊ ဒီတိုင်ကီထဲပဲ ဝင်နေလိုက်တော့ ဒီပုံစံမျိုးနဲ့ နွဲ့နှောင်းကို သူတို့ တွေ့သွားလို့ မဖြစ်ဘူး၊ လုပ်… လုပ်'

နွဲ့နှောင်းလည်း အထိတ်တလန့်နှင့် ကိုယ်ကို အားပြုပြီး တိုင်ကီထဲ ဝင်လိုက်ရ၏။ အချိန်မီလေးဟုပင် ဆိုရမည်။ နွဲ့နှောင်း တိုင်ကီထဲဝင်ပြီး ငုတ်တုတ်ထိုင်လိုက်သည့် အချိန်မှာပင် ကိုလေး ဝရန်တာသို့ ရောက်လာသည်။

'ဝေယံ… မင်း ဘာလုပ်နေတာလဲ'

'ဟင်… ဟို… ဟိုလေ လေ့ကျင့်ခန်း၊ ဟင်း ဟင်း ဟုတ်တယ်၊ လေ့ကျင့်ခန်း လုပ်နေတာ ကိုလေးရဲ့ ဟဲ… ဟဲ'

'ဟုတ်လို့လားကွာ ပျော့တီးပျော့ဖတ်ကောင်ကများ ဘာလုပ် နိုင်မှာမို့လဲ ပြောစမ်း'

'ကိုလေးကလည်း လူပဲဟာကို လုပ်ရင်ဖြစ်တာပဲ'

'ဟား… ဟား… ဟား၊ လုပ်ရင်ဖြစ်တာပဲ ဟုတ်လား၊ ဟင်း… ဟင်း ဒါနဲ့ မင်းခေါ်လာတဲ့ ရွှေဘုံသာ ရှာသူကလေးကော မြို့ကြီးသူ ဖြစ်သွားပြီလား'

'ရောက်တာမှ ဘာကြာသေးလို့လဲ၊ ချက်ချင်းတော့ ဖြစ်မ လားလို့'

'ဟင်း… ဟင်း အချိန်က နှစ်နှစ်နော်'

'သိတယ်… သိတယ်၊ ဒါနဲ့ နေစမ်းပါဦး နေ့တိုင်း နေဖင်ထိုးမှ အိပ်ရာထတဲ့လူက ဘာလို့ အစောကြီးထလာရတာလဲ'

'အင်း… ဝမ်းနှုတ်ဆေး သောက်ထားလို့ကွ၊ အိမ်သာသွား ချင်လို့ စောစောနိုးလာတာ ပြန်အိပ်လို့လည်း မရတာနဲ့'



အပြင်မှာ ညီအစ်ကိုတွေ စကားကောင်းတာက အကြောင်း မဟုတ်၊ တိုင်ကီထဲမှ နွဲ့နှောင်း ဒုက္ခရောက်နေပြီ။ ငုပ်တုပ်ထိုင်နေ ရသော နွဲ့နှောင်း အောက်ပိုင်းတစ်ပိုင်းလုံး ရေထဲနစ်နေသည် မဟုတ် လား။

ကိုလေး မြန်မြန်ပြန်ဆင်းသွားပါစေဟု အသံတိတ်ဆု တောင်းရင်း ရေတောထဲမှာထိုင်သည့် အကြာဆုံး စံချိန်တင်ရန် လေ့ ကျင့်နေရရှာ၏။

'ကိုကြီးကော နိုးပြီလား ကိုလေး'

'အိပ်တုန်းပါဟာ ဒီအချိန်နိုးစရာလား'

'ဒါဆို ကိုလေးလည်း ပြန်အိပ်ချင်အိပ်ဦးလေ'

'ဘာလို့ အိပ်ရမှာလည်း တခါတလေလေး စောစောနိုး လာတုန်း မြင်ရခဲတဲ့ မနက်ခင်းကို ခံစားပါရစေဦးကွာ'

ကိုလေးက ပြောပြောဆိုဆို ဝရန်တာတွင် လမ်းလျှောက်နေ ရာမှ တိုင်ကီနား ရောက်သွား၏။ ကိုလေးကိုကြည့်ရင်း ယံယံ ရင်တ လုပ်လုပ်ခုန်ပြီး ချွေးစေးများပျံလာရသည်။ တိုင်ကီထဲ ငုံ့ကြည့်လိုက် လျှင်တော့ ခဲလေသမျှ သဲရေကျဖြစ်ကုန်တော့မည်။

အပြင်က ယံယံ အကြီးအကျယ် ရင်ခုန်ထိတ်လန့် နေသကဲ့ သို့ တိုင်ကီထဲမှ နွဲ့နှောင်းမှာလည်း အောက်ပိုင်းအေးပြီး အထက်ပိုင်းက ချွေးစေးများ ထွက်နေ၏။ နှလုံးခုန်ရလွန်းသဖြင့် ရင်နှစ်ခြမ်းပင် မငြိမ် ချင်တော့။

ယံယံနှင့်နွဲ့နှောင်း အကြီးကြီးရပ်ပျက်နေကြသလောက် ကိုလေးက အေးအေးဆေးဆေးနှင့် ဝရန်တာပေါ်မှ နံနက်ခင်းအလှကို တစိမ့်စိမ့်ခံစားနေ၏။

ရင်တုန်နှုန်းကို မခံစားနိုင်တော့သဖြင့် ယံယံက…

'ကိုလေး ဒီပေါ်ရောက်တုန်း အားကစားတခုခု လုပ်သွား ပါလား'

www.burmeseclassic.com

ယံယံက တိုင်ကီနားမှ ကိုလေးအား ခပ်ဝေးဝေးသို့ ရောက်သွားစေလိုသော ဆန္ဒနှင့်ဖယ်ထုတ်ရန် ကြိုးစားလိုက်သည်။ ကိုလေးက အင်တင်တင်နှင့်ခေါင်းကုတ်ရင်း စက်ဘီးနားကပ်သွား၏။ ကိုလေး တိုင်ကီနားမှ ခွာလာတော့မှ ယံယံ နည်းနည်းစိတ်အေးသွားသည်။

တိုင်ကီထဲမှ နွဲ့နှောင်းလည်း အောက်ပိုင်းမှစ၍ ခိုက်ခိုက်တုန်နေခဲ့ပြီ။ ကိုလေးက စက်ဘီးပေါ်တက်ပြီး လေ့ကျင့်ခဏ်း လုပ်နေပြန်၏။ မခံနိုင်တော့သဖြင့် နွဲ့နှောင်း တိုင်ကီထဲမှ ခေါင်းပြူကြည့်မိသည်။

ထိုအခိုက် ကိုလေးက ရုတ်တရက် လှမ်းကြည့်သဖြင့် နွဲ့နှောင်း ခေါင်းငုံ့ရင်း ပုနေလိုက်ရပြန်၏။ ကိုလေး အံ့သြသွားသည်။ စက်ဘီးပေါ်မှ ဆင်းပြီး…

'ဟော့ကောင်… တိုင်ကီထဲ ဘာထည့်ထားလို့လဲ ဝေယံ'

'ဟင်… ဘာထည့်ထားရမှာလဲ တိုင်ကီထဲ ရေပဲရှိမှာပေါ့'

'ဟုတ်သေးပါဘူး၊ တိုင်ကီလှုပ်သွားတာ ငါ မြင်လိုက်ပါတယ်'

ပြောရင်းဆိုရင်း ကိုလေးက ရှေ့သို့ခြေတစ်လှမ်း နှစ်လှမ်းတိုးလာ၏။ ယံယံနှင့်နွဲ့နှောင်းတို့၏ ထိတ်လန့်မှုက ပေါက်ကွဲထွက်ပြီး တစစီဖြစ်လုမတတ်။ ထိုအခိုက်မှာပင် မိုးနတ်မင်းကြီးက ကိုလေးအား အိမ်သာထဲမှ လှမ်းခေါ်၏။

'ဟား… ကျွိုင်ပဲ ဗိုက်ကနာလာပြန်ပြီ၊ အိမ်သာပြေးလိုက်ဦးမယ်'

ကိုလေး ဖင်ပိတ်ပြီး ဆင်းပြေးသွားတော့မှ အားလုံးသက်ပြင်းချကာ စိတ်ပင်ပန်းမှုဒဏ်မှ လွတ်မြောက်ခွင့်ရ၏။ ယံယံ တိုင်ကီနားရောက်တော့ နွဲ့နှောင်း ခိုက်ခိုက်တုန်နေပြီ။

'ကိုလေး သွားပြီ မဟုတ်လား'

'သွားပြီ နွဲ့နှောင်း မြန်မြန်ထွက်တော့'

ဓာကပ်ပြီး ဝင်သွားခဲ့စဉ်က လွယ်သလောက် တိုင်ကီထဲမှ



ပြန်ထွက်တော့ အတော်ခက်ခဲနေသည်။ ကိုယ်ကို အားပြုဖက်တွယ်ပြီး ထွက်ရ၏။ နှစ်ယောက်သား ထိစပ်ပူးကပ်နေတော့ နွဲ့နှောင်း တစ်ကိုယ်လုံး ဖိန်းတိန်းရှိန်းတိန်း ဖြစ်သွားရသည်။

ယံယံမှာလည်း ထိုအထိအတွေ့ကြောင့် ဗိုအားအပြည့်နှင့် ဓာတ်ကြိုးပြတ်ကို လည်ပင်းပတ်ထားသလို ထွန့်ထွန့်လူးသွား၏။

ဦးစွာသတိဝင်လာသော နွဲ့နှောင်းက အရင်ဆုံး ယံယံ့ရင်ခွင်ထဲမှ ထွက်လိုက်သည်။

'ချမ်းနေပြီ ကိုယံ၊ နွဲ့နှောင်း သွားတော့မယ်'

'အင်း'

နွဲ့နှောင်း ပြေးထွက်သွားတော့ ယံယံတစ်ယောက်တည်း ဂရန်တာတွင် ရင်ထဲဖုံးကွဲသလို ဖြစ်ပြီးကျန်ရစ်ခဲ့၏။ Gay ဘဝယောက်ဘဝကို ခုံခုံမင်မင်နှင့် ရပ်တည်ရှင်သန်ခဲ့သော ယံယံ ဘာကြောင့်များဒီလောက်ထိ စိတ်လှုပ်ရှားသွားရမှန်း သူ့ကိုယ်သူ ဆန်းစစ်မရ ဖြစ်နေတော့သည်။

❐ ❐ ❐

www.burmeseclassic.com

## အခန်း (၄)

သော်သော်၏ အကြံပေးမှုနှင့် ယံယံတစ်ယောက် ဒီဇိုင်နာ ပြိုင်ပွဲဝင်ရန် ရည်ရွယ်ပြီး စုံစမ်းလှုပ်ရှားနေ၏။ လောလောဆယ်တွင် အမျိုးသမီး ဒီဇိုင်နာများကို အလှည့်ပေးထားသဖြင့် ဝင်ပြိုင်၍ မရနိုင်သလို ဖြစ်နေသည်။

ယံယံ၏ မဆုတ်မနစ်ဇွဲနပဲနှင့် နားပူနားဆာ လုပ်မှုကြောင့် ဒီဇိုင်နာလောကတွင် အများစုဖြစ်နေသော Gay များစုပြီး ပြိုင်ပွဲကျင်းပပေးမည်ဟု ကတိစကားကို ရခဲ့၏။

ယံယံကပင် ဦးဆောင်၍ ဘဝတူဒီဇိုင်နာများအား စုဆောင်းပေးခဲ့၏။ အခုတော့ သက်ဆိုင်ရာမှ ခွင့်ပြုရက်ကိုသာ စောင့်စရာလိုတော့သည်။

နွဲ့နှောင်း မှာလည်း အားကစားလုပ်ရသည်က တစ်မျိုး၊ အဝေးသင်ကျောင်းစာလုပ်ရသည်က တစ်ဖုံ၊ အိမ်မှုကိစ္စလုပ်ရသည်က တစ်နည်းနှင့် တစ်နေ့တာအချိန်ပင် မလောက်အောင် အလုပ်များလျက်ရှိသည်။

ထို့ပြင် မနက်ပိုင်းနှင့်ညနေပိုင်းတို့တွင်လည်း ဆန်းသစ်ဖူးပွင့်နေပြီဖြစ်သော သူမ အလှတရားများကို ကိုကြီးတို့ မမြင်မတွေ့အောင်



လည်း သတိထားနေရသေးသည်။ မတော်တရော် အဝတ်အစားများနှင့် ဘိုသီဘတ်သီ နေထိုင်ရင်း မျက်လှည့်ပြနေရ၏။

ဒီနေ့ ကြီးနွဲ့ နေမကောင်းဖြစ်နေ၍ မီးဖိုထဲတွင် နွဲ့နှောင်း တစ်ယောက်တည်း ကျဲနေရသည်။ လုပ်စရာတွေက တစ်ပုံကြီး လောလောဆယ် နံနက်စာစာအတွက် စီမံပြင်ဆင်နေရ၏။ ထိုစဉ် ကိုကြီး မီးဖိုထဲဝင်လာသည်။

'နွဲ့နှောင်း'

'ရှင်'

မလာစဖူး အလာထူးသော ကိုကြီးကြောင့် နွဲ့နှောင်း သို့လော သို့လော တွေးတောပြီး စိတ်မအေးနိုင် ဖြစ်သွားရသည်။

'ငါ လည်ချောင်းတွေနာနေလို့ ငါ့အတွက် ကော်ဖီနဲ့ပေါင်မုန့်ပဲ လုပ်ပေး၊ အဲဒါ လာပြောတာ'

'ဟုတ်ကဲ့ပါ ကိုကြီး'

ပြောပြီးပြီးချင်း လှည့်ထွက်မသွားသေးဘဲ သူ့ကို စူးစူးရဲရဲ ကြည့်နေသဖြင့် နွဲ့နှောင်း မနေတတ်မထိုင်တတ် ဖြစ်သွားရ၏။ ဝတ်ထားတာက ထုံးစံအတိုင်း ရှပ်အင်္ကျီလက်ရှည် ဖြစ်သော်လည်း အောက်အနားနှစ်ဖက်ကို စုစည်းထားသဖြင့် ကျင်သောခါးနှင့် ကားသောတင်က ပေါ်လွင်နေပုံရ၏။

အယောင်ယောင်အမှားမှားနှင့် ချည်ထားသော အင်္ကျီအောက်နားများကို ဖြည်ပစ်လိုက်သည်။

ပြီးတော့…

'ဘာ… ဘာလိုသေးလို့လဲ ကိုကြီး'

နွဲ့နှောင်း မေးမှ သတိပြန်ဝင်လာပုံရသော ကိုကြီးက ပြုံးပြုံးပျာပျာနှင့်…

www.burmeseclassic.com

'သြော်… အင်း… မလို… မလိုတော့ပါဘူး၊ ညည်းလုပ်တာ ကိုင်တာ သန့်ရှင်းရဲ့လားလို့ ကြည့်တာ'

တွေ့ကရာပြောရင်း ကိုကြီး ထွက်သွားတော့မှ နွဲ့နှောင်း သက်ပြင်းချရတော့၏။ နောက်ဆို ပိုပြီးသတိထားရတော့မည် ဖြစ်ကြောင်း သဘောပေါက်သွားသည်။ နွဲ့နှောင်းနှင့်ယံယံတို့ စီမံကိန်း မပြီးမချင်း နွဲ့နှောင်း၏ ပုံမှန်အလုပ်တရားအား ကိုကြီးတို့ တွေ့သွား၍ မဖြစ်ပါ။

ရင်ခုန်ခြင်းများနှင့် နံနက်စာပြင်ပြီး ထမင်းစားခန်းထဲ ပို့ထားလိုက်သည်။

ငွေမောင်းထုပြီးနောက် အားလုံးရောက်လာကြတော့ ကြီးနွဲ့ နေမကောင်းတာ အကြောင်းပြပြီး ရှောင်ထွက်လာခဲ့၏။

ကြီးနွဲ့ကို ဆေးတိုက်၊ အိုဗာတင်းနှင့်ပေါင်မုန့် တိုက်ကျွေးပြီး အခန်းထဲမှာပင် အချိန်ဖြုန်းနေလိုက်သည်။

'သမီး ဒီမှာ နေရထိုင်ရတာ အဆင်ပြေပါတယ်နော်'

'တဖြည်းဖြည်းနဲ့တော့ အသားကျသွားပါပြီ ကြီးနွဲ့'

'အင်း… အဲဒါ ယံယံရဲ့ကျေးဇူးတွေ သမီးက ယံယံအပေါ် အားလုံးထက် ပိုပြီးဂရုစိုက်ရမယ်နော်'

'စိတ်ချပါ ကြီးနွဲ့၊ ဒီအိမ်မှာ သမီးကို လူရာသွင်းတာ ကိုယံ တစ်ယောက်ပဲ ရှိတာလေ၊ သူ့ကို ဂရုမစိုက်လို့ ဖြစ်မလား ကြီးနွဲ့ရဲ့'

'အေးပါကွယ်… အေးပါ၊ ဒါဆိုလည်း ကြီးနွဲ့ စိတ်ချပါပြီ ကွယ်'

ထိုစဉ် ကိုကြီးတို့ ကားသံကြားလိုက်ရ၏။ နွဲ့နှောင်း စိတ်ထဲ ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ကို ပြန်ရောက်သွားသလို ခံစားလိုက်ရသည်။ လွတ်လပ်ရေး ရပြီပေါ့။

'ကြီးနွဲ့ ဆေးသောက်ထားတော့ တရေးလောက် မှေးလိုက်



ဦးနော်၊ ကိုကြီးတို့ ကုမ္ပဏီသွားကြပြီ၊ သမီး ကိုယံ အလုပ်တွေ သွားကူလိုက်ဦးမယ်နော်'

'အေး… အေး၊ သွားလေ သမီး သွား… သွား'

ကြီးနွဲ့ကို စောင်ခြုံပေးထားခဲ့ပြီး နွဲ့နှောင်းတစ်ယောက် လွတ်လပ်ပေါ့ပါးသော စိတ်များနှင့်ခုန်ပေါက် ပြေးလွှားထွက်လာခဲ့၏။ ဆင်ဝင်အောက်မှ ကိုယံ၏ အလုပ်ခန်းရှိရာသို့ လာသည့်လမ်းတလျှောက် ရှိနေသော အလှစိုက်ပန်းအိုးများထဲမှ ပန်းမျိုးစုံကို မလွတ်တမ်း နမ်းရှိုက်လာခဲ့သေးသည်။

ဒီနေ့ သော်သော် လာပြီး နွဲ့နှောင်းအား မိတ်ကပ်တက်(စ်) လုပ်ပေးမည်ဟု ချိန်းထားသည် မဟုတ်လား။

ကိုယံ့ အလုပ်ခန်းထဲရောက်တော့ ကိုယံ့ အလုပ်သမများ ဖြစ်ကြသော သဇင်သင်း၊ ဝတ်ရည်ဖြိုးနှင့်ကိုယံတို့ကိုသာ ပိတ်စများနှင့် အလုပ်ရှုပ်နေတာ မြင်ရ၏။

'ဟေး… နွဲ့နှောင်းတောင် ရောက်လာပြီကိုး ထင်သားပဲ ဟိုကားထွက်သွားတာ မြင်လိုက်ကတည်းက နွဲ့နှောင်း ရောက်လာတော့မယ်လို့'

သဇင်သင်းက ခရီးဦးကြိုပြုသလို စကားဆိုသည်။ ကိုယံ လှည့်ကြည့်၏။

'စောစောကပဲ သော်သော် ဖုန်းဆက်သေးတယ် နွဲ့နှောင်းရဲ့၊ တော်ကြာဆို ရောက်လာတော့မှာ၊ နွဲ့နှောင်း အဲဒီ သနပ်ခါးပါးကွက် ကြားကြီး သွားဖျက်ပစ်လိုက်တော့'

'ဟုတ်… ဟုတ်ကဲ့ ကိုယံ'

ဝတ်ရည်ဖြိုးက ညှပ်လက်စပိတ်စနှင့် ကပ်ကျေးကိုချလိုက်ရင်း…

'မနွဲ့နှောင်းက မပြင်မဆင်လည်း လှတာပါပဲ၊ မနွဲ့နှောင်း

www.burmeseclassic.com

သိပ်ကံကောင်းတာပဲနော်၊ အဝတ်အစားချုပ်ပေးမယ့် မာမီယံရယ်၊ အလှပြင်ပေးမယ့် မာမီသော်ရယ်၊ အားလုံးအဆင်သင့်ပဲ မိန်းမသားတစ်ယောက်အတွက် လိုအပ်တဲ့ မာမီ နှစ်မျိုးစလုံး ရှိနေလို့လေ'

'ဟုတ်တယ်… ဟုတ်တယ်၊ သဇင်တို့ဆို ဝန်ဘိုးကြီးဝတ်စုံတွေ ချုပ်နေပေမယ့် ဒီလိုမျိုး ကောင်းကောင်းကန်းကန်း တစ်ခါမှ မဝတ်ဖူးဘူး'

'အတူတူတာပဲဟာ ဈေးကြီးလွန်းလို့ ဆိုင်သွားပြီး မိတ်ကပ်ပြင်တာမျိုးကော လုပ်ဖူးလို့လား'

'ဘာတွေပြောနေကြတာလဲ အစ်မတို့ရယ်'

ဝတ်ရည်နှင့်သဇင်တို့ တစ်လှည့်စီ ပြောနေကြတာကို နားမလည်၍ နွဲ့နှောင်းက ပြန်မေးလိုက်ရသည်။ ထိုအခါမှ ယံယံက…

'နွဲ့နှောင်း အတွက် အင်္ကျီနှစ်စုံချုပ်ထားတယ်လေ၊ အဲဒါကို ပြောနေကြတာပါ နွဲ့နှောင်းရဲ့'

'ဟယ်… တကယ်လား ကိုယ်၊ ဒါနဲ့ နွဲ့နှောင်းကို တိုင်းလည်းမတိုင်းဘဲနဲ့ ဘယ်လိုလုပ်ချုပ်သလဲ ဟင်'

'အမလေး… ဒါများ နွဲ့နှောင်းရယ်၊ နေ့တိုင်းတွေ့နေရတဲ့သူတွေပဲဟာ တိုင်းစရာလိုသလား မျက်မှန်းပေါ့'

'အဟင်း… ကိုယ်က သိပ်တော်တာပဲ'

'ကဲပါ… စကားများမနေပါနဲ့ သနပ်ခါးတွေသာ သွားဖျက်ထား'

'ဟုတ်… ကိုယ်'

နွဲ့နှောင်း အလုပ်ခန်းမှ ရေချိုးခန်းထဲ ဝင်လာခဲ့၏။ ဘေစင်တွင် မျက်နှာသစ်ရင်း ကိုယ့်ရုပ်ကိုယ်မှန်ထဲ ပြန်ကြည့်မိသည်။ မိဘများအမွေပေးခဲ့သောရုပ်က ဘာမှပြုပြင်လို့ မရနိုင်ပေမယ့် ထိုရုပ်အခံပေါ် ခေတ်မီမိတ်ကပ်ပညာနှင့် ဖက်ရှင်ပညာပေါင်းစု ပုံပိုးလိုက်သောအခါ



ရွက်ကြမ်းရေကျိုပင် မော်ဒယ်ဂဲ(လ်) ဖြစ်နိုင်သေးသည့် ခေတ်ကြီး မဟုတ်လား။

နွဲ့နှောင်းတို့လို သဘာဝအလှတရား ရှိပြီးသားသူအတွက် ဆိုလျှင် ဆိုဖွယ်ရာမရှိတော့။ သဇင်တို့ ပြောသလို အလှအပရေးရာအတွက် အထောက်အပံ့ မာမီနှစ်ယောက် အဆင်သင့်ရှိနေသော ကိုယ့်ဘဝကိုယ် ကျေနပ်သလို ဖြစ်မိရ၏။

မျက်နှာသန့်စင်ပြီး ပြန်ထွက်လာသောအခါ သော်သော် ရောက်နေတာ တွေ့လိုက်ရ၏။

'ကဲ… မင်းသမီး၊ ရယ်ဒီပဲလား ဟင်း… ဟင်း… ဟင်း နွဲ့နှောင်းတို့ ဘုန်းကြီးချက်ကတော့ လန်ထွက်နေတာပဲနော်၊ ဆိုင်ကို တောင် မကြွနိုင်လို့ မာမီကိုယ်တိုင် လာပြင်ပေးရတာလေ'

'ဟင်း… ဟင်း၊ သော်သော်ကလည်း ပြောရှော့မယ်'

'ကဲပါ သော်ရယ်၊ ယံတို့ရဲ့ ပရောဂျက်အောင်မြင်ရင် ယံတသော့ကို ဆော်တကု ချော်တကဦးမှာ'

'ဟယ် … ဆုချမယ်၊ အမလေး… အသော်တကဲတွေ ယော့တကားပြီး စော်တကိတ် ဆော်တကာ လာပြီနော်၊ ဟင်း… ဟင်း….. ဟင်း'

'နောက်မှသာ စိတ်ဆာတော့ သော်။ အခု နွဲ့နှောင်းကို တက်(စ်)လုပ်ကြည့်ပါဦး'

'အင်းပါ ယံရယ်၊ နွဲ့နှောင်း လင်ကောင်းကောင်းရဖို့ လေလံတင်ရတဲ့ပွဲမှာ ဗျူနံ့ဆာပေးရတာယ်လို့ပဲ သဘောထားလိုက်ပါတော့မယ် ဟယ်'

ထို့နောက်မှာတော့ ကိုယ်၊ အလုပ်ခန်းတွင်ပင် နွဲ့နှောင်းအား ရှိုင်းနှင်းဖွိုင်းနှင်း လုပ်ခဲ့ကြ၏။ ကိုယ်၊ ဝတ်ရည်နှင့်သဇင်တို့ အားလုံး

www.burmeseclassic.com

အလုပ်မလုပ်နိုင်တော့ဘဲ နတ်ကရာကြည့်မောသလို မိတ်ကပ်လိမ်းရာ ငေးမောနေကြတော့၏။

သော်သော်က စိတ်ရှည်လက်ရှည်နှင့် ပညာစုံသုံးပြီး တစ်နာရီလောက်အချိန်ယူ လိမ်းချယ်ပေးပြီးသောအခါ ကိုယ်နှင့်အဖွဲ့သူများ အားလုံး တအံ့တသြ ဖြစ်သွားကြတာ မြင်လိုက်ရ၏။ နွဲ့နှောင်းလည်း ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်ချင်လှပြီ။

'ကဲ··· သမော်တကီး လော်တကန်းသွားပြီ မဟုတ်လား ယံ'

'တော်လိုက်တာ သော်ရယ်၊ တကယ့်ကို မထင်မိဘူး၊ နွဲ့နှောင်းက လန်းရုံတင်မကဘူး၊ လျှမ်းနေပြီ'

'ဟုတ်တယ်နော် လှလိုက်တာ နွဲ့နှောင်းရယ်၊ တကယ်ပဲ သဇင်တောင် မနာလိုတော့ဘူး'

'မင်းသမီးတွေလောက်တော့ သနားတယ်'

သူတို့တွေ ပြောလေလေ ကိုယ့်ရုပ်ကိုယ် မြင်ချင်လေလေ ဖြစ်လာရသဖြင့် မှန်ရှေ့သို့ ပြေးသွားမိ၏။ မြင်လိုက်ရသည့် သူ့ရုပ်သွင်ကိုပင်သူ မမှတ်မိလောက်အောင် ပြောင်းလဲပြီး အလှကြီးလှနေတာ တွေ့လိုက်ရသည်။

အံ့သြနှစ်သိမ့် ကျေနပ်မှုများနှင့် ဘယ်စောင်းညာလှည့်ပြီး တဝကြီး ကြည့်နေမိ၏။ ဘဝင်ပင်မြင့်ချင်ချင် ဖြစ်သွားသည်။

'ကဲပါ··· နွဲ့နှောင်းရယ်၊ မှန်ကြီးလည်း ပေါက်ထွက်သွားပါဦးမယ်'

သော်သော့် စကားကြားမှရှက်ပြီး မှန်ရှေ့မှခွာလာရ၏။ အံ့သြမှုနှင့်ရင်တလှပ်လှပ် ဖြစ်နေသဖြင့် ခြေလှမ်းများပင် မှားချင်ချင်ရယ်ပါ။ သဇင်သင်းက···

'ကဲ··· မာမီသော်ကတော့ ပညာစွမ်းပြပြီး သွားပြီ၊ မာမီယံရဲ့



အလှည့်ပဲ၊ ခုလို စက်စက်ယိုအောင်လှတဲ့အလှနဲ့ ဝတ်ထားငဲ့အဝတ်အစားဟ ရက်(ပ်)ပါဒီခိုင်းနဲ့ စောင်းတီးနေသလိုပဲ ဘယ်လိုမှ မလိုက်ဘူး'

'ဟုတ်ပါပြီ မမတို့ရယ်၊ ကဲ··· လာ··· နွဲ့နှောင်း၊ ယံယံ ချုပ်ထားတဲ့ အဝတ်အစားတွေ လဲလိုက်ရအောင်'

ကိုယံ ဆွဲခေါ်လာသဖြင့် အဝတ်အစားလဲခန်းထဲသို့ ရောက်လာရပြန်သည်။ အင်းလေးဒေသထွက် ချည်သားစစ်စစ်ဖြင့် ရက်ထားသော ပိတ်စနှင့်ချုပ်ထားသည့် ကြည်ပြာရောင်ဝမ်းဆက် အဝတ်အစား တစ်စုံက အသင့်စောင့်ကြိုနေ၏။

'နွဲ့နှောင်း အဝတ်အစားတွေ ချွတ်ပြီး ဒါကို ဝတ်လိုက်'

'ဟုတ်··· ကိုယံ'

ကိုယံက အခိန့်ပေးသလိုပြောပြီး နွဲ့နှောင်းအား မမှိတ်မသုန် စိုက်ကြည့်နေသဖြင့် နွဲ့နှောင်း မနေတတ်မထိုင်တတ် ဖြစ်သွား၏။

'ကိုယံကလည်း ဒီလိုပဲ ကြည့်နေတော့မှာလား အပြင်ထွက်ပေးဦးလေ'

'အယ်··· ဟုတ်သားပဲ၊ ဆောရီးနွဲ့နှောင်း၊ သိပ်လှနေတဲ့ နွဲ့နှောင်းကိုကြည့်ပြီး မေ့သွားလို့ ဟင်း··· ဟင်း'

ကိုယံ ထွက်သွားပြီး တံခါးပိတ်သံ ကြားလိုက်ရမှ နွဲ့နှောင်း ဝတ်ထားသော ဖိုရိုဖားရား ရှပ်အင်္ကျီကြီးကို ချွတ်ရ၏။ ကိုယ့် လက်ရာ မိန်းမဝတ်အင်္ကျီကို မြန်မြန်လဲဝတ်လိုက်ရသည်။

တစ်သက်လုံး ဈေးချုပ်အထည်များသာ ဝတ်ဆင်ခဲ့ရသူမို့ ဒုလို လက်ရာကောင်း အဝတ်အစားကို ဝတ်ရသောအခါ နွဲ့နှောင်းမှာ မနေတတ်မထိုင်တတ်ပင် ဖြစ်နေတော့၏။

ထဘီကို ချပ်ချပ်ရပ်ရပ်လေး ဖြစ်အောင် အသေအချာ ပြင်ဝတ်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။ နွဲ့နှောင်းကို မြင်လိုက်ရသော

www.burmeseclassic.com

အခန်းထဲမှ လူအားလုံး ကျိန်စာမိသလို ကျောက်ရုပ်များ ဖြစ်သွားကြ၏။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ပြိုင်တူလိုလို လက်ခုပ်တီး၍ တောင်းချီးပေးကာ ကြိုဆိုကြတော့သည်။

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း'

'ဟား… လှလိုက်တာ နွဲ့နှောင်းရယ်၊ တကယ်ပါပဲ အခုမှ ပြီးပြည့်စုံသွားတာ မာမီယံရဲ့ ဝတ်စုံလေးနဲ့ သိပ်လိုက်တာပဲ'

ဝတ်ရည်ဖြိုး၏ စကားကို မာမီသော်က ပြစ်ပြစ်နှစ်နှစ် ထောက်ခံ၏။

'ဟုတ်ပဟယ် ဒီအတိုင်းဆို နွဲ့နှောင်းက အဆီဗူးတောင် ခါစရာမလိုတော့ဘူး၊ အကောင်တွေ တော်သလင်းခွေးလို တတန်းတန်းနဲ့ လိုက်ကြမှာ မြင်ယောင်မိပါသေးရဲ့တော်'

'အို'

'သော်ကလည်းကွာ တို့ရဲ့ နွဲ့နှောင်းလေးကို အဲသလို နှိုင်းရလား၊ ပျားပိတုန်းတွေ ဝိုင်းဝိုင်းလည်နေမယ့် ပန်းကလေးလို့ ပြောပါ'

'ဘယ်လိုပြောပြော ဒေါသဘီပါပဲ ယံရယ်၊ ဒီသဘော ဒီသဘော'

'ဒီစတိုင်နဲ့သာ အပြင်ထွက်သွားရင် မြင်တဲ့ယောက်ျားတိုင်း လည်ပြန်ငေးကြည့်ကြမှာ သေချာတယ်… နော် မာမီယံ'

'သေချာတာပေါ့ သဇင်ရယ်၊ ဒါ မာမီတို့ ဖန်ဆင်းထားတဲ့ နတ်သမီးလေးပဲဟာ… ဟင်း… ဟင်း၊ ဟဲ… အမှတ်တရ မှတ်တမ်းတင်ထားလိုက်ရအောင်'

ယံယံက ပြောပြောဆိုဆို ဖုန်းနှင့်ဓာတ်ပုံများ ရိုက်နေတော့၏။ မာမီသော်က အမြင်မတော်ဟန်နှင့် ဝင်ပြောပြန်သည်။



'အမလေး… နွဲ့နှောင်းရယ်၊ အခု ညည်းကို လိုင်စင်ပုံရိုက်နေလို့လားဟဲ့၊ စော်တကိတ် ညော်တကစ်ပါတယ်၊ အဲသလို တောင့်တောင့်ကြီး ရပ်နေရလား၊ ဟောသလို… ဟောသလို အဆီဗူးလေးကို ကော့ပြီးနောက်ကို ပစ်ထားလိုက်'

ပြောရုံတင်မက အိုင်တင်ပါလုပ်ပြနေသဖြင့် အားလုံးသောင်းသောင်းဖြဖြ ရယ်မောရသေး၏။

အပီကဲပြီး ဟီလာထနေခိုက် ကိုကြီးတို့ကား ခြံထဲဝင်လာတာ တွေ့လိုက်ကြရသည်။

'ဟင်… ပုဏ္ဏက အစောကြီးပြန်လာတာလား၊ ယံ… အဲဒီ ဘီလူးကြီးကို သော် သွားပြီး ဖွဲ့စားလိုက်ရမလားဟင်'

'သွားမလုပ်နဲ့ သော်၊ ကိုကြီးတို့က ပန်းစားဘီလူးတွေ'

'အို… ဒီကလည်း အစားခံချင်တာမှ ရှလို့'

'ဟား… ဟား တော်စမ်းပါ သော်ရယ်၊ သူတို့က ယံ့ကို တောင် ကြည့်လို့မရတာ၊ သော့်ကိုဆို သတ်ပစ်လိမ့်မယ်'

ထိုစဉ် သဇင်သင်းက…

'ဟယ်… မာမီယံ၊ ဟို… ဟို အစ်ကိုကြီး ဒီကိုလာနေတယ်'

သဇင်သင်း သတိပေးစကားကြောင့် အားလုံးလှမ်းကြည့်မိကြ၏။ အမှန်တကယ်ပဲ ကိုကြီး လျှောက်လာနေတာကို တွေ့ကြရသည်။

'ဒုက္ခပဲ နွဲ့နှောင်းကို ဒီပုံစံနဲ့ တွေ့သွားလို့ မဖြစ်ဘူး၊ နွဲ့နှောင်း တစ်နေရာရာမှာ ဝင်ပုန်းနေလိုက် သွား… သွား'

အားလုံးယောက်ယက်ခတ်ပြီး ဂဏာမငြိမ် ဖြစ်ကုန်ကြ၏။ နွဲ့နှောင်းက အဝတ်အစားလဲခန်းသို့ ပြေးသည်။ အရေးကြီးပါသည်ဆိုမှ တံခါးကလွယ်လွယ်နှင့် ဖွင့်မရ။ အကြောက်လွန်ပြီး လက်ကတုန်ကာ တံခါးကပွင့်မလာ။ ကိုကြီးက ဆိုင်ထဲရောက်လာနေပြီ။

www.burmeseclassic.com

အချိန်မမီတော့သဖြင့် အနီးအနားမှ အဝတ်အစားဝတ်ထားသော မော်ဒယ်ရုပ်ကြီးများကြားသို့ဝင်ပြီး မျက်နှာခပ်စောင်းစောင်း အနေအထားနှင့် အရုပ်ယောင်ဆောင်နေလိုက်ရ၏။

'ဝေယံ··· ဟိုကောင်မလေး နွံ့နှောင်း ဘယ်သွားလဲ'

'ရှင်··· အဲ··· ဗျာ၊ နွံ့··· နွံ့နှောင်းလား၊ ဟို··· ဟိုဈေး··· ဈေးသွားတယ်၊ ကိုကြီး ဘာခိုင်းစရာရှိလို့လဲ'

'ငါ နေမကောင်းဘူး၊ ဆေးသောက်ချင်လို့ ကော်ဖီဖျော်ခိုင်းမလို့'

ကိုကြီးက အလုပ်ခန်းထဲ ဟိုလျှောက် ဒီလျှောက် ဟိုကြည့် ဒီကြည့်နှင့်မို့ အားလုံးရင်ထိတ်နေကြရ၏။ တဖြည်းဖြည်းနှင့် အရုပ်တွေနား ရောက်သွားသောအခါ ယံယံ အသက်ရှူရပ်မတတ် ဖြစ်သွား၏။

နွံ့နှောင်းမှာလည်း အရုပ်ဟန်ဆောင်ထားရာမှ အရုပ်နှင့်မတူဘဲ အကြောက်လွန်ပြီး တဆတ်ဆတ်တုန်နေတော့သည်။ ကြာလျှင် ပက်ပင်းမိပြီး ဒုက္ခရောက်တော့မည်မို့ သော်သော်က ဉာဏ်ဆင်၏။

'ကိုကြီး လာလေ၊ သော်သော် ကော်ဖီဖျော်ပေးမယ်၊ ပြီးတော့လေ ချွေးထွက်သွားအောင် ချွေးပါထုတ်ပေးမယ် လာ'

သော်သော်က ကိုကြီးအား လက်မောင်းချင်းချိတ်ပြီး နွံ့နှောင်းထံမှ ဝေးရာသို့ ဆွဲခေါ်သွား၏။ ကိုကြီးမှာ သူ့ညီနှင့်ကောင်မလေးများရှေ့တွင် အခြောက်တစ်ယောက်က ဖက်လားရက်လား လုပ်တာခံလိုက်ရသဖြင့် မျက်နှာကြီးနီမြန်းသွားအောင် ရှက်သွားသည်ထင့်။

ရှုးရှုးရားရားနှင့် ဒေါပွပေါက်ကွဲပြီး သော်သော် လက်ထဲမှ ဆောင့်ရုန်း၏။



ပြီးတော့ အားနာခြင်းအလျဉ်းမရှိဘဲ မညှာမတာ ပြောဆိုတော့သည်။

'ဖယ်စမ်းကွာ ဟိုမရောက်ဒီမရောက်နဲ့ ဘာကောင်တွေမှန်းကို မသိဘူး၊ နောက်တစ်ခါ ငါ့နားကပ်ရင် ဆွဲထိုးခံရမယ်မှတ်၊ ဟိုကောင် ဝေယံ၊ နွံ့နှောင်း ပြန်လာရင် ငါ့ဆီလွှတ်လိုက်'

'ဟုတ်'

ဒေါသများ တောက်လောင်၍ ဝုန်းဒိုင်းကျဲကာ ထွက်ခွာသွားမှ စိတ်အေးရင်အေး ဖြစ်သွားပြီး သက်ပြင်းချခွင့်ရကြ၏။

နွံ့နှောင်းလည်း အရုပ်မဘဝမှ အသက်ပြန်ဝင်လာခဲ့သည်။ ကိုကြီးကို လူလုံးပျောက်အောင် လှမ်းကြည့်နေကြရင်း ယံယံက···

'ကျေးဇူးတင်လိုက်တာ သော်ရယ်၊ သော်သာ မကယ်ရင် သာပြီဆရာပဲ'

'အင်း··· ခုတော့ သော်သော်ပဲ သေပြီဆရာ ဖြစ်ရတာလေ၊ ဟွန်း··· ပြောဆိုသွားလိုက်တာများ ရစရာကို မရှိဘူး'

'ဟုတ်ပါတယ် သော်သော်ရယ်၊ ဒါကြောင့်လည်း သော့်ကို ပြောမပြတတ်လောက်အောင် ကျေးဇူးတင်ရတာပေါ့၊ သော်သာ ဆွဲခေါ်မသွားရင် ကိုကြီးက နွံ့နှောင်းနားကို ရောက်လာတော့မှာလေ'

'အင်းလေ··· ပို့မယ့်ပို့ ကုတို့ရောက်အောင်ပို့ ဆိုသလို စပွန်ဆာပေးမယ့်ပေး စတိတ်(ချ်)ပေါ်ရောက်အောင် ပေးရတော့မှာပေါ့'

'မိုးလောက်ကြီးကို ကျေးဇူးတင်ပါတယ် မာမီသော်ရယ်၊ ရှဲ··· ရှဲ'

'ကဲ··· နွံ့နှောင်း၊ ကိုကြီး အမိန့်ချသွားတာ ကြားတယ် မဟုတ်လား၊ မိတ်ကပ်တွေဖျက် အဝတ်အစားလဲပြီး သွားလိုက်ဦး'

www.burmeseclassic.com

'ဟုတ်ကဲ့ပါ ကိုယံ၊ အင်း… လှလှပပ ကြွကြွရွရွလေး နေရတာလည်း ခဏလေးပါပဲလား၊ ခွေးရူးကောင်းစား တစ်မွန်းတည့် ဆိုတာ နွဲ့နှောင်းဘဝကို ပြောတာထင်တယ်နော်'

နွဲ့နှောင်း အပြောကြောင့် ယံယံ၊ သော်သော်၊ ဝတ်ရည်နှင့် သဇင်တို့ စိတ်မကောင်းဖြစ်သွားကြ၏။

ယံယံက…

'ဒါ ခဏတဖြုတ်ပါ နွဲ့နှောင်းရယ်၊ နတ်ဘုံနတ်နန်းမှာ စံမြန်းပြီး နတ်သမီးဘဝရောက်ဖို့ နည်းနည်းသည်းခံလိုက်ပါနော်'

'ဟုတ်တယ် နွဲ့နှောင်း၊ ဒီအတိုင်းဆို သိပ်မကြာခင်အချိန်မှာ နွဲ့နှောင်း ခြေတော်ရင်းမှာ ကိုကြီးနဲ့ကိုလေး ဝပ်စင်းခစား လာတော့မှာပါ'

'ကောင်းပါပြီ မာမီတို့ရယ်'

နွဲ့နှောင်း ခေါင်းငိုက်စိုက်ချပြီး အဝတ်လဲခန်းသို့ ဝင်သွား၏။ ဒီတစ်ခါတော့ တံခါးက လွယ်လွယ်ကူကူ ပွင့်၏။ မိတ်ကပ်များဖျက်၊ ရုပ်အင်္ကျီပြောင်း ပြန်ဝတ်ပြီး ရွှေဘုံသာရွာသူဘဝနှင့် တိုက်ကြီးဆီ ပြန်လာခဲ့တော့သည်။

❐ ❐ ❐

## အခန်း (၅)

နွဲ့နှောင်း ကွန်ပျူတာနှင့် သူမပုံများကို ပြန်ကြည့်နေ၏။ မျက်နှာကို ပုံကြီးချဲ့၍ ကြည့်သလို ကိုယ်နေဟန်ထားကိုလည်း လေ့လာ၏။ ကိုယ့်ပုံကိုကြည့်ရင်း ကျေနပ်ပီတိ ဖြစ်နေမိ၏။ နွဲ့နှောင်း၏ ဒီပုံစံကိုသာ ရွာက အေးမိတို့ ဖွေးတုတ်တို့ မြင်လိုက်ရလျှင် ဥစ္စာစောင့်ထင်ပြီး တက်သေသွားနိုင်သည်ဟု တွေးမိတော့ ပြုံးစိစိဖြစ်သွားရသည်။

ထိုသို့ နွဲ့နှောင်း ပီတိဖြစ်နေပုံအား ယံယံ လှမ်းကြည့်ပြီး သဘောကျနေ၏။ သူပြုစုပျိုးထောင်ထားသော ဥယျာဉ်မှ ပန်းလေး ပွင့်လန်းလာတာကို သဘောကျသည့် ဥယျာဉ်မှူး၏ ပီတိမျိုးလား သို့တည်းမဟုတ် ပန်းဝယ်သူက သူ့စိတ်ကြိုက်ပန်းတွေ့၍ အလိုကျသည့် ပီတိမျိုးလား ဆိုတာတော့ သူ ကွဲကွဲပြားပြား မသုံးသပ်တတ်ပေ။

မည်သို့ပင်ဖြစ်စေ နွဲ့နှောင်း အပေါ်တဖြည်းဖြည်းနှင့် သံယောဇဉ် ပိုမိုလာခဲ့သည်ကတော့ အမှန်ပင်ဖြစ်၏။

'ဘယ်လိုလဲ နွဲ့နှောင်း အရမ်းသဘောကျနေတာလား'

ယံယံ၏ အမေးစကားကြောင့် နွဲ့နှောင်း ကွန်ပျူတာထဲ ဝင်လုမတတ် သူ့မျက်လုံးများကို ကမန်းကတန်း ဆွဲထုတ်လိုက်ရသည်။

www.burmeseclassic.com

'ဟုတ်ကဲ့ပါ ကိုယံ၊ နွဲ့နှောင်းလေ အဲဒီပုံတွေကြည့်ပြီး နွဲ့နှောင်းမှ ဟုတ်ရဲ့လားဆိုတဲ့ အတွေးပဲဝင် ဝင်နေမိတယ် ကိုယံ'

'ဟင်း... ဟင်း... ဟင်း၊ ဒါတွေဟာ အိမ်မက်မဟုတ်ပါဘူး နွဲ့နှောင်းရယ်၊ ဒါနဲ့ နွဲ့နှောင်း ပထမနှစ် စာမေးပွဲဖြေရတော့မယ်နော်၊ စာမေ့ကော ရရဲ့လားဟင်'

'ရပါတယ် ကိုယံ၊ ငြိမ်း သင်တန်းက အထူးထုတ်လည်းဖတ်တယ်၊ ပို့ချမှုအခွေတွေလည်း နားထောင်ရတယ်လေ၊ လိုက်နိုင်ပါတယ် ကိုယံ'

'ကောင်းတယ် နွဲ့နှောင်း၊ ကြိုးစားနော် သတ်မှတ်တဲ့အချိန်မှာ ကျောင်းပြီးဦးမှာ မဟုတ်သေးတော့ အလှအပရယ် ဖက်ရှင်ဒီဇိုင်းရယ်နဲ့ပဲ လူရာဝင်အောင် လုပ်ရမှာလေ'

'ဟုတ်ကဲ့ပါ ကိုယံ'

'ဒါပေမဲ့ ပူစရာတော့ မလိုပါဘူး၊ ဣတ္ထိ ရုပ် ခန့်လို့ ဆိုရိုးရှိတယ် မဟုတ်လား၊ လှပကျော့ရှင်းနေတဲ့ မိန်းကလေးတစ်ယောက်ဟာ သူ့အလိုလိုကို တန်ဘိုးရှိလာမှာပေါ့'

'ဟုတ်ပါတယ် ကိုယံ'

'ဒီတော့ နွဲ့နှောင်းက ကိုယ့်အလှကို ယုံကြည်မှု ရှိရမယ်၊ အလှတရားနဲ့ပဲ အားလုံးကိုလွှမ်းမိုးပြီး အနိုင်ယူရမယ် ကြားလား'

'ဟုတ်... ကိုယံ... ဟုတ်'

ကိုယံနှင့်နွဲ့နှောင်းတို့ အခုလို အေးအေးဆေးဆေး စကားပြောခွင့် ကြုံရဖို့က ရတောင့်ရခဲ အခြေအနေမို့ အခွင့်အရေးရခိုက် ကိုယ့်အကျိုးအတွက် အမှန်းခံပြီး ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။

'ဒါနဲ့ ကိုယံ စိတ်မဆိုးဘူးဆိုရင် နွဲ့နှောင်း တစ်ခုလောက် ပြောပါရစေလားရှင်'

အထူးအဆန်း စကားပလ္လင်ခံလာသည့်အတွက် ယံယံ နွဲ့နှောင်းအား စေ့စေ့ကြည့်လိုက်သည်။ နားမလည်နိုင်သော အမူအရာ



က သူ့မျက်နှာတွင် အထင်းသား။ သိချင်စိတ်တို့ စေ့ဆော်လာဟန်နှင့် မျက်လုံးပုတ်ခတ် ပုတ်ခတ်လုပ်ရင်း...

'ပြောလေ နွဲ့နှောင်း ဘာကိစ္စများလဲ'

'အဟင်း... မျက်နှာသာပေးလို့ ရွှေရေးပန်းကန်တင်တယ်လို့တော့ မထင်စေချင်ပါဘူး ကိုယံ၊ ဒီစကားတွေကို နွဲ့နှောင်း တကယ်ခင်တဲ့ ကိုယ့်အကျိုးအတွက်ပြောတယ် ဆိုတာတော့ နွဲ့နှောင်းကျိန်ဝံ့ပါတယ်ရှင်'

နိဒါန်းတွေ အပျိုးတွေ များသွားသဖြင့် ယံယံ ပို၍စိတ်ဝင်စားသွားသည်။

'ကဲပါ... နွဲ့နှောင်းရယ်၊ ပြောစရာရှိတာသာ ပြောပါ'

'ဟုတ်ကဲ့... ဟိုလေ... မနုဿတ္တ ဘာဝေါ ဒုလ္လဘောဆိုတဲ့ စကားနဲ့ ဥဒုမ္ဗရာပွင့်ကို ကိုယံက နွဲ့နှောင်းထက် အရင်ကြားဖူးခဲ့မှာပေါ့'

'အင်း... ကြားဖူးပါတယ် နွဲ့နှောင်း'

'ရခဲလှတဲ့ လူ့ဘဝမှာ ဥဒုမ္ဗရာသီးလို အရေးအတွက်မျိုးဖြစ်တဲ့ ပုရိသယောကျ်ားမြတ် ဘဝကိုရထားပါရက်နဲ့ ကိုယံ ဘာလို့ အခုလို နေနေတာလဲဟင်၊ နွဲ့နှောင်းလေ တွေးရင်းတွေးရင်း နှမြောမိလွန်းလို့ပါ'

နွဲ့နှောင်း၏ နှုတ်ထွက်စကားကြောင့် ယံယံ မျက်နှာပန်းရောင်သန်းသွားသည်။ သူ နွဲ့နှောင်းကို မျက်လုံးချင်းဆိုင်၍ မကြည့်ရဲတော့။

'ဘုရားဆုပန် မင်းယောကျ်ားလို့ခေါ်တာ အလကား မဟုတ်ပါဘူး ကိုယံ၊ အမြင့်ဆုံးဘုရားအဖြစ်ကို တော်ရုံတန်ရုံယောကျ်ား မရနိုင်ပေမယ့် အမြတ်ဆုံးရဟန်းဘဝကိုတော့ ရနိုင်သေးတာပဲ မဟုတ်လား၊ နွဲ့နှောင်းလေ ကိုယ့်ကိုတည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်အဖြစ် သိပ်မြင်ချင်တာပဲ သိလား'

www.burmeseclassic.com

ယံယံ့မှာ တုံ့ပြန်စရာစကားတို့ ရှားပါး၍ ဆွံ့အလို့သွားရ၏။ နွဲ့နှောင်း မျက်နှာကို စေ့စေ့မကြည့်ဝံ့၊ ရှက်ရွံ့ခြင်းကဝေက ဝိဉာဉ်နှုတ်သွားသကဲ့သို့ ခံစားနေရသည်။

'ကိုယ်က နွဲ့နှောင်းကို အားလုံးက တန်ဖိုးထားရတဲ့ ဂုဏ်သရေရှိ ပညာတတ်မိန်းမတစ်ယောက် ဖြစ်စေချင်သလို နွဲ့နှောင်းကလည်း ကိုယ့်ကို ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက် ဖြစ်စေချင်တယ်လေ'

'နွဲ့နှောင်းရယ် တောင်းဆိုချက်တွေက များလှချည်လား'

'အားလုံး ကိုယ့်အတွက်ပါ'

'သိပ်တော့လွယ်မယ် မထင်ဘူး နွဲ့နှောင်း၊ ယံယံက ယောကျ်ားတွေကို သိပ်အမြင်ကပ်တာ ပြီးတော့ မုန်းလည်းမုန်းတယ် နွဲ့နှောင်းရဲ့'

'ဘာဖြစ်လို့လဲ ကိုယ်'

ထိုမေးခွန်း အဆုံးမှာတော့ ယံယံ့မျက်ဝန်းများ မိုးဥတု ဖြစ်သွား၏။ ဝေ့သီတွဲခိုလာသော မျက်ရည်တို့က ပြိုကျလုမတတ်။

'ယံယံကို မွေးပြီးတော့ မေမေ အိပ်ရာထဲလဲတော့တာလေ၊ ဘယ်လိုမှ နလံမထူတော့ဘဲ ယံယံ နှစ်နှစ်သားအရွယ်မှာ ဆုံးသွားခဲ့တာ၊ ဖေဖေက သူ့မိန်းမဆုံးရတာ ယံယံ့ကြောင့်ဆိုပြီး အညှိုးအတေးနဲ့ မုန်းခဲ့တာ နေ့တိုင်းအရက်တွေသောက်ပြီး ရိုက်နှက်ခဲ့တာ အဲဒီကတည်းက အဖေ့ကို ကြောက်သွားတာလေ'

'ဩော်'

'ဒါတင်ကမလား အစ်ကိုတွေကလည်း မကောင်းပါဘူး၊ ဝိုင်းပြီးအနိုင်ကျင့် နှိပ်စက်ခဲ့ကြသေးတာ'

'ဖြစ်မှ ဖြစ်ရလေ ကိုယ်ရယ်'

'ယံယံ တစ်ယောက်တည်း အမေ့ အဝတ်အစားတွေဖက်ပြီး ငိုခဲ့ရတဲ့ရက်တွေ၊ အမေကို ကမ်းတခဲ့ရတဲ့ရက်တွေ၊ မိန်းမသားတစ်ယောက်ရဲ့ နူးညံ့သိမ်မွေ့တဲ့ ပြောဆိုဆက်ဆံမှုကို အာသာငမ်းငမ်းနဲ့ တောင့်တခဲ့ရတဲ့ရက်တွေကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ ဖြတ်ကျော်ခဲ့ရတာပါ'



'စာနာမိပါတယ် ကိုယ်'

'အဲဒီ ဒုက္ခတွေအားလုံး ကြီးနွဲ့ ရောက်လာမှ လွတ်ခဲ့ရတာ၊ ယံယံ့အတွက် ပုန်းခိုစရာရင်ခွင်ရခဲ့တာပါ၊ အဲဒီ အချိန်ကစပြီး မိန်းမသားရင်ခွင်ရဲ့ တန်ဘိုး၊ မိန်းမသား မေတ္တာရဲ့အစွမ်းကို ဦးထိပ်ပန်ဆင်မိခဲ့တာပေါ့'

ယံယံပြောရင်းနှင့် မျက်ရည်ကာတာကျိုးသည့်အလား မျက်ရည်များ ဒလဟော သွန်ချလိုက်တော့၏။ နွဲ့နှောင်းက ကိုယ့်လက်များအား ဖျစ်ညှစ်နှစ်သိမ့်ပေးလိုက်သည်။

'ဘီလူးတွေအလယ်မှာ အထိတ်တလန့် နေခဲ့ရတဲ့သူတစ်ယောက်က နတ်သမီးကို ကိုးကွယ်မိတာ အားကျမိတာ ဆန်းသလား၊ ရက်စက်ကြမ်းကြုတ်မှုကို ရွံ့မုန်းမိတာ လွန်သလား နွဲ့နှောင်း'

'ဟုတ်ပါပြီ၊ ကိုယ် ဖြတ်သန်းလာခဲ့ရတဲ့ အနေအထားကို နွဲ့နှောင်း သဘောပေါက်သွားပါပြီ၊ ဒါပေမဲ့ ကိုယ်က မောင်မစ္ဆကလို ရဟန္တာကို စော်ကားမိလို့ လက်ငင်းဘဝပြောင်းပြီး ဝဋ်ခံနေရတာမှ မဟုတ်ဘဲ၊ စိတ်ပြောင်းသွားအောင် ခွဲနဲ့ကြိုးစားလို့ ရပါသေးတယ်'

နွဲ့နှောင်း၏ စကားရေအလျဉ်တွင် ယံယံ မျောပါသွား၏။ ဘဝမှန်ကို ပြန်သွားရန် ဆန္ဒရှိနေပြီလားတော့ မပြောတတ်၊ သို့သော် အရှုံးမရှိနိုင်သောကိစ္စမို့ ဆက်လက်တိုက်တွန်းမိ၏။

'ကိုယ့် အနေနဲ့ အရင်ဆုံး အဝတ်အစားကို ပြောင်းပစ်လိုက်တအားမိန်းမဆန်တာတွေ မဝတ်နဲ့တော့ အပြုအမူ အပြောအဆိုကအစ သတိထားပြီးနေ၊ ပြီးတော့ ပြစ်မှားမိခဲ့တာတွေ ရှိခဲ့ရင် ကျေအောင် ခင်ပွန်းကြီးသယ်ပါးကို တောင်းပန်ပြီး ကန်တော့လိုက် အဲဒါဆို ဘဝမှန်ကို ပြန်ရောက်ဖို့ အထောက်အကူ ဖြစ်လိမ့်မယ်'

www.burmeseclassic.com

'ခင်ပွန်းကြီးဆယ်ပါးဆိုတာ ဘာလဲ'

'ခင်ပွန်းကြီးဆယ်ပါးဆိုတာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက၊ မိခင်၊ ဖခင်၊ ပညာသင်ဆရာ၊ လော်ကနီတိ ပညာသင်ဆရာ၊ ဓမ္မကထိက၊ ဥနဲ့ ကျေးဇူးပြု အကူအညီပေးဖူးသူတွေကို ပြောတာ ကိုယ်ရဲ့'

'အင်းလေ နွဲ့နှောင်း ဆန္ဒရှိရင် ယံယံ ကြိုးစားကြည့်ပါ့မယ်'

'ဝမ်းသာလိုက်တာ ကိုယ်ရယ်၊ ဒါပေမဲ့ အရေးကြီးဆုံးက ကိုယ့်စိတ်ပဲနော်၊ စိတ်ဓာတ်ပြင်းပြမှ အောင်မြင်မှာ၊ နွဲ့နှောင်း ရောက်လာခါစက ဝိတ်လျှော့ဖို့ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်ခဲ့သလို မျိုးပေါ့'

'ဟုတ်ပါပြီ နွဲ့နှောင်းရယ်၊ ယံယံ ကိုယ့်စိတ်ကိုမေးပြီး ယတိပြတ် ဆုံးဖြတ်ချက်ချနိုင်ရင် ယံယံ ပြောပါ့မယ်'

'ဟုတ်ကဲ့ပါ ကိုယ်၊ ဒီကိစ္စဆုံးဖြတ်နိုင်ဖို့ ကိုယ့်အတွက် သိပ်ခက်ခဲမယ်ဆိုတာ နွဲ့နှောင်း သိပါတယ်၊ ဒါပေမဲ့ ကိုယ့်ကို နမြောလွန်းလို့ပါ၊ နွဲ့နှောင်းကို ခင်ရင်ကြိုးစားပါနော်'

'စိတ်ချပါ နွဲ့နှောင်းရယ်၊ စိတ်ချပါ'

နွဲ့နှောင်း ကိုယ့်ထံမှ ကတိရလိုက်သဖြင့် ဝမ်းသာကျေနပ်သွားရ၏။

❐ ❐ ❐

ထိုနောက်ပိုင်းရက်များတွင် နွဲ့နှောင်းမှာ အဝေးသင် ပထမနှစ်ဖြေဖို့ အနီးကပ်သင်တန်းတက်ရ၊ စာကျက်ရ၊ အိမ်မှုကိစ္စလုပ်ရနှင့် မအားမလပ်ဖြစ်နေရသဖြင့် ကိုယ်နှင့်ပင် သိပ်မတွေ့ဖြစ်။



တစ်အိမ်ထဲနေပြီး ဝေးနေခဲ့ကြသည်။ သူ့အလုပ်သူလုပ် ကိုယ့်အလုပ်ကိုယ်လုပ်နှင့် မဆုံဖြစ်ခဲ့ကြ။

နွဲ့နှောင်း စာမေးပွဲပြီးသွားတော့ ဘဝအတွက် အားတက်ရသလို ယုံကြည်ချက်များလည်း ခိုင်မာလာရ၏။

မနက်စောစော အိပ်ရာမှထပြီး မလုပ်ဖြစ်တာ ကြာပြီဖြစ်သော အားကစားလေ့ကျင့်ခန်းကို လုပ်ဖြစ်သည်။ လေ့ကျင့်ခန်းအပြီးတွင် ကြီးနွဲ့ကိုကူဖို့ မီးဖိုချောင်သို့ ဝင်လာခဲ့၏။

'ကြီးနွဲ့ ဒီနေ့ ဘာစီစဉ်ထားလဲ၊ သမီး ဘာလုပ်ပေးရမလဲ'

'ဟော… နွဲ့နှောင်း၊ အတော်ပဲ ညည်းအစ်ကိုတွေက ညကတည်းက အမိန့်ချသွားတာလေ ထမင်းကြော်တဲ့၊ အားလုံးပြီးပါပြီ ဂျုံးမကပ်အောင် နည်းနည်းမွှေထားပေး'

'ဟုတ်ကဲ့ ကြီးနွဲ့'

ဂက်(စ)မီးဖိုပေါ်မှ ထမင်းကြော်ဒယ်အိုးကို နွဲ့နှောင်း အထက်အောက်လှန်ကာ သမအောင် မွှေပေးနေလိုက်၏။

'ဒါနဲ့ စာမေးပွဲကော ဖြေနိုင်ရဲ့လား သမီး'

'ဖြေနိုင်ပါတယ် ကြီးနွဲ့ရယ်၊ သမီးအကြောင်း သိတယ်မဟုတ်လား၊ မလုပ်ရင်လည်းနေရော လုပ်ပြီဆိုလည်း ခွဲနပဲနဲ့ အောင်မြင်တဲ့အထိ မဆုတ်မနစ်ပဲ'

'အေးပါ သမီးရယ် အေးပါ၊ သမီး အောင်မြင်မှလည်း မောင်လေးဖိုးနီ တမလွန်မှာ စိတ်အေးရမှာ'

'ဟုတ်ကဲ့ပါ ကြီးနွဲ့ရယ်၊ တကယ်တော့ ဒါတွေဟာ ကိုယ်ရဲ့ ကျေးဇူးတွေပါ'

'သိပ်ကိုသေချာတာပေါ့ သမီးရယ်၊ ယံယံလေးက တကယ်စိတ်ကောင်းရှိတဲ့ကလေးပါ၊ ကြီးနွဲ့က သူ့ကို ငယ်ငယ်လေးကတည်းက ထိန်းလာခဲ့ရတော့ သူ့အကြောင်း ကောင်းကောင်းသိတယ်'

'ဒါနဲ့ ကိုယ် ဘာလို့ မိန်းမစိတ်ပေါက်သွားရတာလဲ ကြီးနွဲ့'

www.burmeseclassic.com

'အင်း… ဘယ်လို ပြောရမလဲ၊ အမေကို အရမ်းတွယ်တာတဲ့ စိတ်ကြောင့်လို့ ပြောရမှာပဲ ထင်တယ်၊ သူ့ကို မွေးပြီးကတည်းက အမေက မကျန်းမာတော့ နို့လည်းကောင်းကောင်း မစို့ရ၊ အမေ့ရင်ခွင် နွေးနွေးမှာလည်း နေခွင့်မရ၊ ဒီကြားထဲ နို့မပြတ်ခင်မှာတင် အမေက ဆုံးသွားတော့ ရင်ခွင်ပျောက်ပြီး စိတ်ဂယောက်ဂယက် ဖြစ်သွားခဲ့ရတာလေ'

'သနားစရာပဲနော်'

'ဟုတ်ပါ့ကွယ် သူ ငယ်ငယ်တုန်းက သူ့အမေ အဝတ်အစားတွေ ဖက်ပြီးအိပ်တတ်တာတောင် သတိရမိသေးတယ်၊ ထားလိုက်ပါတော့ စိတ်မကောင်းစရာတွေ ပြန်မပြောချင်ဘူး သမီးရယ်၊ ဒါနဲ့ သမီး ကျောင်းက ဘယ်နှနှစ်တက်ရဦးမှာလဲ'

'အားလုံး သုံးနှစ်လေ၊ ကျောင်းပြီးအောင် နောက်ထပ် နှစ်နှစ် ထပ်တက်ရဦးမှာ'

'ကြိုးစားနော် သမီး၊ စာမေးပွဲတိုင်းအောင် အောင်ဖြေ'

'ဘာ စာမေးပွဲတွေ ဖြေခိုင်းနေတာလဲ ကြီးနွဲ့ရဲ့'

ရုတ်တရက်ဝင်လာပြီး မေးလိုက်သော ကိုလေး၏ မေးခွန်းကြောင့် ကြီးနွဲ့တို့ တူအရီးနှစ်ယောက် သူခိုးလူမိသလို အထိတ်တလန့် ဖြစ်သွားကြရ၏။

'ရှင်… ဟို… ဟို… ဟိုဟာလေ ကိုလေးရဲ့'

'သြော်… အိမ်ကိုဆွမ်းခံကြွတဲ့ ကိုယ်တော်လေး ပထမကြီးတန်း စာမေးပွဲဖြေမလို့တဲ့ သားရဲ့၊ အဲဒါ ကိုယ်တော်လေး စာမေးပွဲဖြေနိုင်အောင် လိုအပ်တာ ထောက်ပံ့လှူဒါန်းပေးဖို့ တိုင်ပင်နေကြတာလေ'

'ဟင်း… ဟင်း၊ ဟုတ်… ဟုတ်တယ် ကိုလေး ဟုတ်တယ်၊ ကိုလေးလည်း ဝင်ဖြေပါလား၊ ဓမ္မာစရိယဖြစ်ဖြစ်၊ အဘိဓမ္မာဖြစ်ဖြစ်ပေါ့ ဟဲ… ဟဲ…'

'ဘာ ငါက ဘာကိစ္စ ဘုန်းကြီးစာ ဝင်ဖြေရမှာလဲ'



'ရှင်… အဲ… ယောင်… ယောင်သွားလို့ပါ ကိုလေး၊ ဒါနဲ့ မနက်စာ စားတော့မလားဟင်၊ အားလုံးအဆင်သင့်ပဲ'

'အေး… စားမလို့ ဗိုက်ဆာလို့လာပြောတာ မစားရဘဲ ဘုန်းကြီးဝတ်ရမလို ဖြစ်နေပြီ'

'ဟဲ… ဟဲ ထမင်းစားခန်းကစောင့် ကိုလေး၊ ခု လာပို့ပေးမယ်'

'အေး… မြန်မြန်လုပ်'

ကိုလေး ထွက်သွားတော့မှ သက်ပြင်းချရင်း တူအရီးနှစ်ယောက် ကျိတ်ရယ်ကြရ၏။

'တော်ပါသေးရဲ့ ကြီးနွဲ့ အလျှောက်ကောင်းလို့နော်'

'ဒါပေါ့ သမီးရဲ့၊ နေ့ပြောနောက်ကြည့်ဆိုတာ ဟင်း… ဟင်း၊ နောက်တစ်ခါဆို ဘုန်းကြီးလည်း ကယ်နိုင်မှာ မဟုတ်တော့ဘူး'

❐ ❐ ❐

သော်သော် အလည်လာသဖြင့် စားစရာ သောက်စရာများနှင့် ဧည့်ခံရသည်။ သော်သော်က ဒီဇိုင်နာပြိုင်ပွဲသတင်း ယူလာခဲ့သည်။ ပြည့်ပြည့်စုံစုံရှင်းပြတာကို နားထောင်ပြီးတော့ တော်တော်မောသွားရ၏။

'ဟယ်… ဒါဆို ပြိုင်ပွဲက အကြာကြီးပေါ့ ဟုတ်လား'

'ဟုတ်ပ… ဟုတ်ပ၊ ဒီဇိုင်နာ ငါးယောက်နဲ့ စပြိုင်ရမှာလေ၊ မြန်မာဝတ်စုံ၊ ကုမ္ပဏီဝတ်စုံ၊ အလှဖက်ရှင်ဝတ်စုံ အဲသလိုမျိုး ဘာသာရပ်ပေါင်းစုံ ပြိုင်ရမှာ ပြီးတော့ မော်ဒယ်အောက်သွားတဲ့ အဝတ်အစားတွေကို ပြန်သုံးပြီး ခေတ်မီဒီဇိုင်းသစ် ပြန်ချုပ်ပြရတာမျိုးတွေအထိ အကုန်အစုံပါတယ်'

'ပြီးတော့ရော'

'ပြီးတော့ သတ်မှတ်ထားတဲ့ အဆင့်တိုင်းမှာ အမှတ်အနည်း

www.burmeseclassic.com

ဆုံး တစ်ယောက်စီ ပြုတ်ပြုတ်သွားလိုက်တာ နောက်ဆုံးပွဲမှာ နှစ်ယောက်တည်း ကျန်တဲ့အထိပေါ့'

'နောက်ဆုံးကျန်တဲ့သူမှ ဆုရမှာပေါ့၊ ဟုတ်လား သော်သော်'

'ဟုတ်ပ နွဲ့နှောင်းရယ်၊ ကဲ… ဘယ်လိုလဲ၊ ယံ ပြိုင်မှာလား'

'ပြိုင်ရမှာပေါ့၊ ဒါ ကိုယ့်အရည်အချင်း ကိုယ်စစ်တဲ့ပွဲပဲ မဟုတ်လား၊ အစွမ်းပြရမှာပေါ့'

'ပြိုင် ကိုယံ၊ နွဲ့နှောင်း ကူညီမယ်၊ ပြိုင်သာပြိုင် အားမနာနဲ့၊ ဘယ်လောက်ကြာကြာ ရတယ်'

'ကဲ… မော်ဒယ်လည်း အဆင်သင့်၊ ဒီဇိုင်နာလည်း အဆင်သင့်ပဲဟာ၊ ဘာလိုသေးလို့လဲ'

'အင်းပါ သော်ရဲ့၊ ယံ ဝင်ပြိုင်မှာပါ၊ လိုအပ်တာတွေ ပြင်ဆင်စုဆောင်း ထားလိုက်တော့မယ်လေ'

'ကောင်းတယ် ယံ၊ ဖက်ရှင်ဒီဇိုင်နာဆိုတာ အင်္ဂလန်တို့၊ ပြင်သစ်တို့၊ ဟောလိဝုဒ်တို့မှာတော့ အရမ်းမျက်နှာပွင့်တာ ယံရဲ့၊ ဟိုတလောက အမေရိကန် လော့အိန်ဂျလိ(စ်)မှာ ကျင်းပတဲ့ MTV တေးဂီတဆုပေးပွဲ အခမ်းအနားမှာဝတ်လာတဲ့ ကမ္ဘာကျော်ပေါ့(ပ်) စတား 'လေဒီဂါဂါး'ရဲ့ပွဲတက်ဝတ်စုံဆို တစ်ကမ္ဘာလုံး ပွက်လောရိုက်အောင် နာမည်ကြီးသွားခဲ့သေးတာ'

'ဘယ်လို ဝတ်စုံမို့ နာမည်ကြီးရတာလဲ သော်သော်ရဲ့'

'ဝတ်စုံကို ပိတ်စနဲ့မချုပ်ဘဲ အမဲသားအစိမ်းတွေနဲ့ အလှဆင်ချုပ်ထားလို့လေ'

'ရှင်! အင်္ကျီကို အမဲသားနဲ့ချုပ်တယ် ဟုတ်လား'

'ဟုတ်တယ် နွဲ့နှောင်းရဲ့၊ အဲဒီ ဝတ်စုံကို ဖရန့်ဖာနန်ဒက်(စ်) ဆိုတဲ့ ဒီဇိုင်နာက အမဲသားအစိမ်း ပေါင်၅၀ အသုံးပြုပြီး နှစ်ရက်အချိန်ယူ ချုပ်ခဲ့တာတဲ့'

'ဆန်းလှချည်လား သော်သော်ရယ်'



'ဆန်းရုံတင် ဘယ်ကမလဲ၊ အဲဒီကိစ္စနဲ့ပက်သက်ပြီး တိရစ္ဆာန်အခွင့်အရေး ထိန်းသိမ်းစောင့်ရှောက်တဲ့ အဖွဲ့တွေက အသည်းအသန်ကို ကန့်ကွက်ခဲ့ကြသေးတာတဲ့'

စကားဝိုင်းထဲ ဝင်ပါလာကြသော သခင်က…

'အမဲသားအစိမ်းနဲ့ ဘယ်လိုများ အင်္ကျီချုပ်ပါလိမ့်နော်၊ တကယ့်ကို မယုံနိုင်စရာကြီးပါပဲလား'

'အမဲသားကို ညှီနံ့မထွက်အောင် မပုပ်အောင် ဆေးတွေသွင်း၊ ဆေးတွေစိမ်ပြီးမှ အအေးခန်းထဲထည့်ပြီး အထူးတလည် စီမံချုပ်လုပ်ရတာတဲ့'

'အင်း… သူတို့ဆီမှာက လုပ်လိုက်ရင်လည်း အထူးအဆန်း ဖြစ်လိုက်ရင်လည်း အသည်းအသန်ပဲနော်'

'ဒါဆို လေဒီဂါဂါး ဆိုတဲ့ အဆိုတော်က ကမ္ဘာ့ပထမဆုံး အသားစိမ်းနဲ့ချုပ်တဲ့ အင်္ကျီကို ပထမဆုံးဝတ်တဲ့သူ ဖြစ်သွားမှာပေါ့နော်'

'သိပ်ကို သေချာတာပေါ့ နွဲ့နှောင်းရယ်'

ပြိုင်ပွဲနှင့်စပြီး အထူးအဆန်း အကြောင်းအရာများနှင့် သိမ်းသွားသည့် စကားဝိုင်းအပြီးတွင် သော်သော်လည်း နှုတ်ဆက်ပြန်သွား၏။ ကိုယံက သခင်နှင့်ဝတ်ရည်တို့အား လုပ်စရာအလုပ်များ ချပေးပြီး နွဲ့နှောင်းကိုတော့ စလောင်းမှလာသော ဖက်ရှင်လိုင်းကို ဖွင့်ပေး၍ မော်ဒယ်(လ်)များ ကိုယ်ဟန်ပြပုံ၊ လမ်းလျှောက်ပုံများကို လေ့လာစေသည်။

နိုင်ငံရပ်ခြားမှ မော်ဒယ်(လ်)ရှိုး၊ ဖက်ရှင်ရှိုးများကို အခုမှ အသေအချာမြင်ဖူးသည်မို့ စိတ်ဝင်တစား ကြည့်ရှုလေ့လာရ၏။

ကြည့်ကာစ၌ မျက်စိမယဉ်သေးသဖြင့် သိပ်အဆင်မပြေလှပေ။ သူတို့တွေ လျှောက်နေပုံက တစ်ယောက်ယောက်နှင့် ရန်ဖြစ်ပြီး စိတ်ဆိုးလာသလို ဘောက်ဆတ်ဘောက်ဆတ်နှင့် ဖြစ်၏။

မျက်နှာအမူအရာကလည်း ကြွေးသွားတောင်းတာ မရသဖြင့်

www.burmeseclassic.com

ချွေ့ပွလာသလိုမျိုး မျက်နှာကို သုံးဆယ့်နှစ်ခေါက်လောက် ချိုးထားသေးသည်။ မာမာထန်ထန်နှင့် မိုက်မိုက်ရိုင်းရိုင်း ပုံစံမျိုးဖြစ်၏။

ဒေါနှင့်မောနှင့် ဆတ်တောက်ဆတ်တောက် ဘောက်ဆတ်ဘောက်ဆတ် လုပ်ပြီးရှိသမျှ၊ ဣတ္ထိယ အာမခံပစ္စည်းမှန်သမျှတို့အား မညှာမတာလှုပ်ရမ်းပြရင်း နောက်က ရဲလိုက်လာသကဲ့သို့ လျှောက်ပြကြ၏။

CAT WALK လမ်းအဆုံးသို့ ရောက်သောအခါ တင်ကိုပစ်၊ ရင်ကိုချီ၊ မျက်နှာကိုမော့၊ ခါးကိုထောက်၍ ရွှေပွဲလာနှင့်အကဲဖြတ်ဒိုင်တို့အား မထီမဲ့မြင်ကြည့်ပြီး ကိုယ်ကိုတစ်ပတ် လှည့်ပြသည်။

ပြီးသည်နှင့် ကျောပေးကာ လာရာလမ်းအတိုင်း လှုပ်လို့ရတာ အကုန်လှုပ်၍ ပြန်ဝင်သွား၏။

'အင်း… အနောက်တိုင်း မော်ဒယ်လ်တွေလိုသာ လျှောက်ရရင်တော့ သက်ဆိုးရှည်မှာ မဟုတ်ပါဘူး'

သို့နှင့် စလောင်းချယ်နယ်ပြောင်း၍ မြန်မာမော်ဒယ်လ်ရှိုးအခွေထည့်ကာ လှေလာကြည့်ရှုနေလိုက်၏။ မော်ဒယ်လ်လျှောက်သည်ဆိုမှတော့ မျဉ်းဖြောင့်တစ်ကြောင်းပေါ် ခြေထောက်ကိုလိမ်၍ လျှောက်ရသည့် အခြေခံချင်းကတော့ အတူတူပင်ဖြစ်သည်။

မြန်မာ့ရှိုးပွဲက အနောက်တိုင်းရှိုးပွဲလောက်တော့ မျက်စိမရိုင်း၊ ကိုယ်လုံးအလှပေါ်ရုံ၊ လမ်းလျှောက်တာ ကြည့်လှရုံ၊ ဝတ်ထားသော အင်္ကျီအဝတ်အစား ပေါ်လွင်ထင်ရှားရုံလောက်သာ လျှောက်ပြကြ၏။

ထိုနည်းကိုသာ အတည်ယူလေ့ကျင့်ရတော့မည်ပေါ့။ သိပ်ခက်ခဲလှသည့်အလုပ် မဟုတ်သော်လည်း စန်းရှိဖို့၊ ဆွဲဆောင်မှုရှိဖို့တော့လို၏။ နွဲ့နှောင်းမှာက လူရာဝင်ဖို့ ဒီအိမ်ပေါ်မှ နှင်ချမခံရဖို့အတွက် မဖြစ်မနေ လုပ်ဆောင်ရမည်ဆိုသည့် စိတ်ဓာတ်ခွန်အား ရှိနေသည်။

ပထမနှစ်အောင်စာရင်း စောင့်နေစဉ်အတွင်း သော်သော်နှင့်အတူ ရှိုးပွဲများ လိုက်ကြည့်ဖြစ်၏။ ရှော့ပင်းမောလ်များတွင် ပြုလုပ်



သော အပျော်တမ်းရှိုးပွဲများ ဝင်လျှောက်ဖြစ်၏။ နောက်တော့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့် MRTV4 မှလွှင့်သော စတိုင်ရှိမှစတားဖြစ်မယ်အစီအစဉ်တွင် ဝင်ပြိုင်ခဲ့သည်။

ပွဲဦးထွက် ထိုပွဲမှာပင် ပထမဆုရရှိခဲ့၍ မာမိယံ၊ မာမီသော်တို့နှင့်အတူ ပျော်မဆုံးမော်မဆုံး ဖြစ်ခဲ့ကြသေး၏။

ထို့နောက်မှာတော့ ဒီဇိုင်နာရဲ့ ဒီဇိုင်းအစီအစဉ်အတွက် အားစိုက်ကြရတော့သည်။ ထိုအတောအတွင်း ယံယံ၏ အနေအထိုင်လည်း အနည်းငယ် ပြောင်းလဲလာ၏။ အရင်ကလို ထဘီစကပ်တွေ၊ စကပ်တိုတွေ၊ ဂါဝန်တွေ မဝတ်တော့။ အရောင်နုနုပွင့်ရိုက် ရှပ်အင်္ကျီလှလှလေးများနှင့် စတိုင်ဘောင်းဘီကိုတွဲ၍ ဝတ်လာသည်။ မျက်နှာအချယ်အသလည်း လျှော့လာ၏။

ယံယံ မိန်းမသိပ်မဆန်တော့သဖြင့် ပိုကြည့်ကောင်းလာသည်။ စတိုင်ပြောင်းခါစတွင် ယံယံ ရှိုးတိုးရှန့်တန့် ဖြစ်နေသေး၏။

'ဟယ်… ကိုယံ၊ ဒီလိုဝတ်ထားတော့ ကြည့်လို့ကောင်းလိုက်တာ၊ ကိုယံနဲ့လိုက်တယ် သိလား'

'ဟယ်… နွဲ့နှောင်းကလည်း ရှက်စရာကြီး ဘာတွေပြောနေမှန်းလည်း မသိဘူး'

'အကောင်းပြောတာ ကိုယံရဲ့၊ တကယ်ကြည့်ကောင်းတာ၊ ဒါပေမဲ့ သိပ်တော့ရှိုးမထုတ်နဲ့နော်၊ ကောင်မလေးတွေ ဝိုင်းနေမှာစိုးလို့'

'ကဲ… ကဲ… ကဲဟယ်၊ သူများ ရှက်ပါတယ်ဆိုမှ စဦး… စဦး'

ယံယံ ရှက်ပြီး နွဲ့နှောင်းကို လိုက်ရိုက်၏။ နွဲ့နှောင်း အလုပ်ခန်းထဲတွင် ပတ်ပြေးသည်။ ယံယံက လိုက်၏။ နွဲ့နှောင်းက မော်ဒယ်လ် ရုပ်မများကြား ဝင်ပုန်း၍ ရှောင်သည်။ ယံယံက ဘယ်ခြောက်ကာ ညာလှမ်း၍ ခွတ်ဖမ်းလိုက်တော့ ယံယံ့ ရင်ခွင်ကြားမှာ နွဲ့နှောင်း မိသွားတော့၏။

www.burmeseclassic.com

'ကဲ… လူဆိုးမလေး မိပြီ'

'အယ်… ကိုယံကလည်း လွှတ်ပါ'

မောင်နှမဆိုသော်လည်း နှစ်ဝမ်းကွဲဟူသော အသိက ရင်ပွင့်မတတ် ပူထူသွားစေသည်။ နွဲ့နှောင်း ရုန်းသည်၊ ရှောင်ထွက်သည်မရ။ ယံယံ့ မျက်ဝန်းမှ အမျိုးအမည်မသိ အရောင်များ ဖြာထွက်နေ၏။ နွဲ့နှောင်း လန့်သွားသည်။

'ကို… ကိုယံ… ကိုယံ… ဟို… ဟို သဇင်တို့ ဝတ်ရည်တို့လာတော့မယ်လေ၊ တော်ကြာ တွေ့သွားလို့ အထင်လွဲနေကြဦးမယ်၊ နွဲ့နှောင်းတို့က မောင်နှမတွေ မဟုတ်လား'

နွဲ့နှောင်းစကား ထိရောက်သွားပုံရ၏။ ယံယံက ချုပ်နှောင်ထားသော သူ့လက်များကို ဖြေလျှော့ပေးလိုက်သည်။

'အဲ… ဆောရီး… ဆောရီး၊ နွဲ့နှောင်းက ယံယံ မကြိုက်တာကို စတာကိုး စိတ်ဆိုးဆိုးနဲ့ ဆုံးမလို့ ဆောရီးနော်'

တုန်လှုပ်သောရင်နှင့် မနေတတ်မထိုင်တတ်ဖြစ်စွာ တောင်းပန်နေရှာသည်။ ယံယံ့စိတ်တွေ ငြိမ်သက်သွားအောင် နွဲ့နှောင်း စကားလမ်း ပြောင်းပေးရသည်။

'အခုလို ကိုယံ စတိုင်ပြောင်းလိုက်တာ၊ နွဲ့နှောင်း တောင်းဆိုမှုကို လိုက်လျောတာလို့ နွဲ့နှောင်း နားလည်ပါတယ်၊ အဲဒီအတွက် ကျေးဇူးတင်ပါတယ် ကိုယံ၊ အရေးကြီးတာက အတွင်းစိတ်ပြောင်းပြီး ယောကျ်ားပီသဖို့မို့လား'

'အဟင်း… နွဲ့နှောင်း ကလည်း ဒါပဲပြောနေ၊ ယံယံက ယောကျ်ားတွေကို မုန်းပါတယ်ဆိုနေမှ'

'အဲဒါကိုက မကောင်းတဲ့အလားအလာပေါ့၊ ယောကျ်ားတစ်ယောက်က ယောကျ်ားကိုမုန်းပြီး မိန်းမကိုပဲ ချစ်တတ်ရမှာလေ၊ ဒါမှ သဘာဝတရားအလိုကျ ဖြစ်မှာပေါ့ မဟုတ်ဘူးလား'

'အင်း… ဟုတ်ပါတယ်လေ၊ နွဲ့နှောင်း အလိုကျ ယံယံ



ကြိုးစားနေပြီပဲ၊ အဆုံးစွန်အထိ ဆိုတာကတော့ အချိန်ယူရဦးမှာပေါ့'

'ဟုတ်ပါတယ် ကိုယံ၊ ကိုယံ ကြိုးစားနေတယ်ဆိုတာ နွဲ့နှောင်း သိပါတယ်၊ စိတ်သာရှင်စော ဘုရားဟောတဲ့ စိတ်ဆောင်ရင် ဘာမဆို အောင်နိုင်ပါတယ်၊ ကြိုးစားမှုကိုသာ လျှော့မချလိုက်ပါနဲ့နော်'

'ကောင်းပါပြီ နွဲ့နှောင်း'

'ဒါဆို နွဲ့နှောင်း ကြီးနွဲ့ကို သွားကူလိုက်ဦးမယ်နော်'

'အင်း… နေ့ခင်းကျ CAT WALK လျှောက်ဦးနော်'

'ပ… ကဲ့ ကိုယံ'

□ □ □

ထို့နောက်ပိုင်း ကာလများမှာတော့ မာမီယံ၊ မာမီသော်နှင့် နွဲ့နှောင်းတို့အတွက် ပန်းမွေ့ရာ ရွှေကော်ဇောတွင် ရောနှော၍ ထိုင်ခွင့်ရခဲ့သော ကာလများဖြစ်၏။ နှစ်လကျော်ကြာခဲ့သော ပြိုင်ပွဲကာလ တစ်လျှောက် ပွဲတိုင်းတွင် ကိုယံနှင့်နွဲ့နှောင်းတို့ အတွဲညီခဲ့ကြသည်ဟုသာ ပြောရမည်။

မြန်မာ့ရိုးရာဝတ်စုံနှင့် ကုမ္ပဏီဝဝတ်စုံ ပြိုင်ပွဲတွင် ယံယံနှင့် နွဲ့နှောင်းတို့အတွဲက ဒုတိယရခဲ့ကြ၏။ နွေရာသီဝတ်စုံနှင့် စွန့်ပစ်အထည်များ တစ်ကျော့ပြန်အသုံးချ တီထွင်မှုဖက်ရှင်တွင် ပထမရသည်။

ဆန်းသစ်တီထွင်မှုနှင့် နောက်ဆုံးပြိုင်ပွဲတွင်လည်း ပထမရပြီး အကောင်းဆုံး ဒီဇိုင်နာဆုနှင့် အကောင်းဆုံးမော်ဒယ်လ်ဆုကို ရရှိပြီး အောင်ပန်းဆင်နိုင်ခဲ့ကြ၏။

ထိုအစီအစဉ်များကို မြဝတီက အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် လွှင့်ထုတ်ပြသတော့ ယံယံတို့ ဘုရားတနေဖိကြ၏။ ကိုကြီး၊ ကိုလေးတို့ ဖွင့်ကြည့်မိလျှင် နွဲ့နှောင်းကို စေစေစီးစီး မြင်တွေ့ခွင့်ရသွားကြမည် မဟုတ်လား။

www.burmeseclassic.com

သို့သော် ကိုကြီးတို့က မြန်မာပြည်က ချယ်နယ်သုံးခုထက် ESPN မှ SPORT အစီအစဉ်ကို ပိုသဘောကျကြသည်။ ယံယံ့အား အမြင်ကပ်လက်စနှင့် ဖက်ရှင်ကိစ္စ၊ မော်ဒယ်လ်ကိစ္စတို့ကို စိတ်မဝင်စားကြသဖြင့် တော်သေးသည်ဟုသာ ဆိုရမည်။

ထိုအစီအစဉ် ပြန်လည်ပြသပြီးသည်အထိ ဘာသံမှထွက်မလာသဖြင့် ရင်အေးခဲ့ကြရသည်။ ဒီလောက်တော့ ပျော်စရာမကောင်းသေး၊ နွဲ့နှောင်း ပထမနှစ်စာမေးပွဲ အောင်သည်ဆိုတော့မှ သူတို့အုပ်စု၏ပျော်ရွှင်မှုက ပိုမိုရှပ်လုံးကြွလာခြင်း ဖြစ်သည်။

နွဲ့နှောင်း၏ အောင်ပွဲကို မီးဖိုချောင်အတွင်းမှာပင် တိုးတိုးတိတ်တိတ် ကျင်းပခဲ့သည်။ ယံယံက နွဲ့နှောင်းအား ငွေတစ်သိန်း ဆုချ၏။ ထိုငွေကို နွဲ့နှောင်းက ကြီးနွဲ့အား ကန်တော့၏။ ကြီးနွဲ့ကလည်း လက်မခံ သူသုံးငါသုံးနှင့် လွှဲနေကြရာမှ ကွယ်လွန်သူ ဦးဖိုးနီအတွက် ကုသိုလ်ပြုကာ အလှူပေးဖို့ ဆုံးဖြတ်ကြမှ ကိစ္စပြတ်သွားသည်။

'သမီးရဲ့အောင်မြင်မှု အားလုံးဟာ ဟောဒီက ယံယံကြောင့် ရခဲ့တာနော်၊ ယံယံ့ကျေးဇူးကို မမေ့နဲ့သိလား'

'ဟုတ်ကဲ့၊ မမေ့ပါဘူး ကြီးနွဲ့ရယ်၊ နွဲ့နှောင်း သဘောပေါက်ပါတယ်၊ ရွှေဘုံသားရွှာသူ တစ်ယောက်တည်းအင်အားနဲ့ ဘယ်လိုလုပ်အောင်မြင်နိုင်မှာလဲ'

'မဟုတ်တာ နွဲ့နှောင်းရာ၊ ပံ့ပိုးမှုကောင်းတိုင်းသာ အောင်မြင်ရင် အားလုံးလူတော်တွေချည်းပဲ ဖြစ်ကုန်မှာပေါ့၊ ကာယကံရှင်ရဲ့ ကြိုးပမ်းမှုမပါရင် အောင်မြင်မှုဆိုတာက အလည်တောင်လာမှာမဟုတ်ဘူး'

'ဟုတ်ပါ့ကွယ်… ဟုတ်ပ၊ ကဲ… ပံ့ပိုးသူကော၊ ကာယကံရှင်ပါ တော်လို့သာ အောင်မြင်တယ်လို့သာ မှတ်ကြ၊ လောလောဆယ် မနက်စာပြင်ဦး၊ ကိုကြီးတို့ ကိုလေးတို့ နိုးလောက်ရောပေါ့'

'ဟုတ်ကဲ့ ကြီးနွဲ့'



ထိုအခါမှ စကားပြတ်ပြီး ယံယံ မီးဖိုချောင်မှ ထွက်သွား၏။ ကြီးနွဲ့တို့ တူအရီးလည်း ချက်ထားသော မုန့်ဟင်းခါးကို ထမင်းစားခန်းသို့ သယ်ပို့ပေးရသည်။

ဒီနေ့မှ ကိုကြီးရော ကိုလေးပါ၊ ထမင်းစားခန်းထဲ စောစောရောက်နေကြ၏။ ညီအစ်ကိုတွေအတွက် မုန့်ပြင်ပေးပြီး နွဲ့နှောင်း ဟင်းရည်ဖြည့်ပေးနေစဉ် ကိုကြီးက…

'နွဲ့နှောင်း… ညည်းကို မနေ့က ဒဂုံတက္ကသိုလ်မှာ တွေ့သလားလို့'

'ရှင်'

ကိုကြီးမေးခွန်းကြောင့် နွဲ့နှောင်း အထိတ်တလန့် ဖြစ်သွားရ၏။ ကြီးနွဲ့နှင့်ယံယံလည်း မျက်နှာပျက်နေကြပြီ။

'မ… မဟုတ်တာ ကိုကြီးရယ်၊ အဲဒီတက္ကသိုလ် ဘယ်နားရှိမှန်းတောင် နွဲ့နှောင်း မသိပါဘူး၊ ကိုကြီး လူမှားတာ ဖြစ်ပါလိမ့်မယ်'

'ဟုတ်လို့လား၊ ငါတော့ နင်လို့ ထင်တာပဲ၊ ကျူတာလုပ်နေတဲ့ သူငယ်ချင်းတစ်ယောက်ဆီ သွားရင်းတွေ့ခဲ့တာ၊ မနေ့က အောင်စာရင်းတွေကပ်တယ် ဆိုလားပဲ၊ အဲဒီမှာ တွေ့တာ'

'သားကြီးရယ်… နွဲ့နှောင်းက ဒီနှစ်မှ ကျောင်းဘက်ဖို့ ပြင်ဆင်နေတာ၊ သားကြီး လူမှားတာ ဖြစ်မှာပါ'

နွဲ့နှောင်းနှင့်ကြီးနွဲ့ ဝိဝိရိရိ လိမ်လိုက်ကြ၏။ ကိုကြီးက ယုံကြည်ဟန် မပြသေး၊ ယံယံအား စူးစူးစိုက်စိုက် ကြည့်ရင်း…

'ဝေယံ… မင်းကတိ မင်းသိတယ်နော်၊ နွဲ့နှောင်း ကိုခေါ်လာပြီး ဘာမှ သင်မပေးဘူးလား၊ ဘာမှ ပြင်ဆင်မထားဘူးလား'

'ယံယံ့ အလုပ်ထဲမှာတော့ ခေါ်ပြီးသင်ပေးနေတာပဲလေ၊ ခုဆို အင်္ကျီတောင် တော်တော်ချုပ်တတ်နေပြီ ကိုကြီးရဲ့'

ယံယံက မင်သေသေနှင့်ဆက်ပို့၏။ ကြီးနွဲ့က ထပ်ပြီးခိုင်လုံအောင် ပြောပြန်သည်။

www.burmeseclassic.com

'သားကြီးတို့ အရိပ်မှာ နွဲ့နှောင်းလေး ခိုလှုံခွင့်ရတာနဲ့တင် ကျေးဇူးကြီးလှပါပြီကွယ်၊ တခြားဘာကိုမှထပ်ပြီး ဒုက္ခမပေးချင်တော့ဘူး၊ ယံယံက လခသဘောမျိုးပေးနေတဲ့ ပိုက်ဆံလေးစုပြီး ကျောင်းထားဖို့ စီစဉ်နေတာပါကွယ်'

'ဩော်… ဒီလိုလား၊ ဒါဆိုလည်း ကျောင်းဖွင့်ရက်နီးရင် ပြောပေါ့၊ လိုအပ်တာ ကျွန်တော် ထုတ်ပေးပါ့မယ်'

'ကျေးဇူးပါပဲ သားကြီးရယ်၊ ဟဲ့… နွဲ့နှောင်း ကိုကြီးကို ကျေးဇူးတင်တယ်လို့ ပြောလိုက်ဦးလေ'

'ဟုတ်… ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကိုကြီး'

ဆက်နေလျှင် စကားများမည်စိုး၍ နွဲ့နှောင်း မယောင်မလည်နှင့် မီးဖိုချောင်သို့ လစ်ထွက်လာခဲ့၏။

ကိုလေးက တီးတိုးလေသံနှင့်…

'ဟော့ကောင် ဝေယံ၊ နွဲ့နှောင်း ရောက်တာ တစ်နှစ်ကျော်သွားပြီနော်၊ ဟင်း… ဟင်း မင်းကတိ မင်းမှတ်မိရဲ့လား'

'ဟုတ်တယ် ဝေယံ၊ တို့ကုမ္ပဏီရဲ့လုပ်နေကျအတိုင်း နှစ်လယ်ညည့်ခံပွဲကိုတောင် တို့ခြံထဲမှာ မလုပ်နိုင်ခဲ့ဘူး၊ အိမ်မှာ လူကြားထဲ ချပြလို့မရတဲ့သူ ရှိနေလို့လေ'

ကိုကြီးနဲ့ကိုလေးက ရိသလိုထေ့သလို စကားတွေပြောပြီး ယံယံ့ကို မခံချင်အောင် ဆွနေကြ၏။ ယံယံက တမင်ပင် စိတ်ပျက်လက်ပျက်ပုံ ဖမ်းလိုက်ရင်း…

'ဟင်း… အချိန်မရှိတော့ဘူးလေ၊ ဒီကြားထဲ ပိုက်ဆံစုပြီး နွဲ့နှောင်းနဲ့အတူ ထွက်သွားဖို့ပဲ စဉ်းစားရတော့မှာပေါ့'

'ဟဲ ဟဲ ဟဲ… သနားတော့ သနားပေမယ့်၊ ဒီကိစ္စ မင်းကပဲ စခဲ့တာလေ၊ ငါတို့ နှင်ချတာ မဟုတ်ဘူး'

'ဟုတ်ပါတယ်၊ အဲဒီအတွက် ကိုယ့်ကိုယ်ကိုပဲ စိတ်ပျက်မိပါတယ်'



ယံယံ စကားဖြတ်ပြီး ကော်ဖီထဖျော်နေလိုက်၏။ ကိုကြီးတို့အာရုံက အလုပ်ကိစ္စဆီသို့ ရောက်သွားကြပြန်၏။

'ဒါနဲ့ လိုနေတဲ့ စာရေးမရှစ်ယောက်ခန့်ဖို့ ကြော်ငြာထည့်လိုက်တော့မယ်နော် ကိုကြီး'

'အေး… အခွင့်အလမ်းဂျာနယ်နဲ့ သတင်းစာတွေ အားလုံးမှာ ကြော်ငြာထည့်လိုက်တော့၊ ကုမ္ပဏီရှေ့မှာလည်း ကြော်ငြာဘုတ်ထောင်လိုက်'

'ဟုတ်ကဲ့ ပညာအရည်အချင်း အနိမ့်ဆုံးက'

'အဓိကကတော့ ဘွဲ့ရပေါ့၊ ကွန်ပျူတာကျွမ်းရင် ဆယ်တန်းအောင်လည်းမှုခေါ်၊ အားလုံးဌာနအတွင်း သင်တန်းပေးရဦးမှာဆိုတော့ ပညာအရည်အချင်းက သိပ်တော့အရေးမပါပါဘူး၊ အရေးမပါလို့ဆိုပြီး လေးတန်းအောင်လောက်တော့ မခန့်နဲ့ပေါ့ကွာ'

'ဟုတ်ပါပြီ ကိုကြီးရာ၊ အချိန်နှစ်ပတ်ပေးပြီး အင်တာဗျူးသတ်မှတ်လိုက်မယ်နော်'

'အိုကေ'

ယံယံ ကော်ဖီဖျော်ရင်း နားထောင်ပြီး ထိုကိစ္စအပေါ် အခြေခံ၍ အတွေးတစ်ချက် လင်းလက်သွား၏။

'နွဲ့နှောင်းရေ… တို့တွေအတွက်တော့ မင်္ဂလာအချိန်ကျပြီထင်ပါရဲ့'

□ □ □

www.burmeseclassic.com

## အခန်း (၆)

ရာသီဥတုသည် ဒိုရူး (Doaru) လိမ်းခြယ်ထားသော ကောင်မလေး၏ ပါးပြင်ကဲ့သို့ ကြည်လင်ရှင်းသန့်နေ၏။ ထို့အတူ ယံယံမျက်နှာသည်လည်း ဝင်းပနေ၏။

'ကောင်မ ဘာဖြစ်နေတာလဲ ပုံကိုက အူမြူးတဲ့ရုပ်နဲ့'

'အဟင်း… အူမြူးဆိုပျော်လို့လေ ဒါကြောင့် မှိုရတဲ့မျက်နှာ ဖြစ်နေတာ သော်ရဲ့'

'ဟယ်… မှိုရတယ် ဟုတ်လား၊ ဘယ်နှစ်ခုတောင်လဲ သော့်ကိုလည်း မျှရမယ်နော်၊ သော်က မှိုဆိုသိပ်ကြိုက် အစိမ်းလိုက်တောင် ငုံထားချင်တာ ဟီဟိ'

'သော်ကလည်းဟယ် စကားကောင်းကောင်း ပြောစမ်းပါ'

'အေးပါ… အေးပါ၊ အမယ်… အမယ်၊ အယ်… ထူးခြားနေပါတယ်လို့ ထင်နေတာ ပြောစမ်း ဒါက ဘာစတိုင်လဲ၊ ဘာဖြစ်လို့ အဝတ်အစားဒီဇိုင်းတွေ ပြောင်းပစ်လိုက်ရတာလဲ၊ သစ္စာဖောက်ဖို့ ကြံနေတာလား၊ ပြောစမ်း… ပြောစမ်း'

သော်သော်က ယံယံ၏အဝတ်အစားများကို အခုမှ သတိပြုမိသွားပြီး လက်ညှိုးငေါက်ငေါက်ထိုး၍ မေးတော့သည်။ ယံယံမှာ တစ်ဆင့်ပြီးတစ်ဆင့် ပုံပြောင်းနေသဖြင့် ပွင့်ရိုက်ရှပ်အင်္ကျီကိုပင် မဝတ်တော့ဘဲ ရှပ်အင်္ကျီအကွက်နှင့် ဖြစ်နေသည်မဟုတ်လား။



'ယံ… ညည်း စိတ်ဖောက်ပြန်နေပြီလားဟင်၊ ပြောစမ်း တို့တွေမက်မောတဲ့ မိန်းမသားဘဝကို လွှင့်ပစ်လိုက်တော့ မလို့လား'

တရစပ်စွပ်စွဲရင်း မေးမြန်းနေသော သော်သော့် မေးခွန်းများကို ယံယံ မကြောက်မိတော့ချေ၊ ပွင့်ပွင့်လင်းလင်းပင် ဝန်ခံလိုက်၏။

'ဟုတ်တယ် သော်၊ ယံလေ gay ဘဝကို စိတ်ကုန်နေပြီ၊ ဘယ်သူကမှ နားလည်မပေးတဲ့ မရေမရာဘဝမှာ မနေချင်ဝေ့ဘူး၊ ဒါကြောင့် နေရာမှန်ကို ပြန်သွားဖို့ ကြိုးစားနေတာ'

'အမလေး… ရက်စက်လှချည်လား၊ အသည်းမာလှချည်လား၊ အစကတော့ ဒီဘဝမှာပဲ အတူတူနေသွားကြမယ်ဆို ပြော… အဲဒါ ဘယ်သူ့ကြောင့်လဲ၊ ဘာကြောင့်လဲ'

'ဘယ်သူ့ကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး၊ အဓိကက အစ်ကိုတွေကို မကျေနပ်လို့ သူတို့ အထင်သေးတာ မခံချင်လို့ သူတို့ကို ပညာပေးချင်လို့ ကိုယ့်ကိုယ်ကို ခိုင်မာအောင် ပြန်တည်ဆောက်တာ အခု နွဲ့နှောင်းကို ပွဲထုတ်ဖို့ အချိန်ကျပြီလေ'

'ဘာ… ဘာပြောလိုက်တယ် ယံ'

'ယံရဲ့ အစ်ကိုတွေ ကုမ္ပဏီမှာ ဝန်ထမ်းမိန်းကလေးတွေ အသစ်ခေါ်လိမ့်မယ်၊ အဲဒီ အင်တာဗျူးမှာ နွဲ့နှောင်းကို ဝင်ဖြေခိုင်းမလို့'

'ရည်ရွယ်ချက်က'

'သော် သိရဲ့သားနဲ့ အစ်ကိုတွေကို ရှုံးအောင်ပြုစားဖို့အတွက် နွဲ့နှောင်းကို သူတို့နား ပို့ပေးတာလေ'

ယံယံ ပုံစံက နျူလက်နက်ပိုင်ဆိုင်တော့မည့် အီရန်သမ္မတ အမာဒီနီဂျက် ကဲ့သို့ ဝင့်ထည်မောက်ကြွားနေ၏။ ယံယံ၏ ရဲရင့်မှုများ သော့်သော့်ထံသို့ပင် စီးဆင်းကူးစက်သွား၏။

'အင်း… ထားပါတော့လေ၊ ယံက အစ်ကိုတွေကို ပုံစံပေးချင်လို့ စတိုင်ပြောင်းလိုက်တာ ဆိုတော့လည်း မတတ်နိုင်ဘူးပေါ့၊ ဒါပေမဲ့ တူးဝေးဖြစ်သွားရင်တော့ ခွင့်မလွှတ်ဘူးနော်'

www.burmeseclassic.com

'နားစမ်းပါ သော်ရယ်၊ ယ်ံက တူးဝေးကော ဝမ်းဝေးကော ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး၊ ယံ အလေးထားတာက ကိုယ့် မိသားစုထဲမှာ သိက္ခာရှိရှိ ပြန်ရပ်တည်နိုင်ဖို့ပဲ'

'ဟော်တကုပ် ပေါ်တကီ၊ ကဲ… ပြော ဘယ်မှာလဲ မျိုးဝင့်ရဲ့ လျှို့ဝှက်လက်နက်ဆန်းလေး'

'သဇင်သင်းရေ… နွဲ့နှောင်းကို သွားခေါ်ပေးပါကွယ်'

'ဟုတ်… မာမီ'

သဇင် ထွက်သွားပြီး ဆယ်မိနစ်မပြည့်ခင် နွဲ့နှောင်းနှင့်အတူ ပြန်ရောက်လာ၏။

'ကိုယ်ံ ခေါ်တယ်ဆို၊ ဟယ်… သော်သော်ပါ ရောက်နေတာ ကိုး'

'ဟုတ်ပ၊ တောသူမရယ်၊ ကျွန်မက တော့်ကို လင်ပေးစားဖို့ 'လာရှင်'ထွက်ရင်း လှည့်ဝင်လာတာ'

'လုပ်ပြီ သော်သော်ကလည်း လင်ရှာတာ တွေ့ရောတွေ့ခဲ့ လားဟင် သော်သော်'

'ဟော… ကြည့်စမ်း… ကြည့်စမ်း၊ မာမီ့ကိုတောင် ပြိုင် ဆိုင်ပြီး ဒိုင်တွေခွဲ့နေပါရောလား'

'သော်သော်နဲ့တွေ့ရတာ ဝမ်းသာလို့ပါ သော်သော်ရယ်၊ ဒါနဲ့ သော်သော် အလည်ပဲလား၊ ကိစ္စရှိသေးလား'

'အဲဒါတော့ သော်တကီ ဘော်တကူး၊ သိဘူးအေ ညည်းမာမီ က ကြိမ်စကြာရိုက်ခေါ်လို့ ရောက်လာရတာ'

သော်သော့် အပြောကြောင့် နွဲ့နှောင်း ယံယံကို လှည့်ကြည့် မိသည်။ ယံယံ ခေါင်းညိတ်ပြီး ပြုံးပြ၏။

'ဒီလို နွဲ့နှောင်းရဲ့၊ နွဲ့နှောင်း ကုမ္ပဏီမှာ အလုပ်လုပ်ရမယ်၊ အဲဒီအတွက် အင်တာဗျူးဖြေဖို့ ပြင်ဆင်တော့'



'ဟင်… အလုပ်ဝင်ဖို့ အင်တာဗျူး ဖြေရမယ် ဟုတ်လား၊ ဘယ်မှာလဲဟင်'

'ကိုကြီးတို့ ကုမ္ပဏီမှာပေါ့ နွဲ့နှောင်းရဲ့'

'ရှင်… ကိုကြီးတို့ ကုမ္ပဏီ ဟုတ်လား'

နွဲ့နှောင်း၏ တအံ့တသြမေးခွန်းကြောင့် မာမီနှစ်ယောက်က ပြိုင်ပွဲတွင် အနိုင်ရသွားသော တရုတ်သိုင်းသမားများလို ပြုံးလိုက် ကြသည်။

'ဖြစ်… ဖြစ်ပါ့မလား ကိုယံရယ်'

'ဘာလို့ မဖြစ်ရမှာလဲ နွဲ့နှောင်းရဲ့၊ နွဲ့နှောင်းကို အထင်သေး အမြင်သေး ဆက်ဆံခဲ့တဲ့ သူတို့တွေကို နှိပ်ကွပ်ရမယ့် အခွင့်အရေး လေ'

'ဟုတ်… ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ နွဲ့နှောင်းက ဘွဲ့မှ မရသေးတာ'

နွဲ့နှောင်းက အားငယ်စကားဆိုတော့ သော်သော်က ပယ်ပယ် နယ်နယ် အားပေး၏။

'အမလေး နွဲ့နှောင်းရယ်၊ ညည်းမှာက အလုပ်တစ်ခု လွယ် လွယ်ရဖို့ အောက်ပါအရည်အချင်းတွေနဲ့ ဖုထစ်တင်းရင်းပြီး ပြည့်စုံနေ တဲ့ဟာကို'

'ဟာ… သော်သော် ကလည်း'

'ရှက်မနေနဲ့ မိနှောင်း၊ အလှနတ်သမီးကို ယောကျ်ားတိုင်း ခယချင်ကြတာ သဘာဝပဲ ဥစ္စာ၊ အဲဒီ အလှကချက်ချင်း အလုပ်ရ စေမယ့် ဒီပလိုမာ ဆာတီဖီကိတ်တွေပဲဟာ'

'ကဲ… သော်၊ နွဲ့နှောင်းကို အစ်ကိုတွေ မမှတ်မိအောင် ဘယ်လို ပုံပြောင်းမလဲ'

'အိမ်မှာက အမြဲဒီပုံကြီးနဲ့ဆိုတော့ လှလှပပစတိုင်နဲ့ မြင်လိုက် ရရင် မှတ်မိသွားဦးတော့ ယုံမှာမဟုတ်ဘူးလေ၊ နွဲ့နှောင်းက ဆံပင်

www.burmeseclassic.com

နည်းနည်းကောက်တယ်၊ အဲဒီတော့ ဆံပင်ကို လုံးဝဖြောင့်ပစ်လိုက်၊ ပြီးတော့… အင်း… ပြီးတော့ ဟုတ်ပြီ၊ မေးဖျားနဲ့ရင်ညွန့်မှာ မှဲ့အတု တပ်ပေးမယ်၊ ဒါဆို ပွဲသိမ်း'

'ကောင်းတယ် သော်၊ ဒါဆို နွဲ့နှောင်းကို ပြင်ပေးလိုက်တော့ ပြီးတာနဲ့ လိုင်စင်ဓာတ်ပုံသွားရိုက်၊ မနက်ဖြန် လျှောက်လွှာတင် ဟုတ်ပြီ လား'

❒ ❒ ❒

တိမ်တွေပြေးလွှား၍ ငှက်များဆော့ကစားနေသော နံနက်ခင်း တစ်ခုတွင် နွဲ့နှောင်းလည်း မော်ကြွားနေလေ၏။

လတ်ဆတ်သော နံနက်ခင်းနှင့်အပြိုင် နုဖတ်နေသောနွဲ့နှောင်း က မျဉ်းဖြောင့်တစ်ကြောင်းပေါ် ခြေလှမ်းများ တစ်ထပ်တည်းကျ အောင် မော်ဒယ်လ်လျှောက် လျှောက်လာရင်း ကုမ္ပဏီထဲသို့ ဝင်လာ၏။

တံခါးဖွင့်ပေးသော လုံခြုံရေးဝန်ထမ်း၏ မျက်လုံးများက နွဲ့နှောင်း နောက်သို့ ကပ်ပါသွားသဖြင့် မျက်တွင်းပေါက်ပက်နှင့် ကျန်ခဲ့သည်။ ထိုမျှပင်မကသေး အုံးလွဲပြီး ဇက်လည်သွားသဖြင့် ဒဏ်ကျေဆေးပါ လူးရကိန်းဆိုက်နေရှာ၏။

ထို့အတူ နွဲ့နှောင်း ဖြတ်သွားရာ လမ်းတလျှောက်မှ မြင်မြင် သမျှ ယောကျ်ား မိန်းမအားလုံး ခြသေ့်လည်ပြန် သမင်လည်ပြန်ဖြစ်ပြီး လှည့်ကြည့်ကြသည်။

ရှိနှင့်ပြီးသား ဝန်ထမ်းများနှင့် အင်တာဗျူးလာဖြေသော မိန်းကလေးများ အားလုံး၏ အကြည့်များက နွဲ့နှောင်းထံတွင် ဆုံမှတ် အဖြစ်လာစုနေသည်။ လက်ခုပ်သံမျှော်သော Live Show မှအဆိုတော် ကဲ့သို့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်များ နွဲ့နှောင်းထံတွင် ရှင်သန် ထမြောက်လာခဲ့၏။



နွဲ့နှောင်း ပလပ်စတစ်ခုံတန်းများမှ လစ်လပ်သောနေရာတွင် ဝင့်ကြွားစွာ ဝင်ထိုင်လိုက်သည်။ ပန်းသတင်းကို ပန်းချင်းဆောင်၍ ပျားပိတုန်းတို့ထံ E-mail ပို့ကာ အကြောင်းကြားသည်ထင့်။

တစ်ယောက်ကစ တစ်ရာဆိုသလို ကုမ္ပဏီဝန်ထမ်းများ ဟိုနားစုစု ဒီနားစုစုနှင့် ပြုံတစ်ပြုံတစ်လုပ်၍ မသိမသာရော သိသိ သာသာပါ လာကြည့်ကြတော့သည်။

အကြောင်းမရှိပါဘဲ ဖိုင်ကိုကိုင်ကာ ဖြတ်လျှောက်သော ဝန် ထမ်းများကလည်း မရှား။ တကယ့်ကို စည်ကားလျှက် ရှိတော့သည်။

အင်တာဗျူးလာဖြေသော အမျိုးသမီးများထဲမှ မျက်မှန်တပ် ထားသော အမျိုးသမီးတစ်ယောက်က ဘေးနားမှချိုနဲ့နဲ့ မိန်းကလေး အား လက်တို့၍ နွဲ့နှောင်းအား မေးငေါ့ပြရင်း…

'အင်တာဗျူးက မစခင်ကတည်းက ဘယ်သူအရွေးခံရမယ် ဆိုတာ အဖြေထွက်နေပြီ သိလား'

'ဟင်… တကယ်၊ ဒါဆို အစ်မက အကြားအမြင်ရတယ်ပေါ့ ဟုတ်လား၊ ကျွန်မ… ကျွန်မ… ကျွန်မကော… အရွေးခံရမလား ဟင်'

မျက်မှန်မမက ပိန်တာရိုး ညီမလေးအား တစ်ကိုယ်လုံးကို သိမ်းကျုံးခြုံငုံ သုံးသပ်ကြည့်လိုက်ရင်း ခေါင်းကိုသွက်သွက်ခါအောင် ရမ်း၍…

'မထင်… မထင်ပါဘူးဟယ်'

'အို… အစ်မကြီးကလည်း မဦးမချွတ် ဘာတွေပြောနေတာ လဲ၊ ဒီကို ဗေဒင်မေးပြီးမှ လာခဲ့တာ၊ ဒီတစ်ခေါက်သေချာပေါက် အလုပ်ရမှာတဲ့'

'အင်း… ဗေဒင်ဆရာတော့ နာမည်ပျက်တော့မှာပေါ့လေ'

မျက်မှန်မမ စကားကြောင့် ဝါးခြမ်းပြားညီမလေး ဒေါသ အမျက်ချောင်းချောင်းထွက်၍ ထိုနေရာမှ ထသွားကာ အခြားနေရာသို့

www.burmeseclassic.com

ပြောင်းရွှေ့ထိုင်နေလိုက်၏။ နွဲ့နှောင်းလည်း ထိုစကားများကိုကြားပြီး ပြုံးစိစိဖြစ်သွားရသည်။

ကကယ် နဖူးတွေ့ ဒူးတွေ့ စစ်ဆေးမှုက ဆယ်နာရီတိတိမှ စတင်ခဲ့၏။ တာဝန်ကျဝန်ထမ်း အမျိုးသမီးတစ်ယောက်က အလှည့်ကျ စီနီယာအတိုင်း နာမည်ခေါ်၍ အခန်းထဲသို့ သွင်းနေ၏။

နွဲ့နှောင်းက ဆယ့်နှစ်ယောက်မြောက် ဖြေရမည့်သူ ဖြစ်၏။ စိတ်ရှည်လက်ရှည် စောင့်နေလိုက်တော့လည်း ကိုယ့်အလှည့်က ရောက်လာခဲ့သည်ပေါ့။ အခန်းထဲဝင်လိုက်သည်နှင့် ကိုကြီး ကိုလေးတို့၏ ဖန်ဂေါ်လီလုံးလို ပြောင်လက်အရောင်ထွက်၍ ကြောင်တက်တက် ဖြစ်နေသည့် မျက်လုံးများအား မြင်တွေ့လိုက်ရ၏။

ထိုမျက်လုံးများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား ဒစ်ရှင်နရီထဲတွင် ရှာကြည့်လျှင် နှစ်သက်တပ်မက်ခြင်း၊ ပြစ်မှားလိုခြင်း၊ ရာဂတောက်လောင်နေခြင်း စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ တွေ့ရလိမ့်မည်ထင်၏။

ကြိုဆိုခြင်း၊ ဖိတ်ခေါ်ခြင်း၊ မေးမြန်းခြင်း ဘာဆိုဘာမှ မလုပ်ဘဲ နွဲ့နှောင်းကိုသာ မျက်လုံးများနှင့် ထိုးဆိတ်ဖဲ့ရွဲ့ စားသောက်နေကြသည်။

ကြာတော့ နွဲ့နှောင်း စိတ်မရှည်နိုင်တော့…

'ဒီနေ့ အင်တာဗျူး ဖြေရမယ့်နေ့ ဟုတ်ပါတယ်နော် လူကြီးမင်းတို့'

နွဲ့နှောင်း၏ အငေါ်တူးစကားကြားရမှ မသာကောင် ဖုတ်ဝင်ပူးသလို ရုတ်တရက် သက်ဝင်လှုပ်ရှားလာကြသော မင်းကြီး မင်းလေး အဲ… ကိုကြီး ကိုလေးတို့မှာ သူ့ထက်ငါ အလုအယက်နှင့်…

'ဪ… ဟင်း ဟင်း၊ ထိုင်… ထိုင်ပါ ညီမလေး'

'အဟင်း… ဒီက ညီမရဲ့ နာမည်လေးက'

'ဟာ… ကိုကြီးကလည်း ပါစင်နယ်ဖိုင်မှာ ကြည့်လိုက်လေ'

'ငါ သိပါတယ်ကွ၊ ဆရာမလုပ်နဲ့'



သူတို့ ပျာယာခတ်နေပုံကိုကြည့်ရင်း နွဲ့နှောင်းက ပုရိသတို့ ရူးသွပ်သွားစေလောက်သည့် အပြုံးမျိုးပြုံးပြလိုက်ပြီး…

'ကျွန်မနာမည် နန်းနွဲ့နွဲ့နိုင် ပါရှင်'

'သိနေတယ်၊ သိနေတယ်၊ ကိုယ်က သေချာအောင် အတည်ပြုတာပါ ဟဲ… ဟဲ…၊ ဒါနဲ့ ဘယ်နေ့ အလုပ်ဝင်နိုင်မလဲဟင်'

'ဟာ… ကိုကြီး ဘာမှမမေးရသေးဘူးလေ'

'မေးစရာလိုသေးလားကွာ၊ အပွေးမြင် အပင်သိတာပဲဟာ၊ အင်တာဗျူးလုပ်လာတာ ဒါ ပထမအကြိမ်မှ မဟုတ်တာကွာ၊ မင်းက လည်း ဒီလောက်ဆို ခန့်ပြီးသားပဲ'

'မဟုတ်သေးဘူးလေ၊ ပညာအရည်အချင်း ဘွဲ့… ဘွဲ့'

'ကျွန်မ ပထမနှစ် အောင်ပြီးပါပြီရှင်၊ နောက်နှစ်နှစ်ဆို ကျောင်းပြီးပါပြီရှင့်၊ ဒီကြားထဲ…'

'အို… ရတယ်… ရတယ်၊ ပြဿနာ မရှိဘူး'

'မဟုတ်သေးဘူးလေ၊ ကွန်ပျူတာ… ကွန်ပျူတာ… ကိုကြီး မေးဦးလေ'

'ကျွန်မ ကွန်ပျူတာကို မြင်ဖူးပါတယ်ရှင့်'

'ဟာ… ဖြစ်ပြီ မြင်ဖူးရင် ဖြစ်ပြီ၊ ကချို့ဆို ကွန်ပျူတာ တောင် မြင်ဖူးကြတာ မဟုတ်ဘူး ညီမလေးရဲ့၊ ကွန်ပျူတာ မြင်တာ တောင် တီဗီနဲ့လက်နှိပ်စက် ဘာလို့တွဲထားတာလဲလို့ ပြန်မေးနေ ကြတာလေ၊ ညီမလေးက မြင်ဖူးထားတော့ အလုပ်ရသွားတာပေါ့ ဟင်း… ဟင်း… ဟင်း'

'ဪ… ဟုတ်ကဲ့၊ ဟုတ်ကဲ့ရှင့်'

'ကိုကြီး ဘယ်လိုလဲ၊ သူ့ကို ရွေးမှာလား'

'ဟ… မရွေးလို့ ဖြစ်မလားကွ၊ ဒီလောက်ကောင်းနေတဲ့ ဥစ္စာ'

'ရှင်'

www.burmeseclassic.com

'အင်း… ဩော်၊ ဟို… ဟိုလေ… ဒီလောက် အရည်အချင်းတွေနဲ့ ပြည့်စုံနေတာဆိုတော့ ရွေးရမှာပေါ့လို့၊ အဲဒါ… အဲဒါ အဲဒါကိုပြောတာ ဟဲ… ဟဲ…'

'ဩော်… ဟုတ်ကဲ့၊ ဒါဆို နန်းကို ရွေးလိုက်ပြီပေါ့နော် ဟုတ်လား'

'သိပ်ဟုတ်တာပေါ့ နန်းလေးရာ'

'ဟုတ်ပါတယ် မနန်းနွဲ့နွဲ့နိုင်၊ ညီမက ကျွန်တော် တာဝန်ယူထားတဲ့ စီမံရေးတာဌာနမှာ အလုပ်ဝင်ရမှာပါ'

'ဘာကွ… ဟေ့ကောင် တိမ်လွှာ၊ မင်း ဘာစကားပြောတာလဲ၊ သူ့ကိုငါ့ရဲ့ စက္ကူထရီခန့်ဖို့ ရွေးလိုက်တာကွ'

'ကိုကြီး မတရားမလုပ်နဲ့နော်၊ သူ့ကို ကျွန်တော့် ဆက်ရှင်မှာခန့်မှာ'

'တော်စမ်းပါကွာ၊ မင်းဆက်ရှင်မှာ ဗေကင်နီစီမှ မရှိတာ'

'ရှိရှိ မရှိရှိ၊ ကျွန်တော့်အလုပ်တွေ အများကြီး အဲဒါပဲ ခွဲပြီးလုပ်ခိုင်းမှာ'

'ဟေ့ကောင်… သူလေးဟာ ငါ့ရဲ့ အတွင်းရေးမှူးကလွဲပြီး ဘာအလုပ်မှ မလုပ်ရဘူးကွာ၊ ဒါပဲ'

'တောက်… ခင်ဗျား သိပ်ဗိုလ်မကျနဲ့ဗျာ'

'ဟေ့ကောင် ငါက ချဲယာမင်ကွ'

'ကျွန်တော်လည်း မန်နေဂျင်းပဲ'

ပွဲက မပြတ်နိုင်လောက်အောင် အရစ်ရှည် ပေများလျှက်ရှိနေသဖြင့် နွဲ့နှောင်း စိတ်ညစ်လာပြီး ထရပ်လိုက်၏။

'စိတ်ညစ်လာပြီရှင်၊ ကျွန်မ ပြန်တော့မယ်'

'ဟာ… နန်း'

'နေဦး… ညီမလေး'

'ဘာပြောစရာ ရှိသေးလို့လဲရှင့်'



'အဟဲ… ဟိုလေ… မနက်ဖြန်ကစပြီး အလုပ်ဆင်းပါလို့'

'ဩော်… ဟုတ်ကဲ့ရှင့်၊ ခွင့်ပြုပါဦးနော်'

'ကောင်းပြီ နန်းလေး၊ ချယ်ယာမင်ရုံးခန်းကို လာခဲ့နော်'

'မနန်းနွဲ့နွဲ့နိုင် စီမံရေးရာနော်'

နွဲ့နှောင်းကတော့ အားလုံးကို ကျောခိုင်းကာ မော်ဒယ်လ်တစ်ယောက် ခြေလှမ်းများနှင့် ထွက်လာခဲ့တော့၏။ ရုံးခန်းအတွင်း သက်ပြင်းချသံနှင့် တံတွေးမျိုချသံများက စစ်မြေပြင်တစ်ခုလို ပွက်လောရိုက်၍ ကျန်ခဲ့တော့သည်။

❐ ❐ ❐

'ဟား ဟား ဟား ဟား'

အားပါးတရ ရယ်မောသံများနှင့်အတူ ယံယံတို့တစ်သိုက် လက်ဝါးချင်းရိုက်လိုက်ကြ၏။ အောင်မြင်မှုဆိုသည်မှာ ချိုမြိန်သော သစ်သီးတစ်လုံးဖြစ်သည် မဟုတ်လား။ နွဲ့နှောင်း ပြန်ပြောပြသော အင်တာဗျူးမြင်ကွင်းက ဟာသကားတစ်ကား ကြည့်ရသလို အူတက်စရာ အဖြစ်အပျက် ဖြစ်နေသည်။

'ဒါဆို… မနက်ဖြန် အလုပ်ဝင်ရင်လည်း သူတို့ ညီအစ်ကိုတွေ နွဲ့နှောင်းကို လုကြဦးမှာပေါ့ ဟုတ်လား'

'ဟုတ်တယ် ကိုယံရဲ့၊ နွဲ့နှောင်းဖြင့် တွေးရင်း စိတ်တောင်ညစ်နေပြီ၊ အဲဒီမှာ အလုပ်ဝင်ပြီး နွဲ့နှောင်း ဘာဆက်လုပ်ရမှာလဲ ကိုယံ'

'သူတို့အတွက် မရှိမဖြစ် လိုအပ်လာတဲ့အချိန်ကျမှ အထုပ်ဖြေပြီး ရွှေဘုံသာရွာသူလေးကို ဒီလောက်ပဲ အထင်ကြီးလေးစားနေကြသလားလို့ မေးပစ်ရမှာပေါ့ နွဲ့နှောင်းရဲ့'

'အဟင်း… ကောင်းပါပြီ ကိုယံ၊ ဒါဆို နွဲ့နှောင်းတို့ ဒီအိမ်ပေါ်က မဆင်းရတော့ပါဘူးနော်'

www.burmeseclassic.com

'ဆင်းစရာလား နွံ့နှောင်းရယ်၊ သွားရည်တမြားမြားနဲ့ မုန့်ယိုနေတဲ့ ဆင်ရိုင်းနှစ်ကောင်ကို မာယာချွန်းနဲ့အုပ်ပြီး ကျောပေါ်တက်ထိုင်ရမှာ'

'ပြောရော့မယ် သော်သော်ရယ်'

'ပြောရမယ်လေ... ပြောရမယ်၊ လူတစ်ယောက်ကို အပြင်ပန်းကြည့်ပြီး ဆုံးဖြတ်တတ်တဲ့ ငမိုက်သားတွေကို ဒီလောက်တော့ ပြောရမှာပဲ၊ ယံယံနာတတ်ရင်တော့ ဆောရီးပဲ'

'အမလေး မနာပါဘူးသော်ရယ်၊ ဒါ ယံဖြစ်ချင်တဲ့ ဆန္ဒပါ'

'ဒါဆိုလည်းပြီးရော၊ ကဲ... နွံ့နှောင်း ခုဟာက တစ်ပတ်မှာ ခြောက်ရက် အလုပ်ဆင်းရမှာဆိုတော့၊ ကိုယ့်ဟာကိုယ် မိတ်ကပ်ပြင်၊ မှဲ့တပ်၊ တစ်ပတ်တစ်ခါ ဆံပင်ပြန်ဖြောင့်၊ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက် ကိုယ့်လင်ကိုယ်ရှာတော့ နွံ့နှောင်းရေ၊ သော်လာလုပ်မပေးနိုင်တော့ဘူးနော်'

'ရပါတယ် သော်သော်ရယ်၊ နွံ့နှောင်းလည်း သော်သော်ဆီက ပညာတွေ အတော်ရခဲ့ပြီပဲဟာ၊ အဆင်ပြေသွားမှာပါ၊ အရေးကြီးတာက မှဲ့နေရာမလွဲဖို့ဘဲ မဟုတ်လား'

'သိရင်လည်း ပြီးတာပါပဲအေ၊ တစ်ခုတော့ ရှိတယ်နော်၊ အခြေအနေတိုးတက်မှုကို ဖုန်းနဲ့အစီရင်ခံပါ၊ သတင်းမကြားရလို့ကတော့ ယံရဲ့အစ်ကိုနှစ်ယောက်ကို မစားရတဲ့အမဲလို သဘောထားပြီး သဲနဲ့ပက်သလို ကိစ္စအားလုံးကို ဖော်ကောင် လုပ်လိုက်မှာနော် သိလား'

'ဟဲ... ဟဲ... ဟဲ... သိပါပြီ မာမီသော်ရယ်၊ သိပါပြီ၊ အစီရင်ခံဖို့ မပျက်ကွက်စေရပါဘူး'

သော်သော် နှုတ်ဆက်ထွက်သွားတော့ နွံ့နှောင်းမှာ မနက်ဖြန်အရေးမျှော်တွေးရင်း ရင်ခုန်စွာ ကျန်ခဲ့တော့၏။ ကြီးနွံ့ အခန်းသို့ပြန်၍ တစ်ပတ်စာ အလုပ်တက်လျှင် ဝတ်ရမည့် အဝတ်အစားများကို မီးပူတိုက်နေလိုက်သည်။



သို့နှင့် ညနေစောင်းလောက်တွင် ကိုယံက ဖုန်းဆက်ပြီး ကြက်ဥဟတ်ဖရိုက်နှစ်လုံးနှင့် ကန်စွန်းရွက်ကြော် လာပို့ပေးရန် လှမ်းမှာ၏။ မမှာစဖူး ထူးထူးဆန်းဆန်းမို့ နွံ့နှောင်း အကောင်းဆုံးဖြစ်အောင် ကြော်လှော်ပြီး အလုပ်ခန်းသို့ ယူလာခဲ့သည်။

သဇင်တို့ ဝတ်ရည်တို့ ပြန်သွားကြပြီမို့ ကိုယံကို တစ်ယောက်တည်းတွေ့ရ၏။ ထို့ထက်ပို၍မူ ရေခဲသီးထနေသော ဘီယာပုလင်းများအား စိုက်ကြည့်နေသည့် ကိုယံကို မြင်လိုက်ရ၍ ပိုပြီးအံ့သြသွားသည်။ ကြက်ဥနှင့် ကန်စွန်းရွက်ကြော်ပန်းကန်ကို စားပွဲပေါ်တင်ပေးလိုက်ရင်း...

'ကိုယံ ဘီ... ဘီယာသောက်မလို့ ဟုတ်လား'

'အင်းလေ... နွံ့နှောင်းပဲ ယောကျ်ားပီပီသသ ပုံစံမျိုးမြင်ချင်တယ်ဆို၊ ဒါ ယောကျ်ားတွေရဲ့ စတိုင်လ်ပဲလေ၊ ကိုကြီးတို့လည်း ဒီလိုပဲ သောက်တတ်ကြတာ မဟုတ်လား'

'ဒါတော့ ဒါပေါ့ ကိုယံရယ်၊ ဒါပေမဲ့ အရက်ဆိုတာ'

'ယံယံကို မတားနဲ့နွံ့နှောင်း၊ ဒီနေ့ ယံယံစိတ်တွေ ဘယ်လိုဖြစ်နေမှန်း မသိဘူး၊ ထူးထူးဆန်းဆန်း တစ်ခုခု လုပ်ပစ်နေချင်တယ်၊ အဲဒီလုပ်ရပ်ကလည်း ယောကျ်ားတွေ လုပ်လေ့ရှိတာမျိုးပဲ ဖြစ်စေချင်တာ'

ယံယံက ပြောပြောဆိုဆို ဘီယာပုလင်းကို ဖောက်လိုက်၏။ အမြုပ်များ ဆူဝေတက်လာပုံကိုက စိတ်လှုပ်ရှားစရာ ဖြစ်နေသည်။ ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်တော့ အဝါရည်တဝက် အဖြူမြှုပ်ကတဝက် ဖြစ်နေ၏။

အမြှုပ်ပူပေါင်းလေးများ တဖြတ်ဖြတ်ပေါက်ကွဲ လျှော့နည်းသွားပြီးနောက် အဝါရည်ထုထည်က ပိုများလာကာ အဖြူရောင်က ပါးလျားသွားခဲ့သည်။ ယံယံက ဖန်ခွက်ကောက်ကိုင်ပြီး ပါးစပ်ထဲ

www.burmeseclassic.com

ကရားရေလွှတ်သလို သွန်ချလိုက်၏။ ယံယံ သောက်နေပုံကိုကြည့်ပြီး နွဲ့နှောင်း စိုးရိမ်သွားသည်။

‘ကိုယ်ရယ် တစ်ခါမှလည်း မသောက်ဖူးဘဲနဲ့’

‘ဟုတ်တယ် မဖြစ်ဖူးတာတွေ ဖြစ်နေလို့ မသောက်ဖူးတာတွေ သောက်နေမိတာပေါ့’

‘ကိုယ် ဘာတွေဖြစ်နေလဲ၊ နွဲ့နှောင်းကို ပြောပြပါလား’

ယံယံက နွဲ့နှောင်းကို ရီရီဝေဝေငေးကြည့်ရင်း သက်ပြင်းရှိုက်လိုက်၏။ ဘာမှမပြောသေးဘဲ ဘီယာကို ထပ်မော့ပြန်သည်။ ကြက်ဥကြော်ကို နှစ်ခွန်းလောက်ခပ်စားပြီးမှ …

‘မနက်ဖြန်ဆို နွဲ့နှောင်းက ကိုကြီးတို့နား ရောက်သွားတော့မှာလေ၊ အဲဒါကြောင့် စိုးရိမ်နေတာ’

‘သြော်… ဒါလား မပူပါနဲ့ ကိုယ်ရယ်၊ မိတ်ကပ်အားကိုးနဲ့ ပုံပြောင်းထားပြီး စကားအပြောအဆို လေယူလေသိမ်းပါ ပြောင်းပြောမှာပါ ကိုကြီးတို့ လုံးဝမရိပ်မိစေရပါဘူး ကိုယ်ရဲ့’

‘အဲဒါအတွက် စိတ်ပူနေတာ မဟုတ်ဘူး နွဲ့နှောင်း၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို အထင်ကြီးလေးစားသွားပြီဆိုရင် ပိုင်ဆိုင်ခွင့်ရဖို့အတွက် ကြိုးစားအားထုတ်ကြတော့မှာလေ၊ ဒါ ဖော်မျူလာပဲဟာ’

ယံယံ တည့်တည့်ပြောမှ နွဲ့နှောင်း ရိပ်မိသွား၏။ ဘာကို ရည်ရွယ်ပြောသလဲဆိုတာ သဘောပေါက်သွားသည်။

‘ဒါလည်း စိတ်ချပါ ကိုယ်ရယ်၊ ဒီလို လူစားတွေကို သူတို့ ဆန္ဒအတိုင်း တုံ့ပြန်စရာလား အရူးအမူးဖြစ်သွားကြပြီဆိုမှ သရုပ်မှန်ကိုလှစ်ဟပြပြီး အပြတ်ငြင်းပစ်မှာပေါ့’

ယံယံမှာ နွဲ့နှောင်းကို ဘီယာနှင့်မြည်းရင်း ပူပန်စိတ်များ အထွက်တိုးနေ၏။



‘သူကို့ရဲ့ ခနအင်အားက မသေးဘူးနော်၊ ဘယ်မိန်းမ မဆို အားကိုးထိုက်တဲ့ ယောကျ်ားတွေ မဟုတ်လား’

‘ဒါတော့ ကိုယ် နွဲ့နှောင်းကို အထင်သေးတဲ့ သဘောဖြစ်သွားပြီ၊ နွဲ့နှောင်းက ငွေမက်တဲ့ပုံ ပေါက်နေလို့လား’

‘စိုးရိမ်လို့ပါ နွဲ့နှောင်းရယ်’

‘ဒီအတွက်ဆိုရင်တော့ ဘာမှပူမနေပါနဲ့ ကိုယ်ရယ်၊ နွဲ့နှောင်းက ဘယ်အဆင့်ရောက်ရောက် ဘဝမမေ့ပါဘူး၊ တစ်အိမ်တည်းနေကြတာပဲ ကိုယ်ရယ်၊ ဥစ္စာခနကြောင့် သူတို့ကို စိတ်ဝင်စားရင် နွဲ့နှောင်းအဖြစ်နဲ့လည်း ပြုစားလို့ရပါတယ်၊ ဒီအသက်ဒီအရွယ်ထိ အိမ်ထောင်မပြုဘဲ ပွေရှုပ်နေတဲ့ ယောကျ်ားမျိုး နွဲ့နှောင်း လေးစားလို့ မရပါဘူး’

အာမခံစကားတွေ ရှည်ရှည်ဝေးဝေး ကတိပေးပြောကြားပြီးမှ ကိုယ် မျက်နှာကြည်သာရွှင်ပျသွား၏။

‘ကောင်းပါပြီ၊ နွဲ့နှောင်းပြောတဲ့အတိုင်းပဲ ယုံကြည်ပြီး စိတ်ချနေလိုက်ပါ့မယ်’

ထိုညက ယံယံ ဘီယာသောက်ပြီး ကိုကြီးက ကိုလေး အတွက် ကော်ဖီဖျော်တိုက်ခဲ့သည်တဲ့၊ အင်း အံ့ဩကုန်နိုင်ဖွယ် အဖြစ်တွေပါပဲလား။

❒ ❒ ❒

www.burmeseclassic.com

## အခန်း (၇)

ကိုယ်တို့ တိုက်ကြီးမှလူများ ဗရုတ်ဗရက်နှင့် နိုးထလာကြသည်။ ကိုလေးက ဝမ်းတွေ ဒလဟောသွားနေသည်တဲ့၊ ကိုယ်ကတော့ ခေါင်းကိုက်သည် ဆိုပြီး အိပ်ရာမှ ထမလာတော့။ အားလုံးထဲမှာ ကိုကြီးတစ်ယောက်သာ လန်းဆန်းတက်ကြွ လှုပ်ရှားပြနေ၏။

နွဲ့နှောင်းမှာလည်း ပထမဆုံး အလုပ်ဆင်းရမည့်နေ့ ဖြစ်၍ ကြီးနွဲ့အား တော်ရုံသင့်ရုံသာ ကူညီနိုင်တော့သည်။ ဝမ်းသွား၍ ပျော့ခွေနေသူနှင့် အရက်ကြောင့်မြော့နေသူတို့အား ကြီးနွဲ့လက်တွင် ဝကွက်၍ အပ်ခဲ့ပြီး ကိုယ့် အလုပ်ခန်းဟွင် အလှပြင်ရ၏။ မိတ်ကပ်ပြင်ရတာက အလေ့အကျင့်များနေပြီ ဆိုတော့ သိပ်အခက်အခဲ မရှိလှ။

မှဲ့နေရာ မလွဲအောင် ကွန်ပျူတာထဲတွင် သိမ်းထားသော သူ့ပုံကိုကြည့်၍ အသေအချာ ပြင်ဆင်ရသည်။ စောစောစီးစီး ရောက်လာသော သဇင်သင်းအား ကွန်ပျူတာနှင့် တိုက်ဆိုင်စစ်ဆေးစေသည်။

အားလုံးစိတ်ကျေနပ်မှုရမှ Taxi နှင့်ကုမ္ပဏီသို့ ပြေးရတော့သည်။ ကုမ္ပဏီနှင့် မလှမ်းမကမ်းတွင် ကားရပ်ခိုင်းပြီး ဆင်မယဉ်သာ စတိုင်နှင့် မလိုင်အပြည့်ပါသော နို့ဆီဗူးကြော်ငြာသလို လျှောက်လှမ်းလာခဲ့သည်။

ရုံးအဆောက်အဦး ဆင်ဝင်အောက်တွင် နာရီတကြည့်ကြည့်နှင့်မျှော်နေသော ကိုကြီးကို တွေ့ရ၏။ သူ့မနာမည် နန်းနွဲ့နွဲ့နိုင်ဟု



အထပ်ထပ်ရေရွတ်ရင်း ရင်ခုန်စိတ်ကို သိုဝှက်၍ ခပ်သွက်သွက်လေး လျှောက်လာခဲ့သည်။

ကိုကြီးက သွားတိုက်ဆေး ကြော်ငြာသလို သွားအကုန်ပေါ်အောင် ပါးဖြဲနှားဖြဲပြုံးပြရင်း ဆီးကြို၏။

'နန်းနွဲ့နွဲ့နိုင် မျှော်လိုက်ရတာ၊ နောက်ကျတယ်နော်'

'ဟုတ်ကဲ့ရှင့် ဆယ်မိနစ်လောက်ပါပဲ၊ တောင်းပန်ပါတယ်ရှင်၊ ဘတ်စ်ကားတွေက တအားကျပ်လို့ပါ၊ တော်တော်နဲ့ တက်မရဘူးလေ'

'ဟုတ်တာပေါ့… သဘောပေါက်ပါတယ်၊ နန်းနွဲ့နွဲ့နိုင်ရဲ့ ပထမဆုံးနေ့ အလုပ်ဝင်တာဆိုတော့ ယောင်လည်လည်ဖြစ်နေမှာစိုးလို့ လာစောင့်နေတာ၊ ကဲ… ရုံးခန်းထဲ ဝင်ရအောင်'

'ဟုတ်ကဲ့ရှင့်'

လုံခြုံရေး၏ ဦးညွှတ်ခြင်းကိုခံယူ၍ ကိုကြီးနောက်မှ နွဲ့နှောင်း လိုက်လာခဲ့၏။ ဝန်ထမ်းများ၏ စပ်စုမျက်ဝန်းများကို မျက်လွှာချ၍ ကာကွယ်ရင်း တိတ်ဆိတ်စွာ လိုက်လာခဲ့သည်။ ကုမ္ပဏီပိုင်ရှင်ကိုယ်တိုင် ဆီးကြိုရသော ဝန်ထမ်းအသစ်အား အားလုံးက ခိတ်ဝင်စားနေကြ၏။

ကိုကြီး၏ သားနားသောရုံးခန်းအတွင်း ကွန်ပျူတာတင်ထားသော စားပွဲတစ်လုံးတွင် နေရာချထားပေးသည်။

'အဟင်း… ဘာမှ စိတ်ကျဉ်းကျပ်မနေနဲ့နော်၊ ဒီနေ့ကတော့ လေ့လာတဲ့သဘောပဲပေါ့၊ လုပ်စရာတွေ သိပ်မရှိသေးပါဘူး၊ အဟင်း … ခဏနော်'

ကိုကြီးက နွဲ့နှောင်းကို ထားခဲ့ပြီး ပြန်ထွက်သွား၏။ အခန်းတွင်း ဝေ့ဝဲကြည့်ရှု အကဲခပ်လိုက်မိ၏။ အားလုံး သူ့နေရာနှင့်သူ စနစ်တကျ ရှိနေသည်။ သပ်သပ်ရပ်ရပ်နှင့် သန့်ရှင်းနေသည်။ ထိုစဉ် ကိုကြီး စားပွဲပေါ်မှဖုန်းက ရုတ်တရက် မြည်လာ၏။

နွဲ့နှောင်း အထိတ်တလန့် ဖြစ်သွားသည်။ ကိုကြီးကို မျှော်

www.burmeseclassic.com

သော်လည်း ပေါ်မလာသေး၊ ဖုန်းကလည်း အဆက်မပြတ် မြည်နေသဖြင့် အကျိုးအကြောင်း ပြန်ပြောနိုင်ရန် ကောက်ကိုင်လိုက်၏။ ဟယ်လိုဟုပင် ပြောခွင့်မရသေးခင် တစ်ဘက်မှ မရပ်မနား ပြောဆိုနေတော့သည်။

'ကိုကြီး မင်း ယုတ်မာလှချည်လား၊ ညကအထိ အကောင်းကြီးဟာကို မင်းဖျော်ပေးတဲ့ ကော်ဖီသောက်ပြီးမှ ဒလဟောဝမ်းသွားတာ နန်းနွဲ့နွဲ့နိုင်ကို ငါ့အလုပ်ခွင် ခေါ်မသွင်းနိုင်အောင်လို့ လုပ်လိုက်တာပေါ့ ဟုတ်လား၊ ဒီကိစ္စ တစ်သက်မကြေဘူး မှတ်ထား'

ပြောချင်ရာပြောပြီး ဖုန်းချသွား၏။ ကိုလေး ဝမ်းသွားရခြင်း အကြောင်းအရင်းကို သိလိုက်ရသဖြင့် အတော်ရယ်ချင်သွားသည်။ ဒီကိစ္စ ကိုကြီးကို ပြန်ပြောပြရှုတော့ ကောင်းမည်မထင်ဟု တွေးနေစဉ်မှာပင် ကိုကြီးနှင့်ဝန်ထမ်းတစ်ယောက် ဝင်လာကြ၏။

ကိုကြီးနောက်မှ ဝန်ထမ်းလက်ထဲတွင် ဇန်းတစ်ချပ်နှင့် ထည့်ယူလာသော နန်းကြီးသုပ်နှင့် ကော်ဖီပန်းကန်များကို တွေ့ရသည်။ ရော်… ခက်ပဲခက်ရချီသေးရဲ့၊ ကုမ္ပဏီပိုင်ရှင်က ဝန်ထမ်းကို တကူးတက ပြန်ညှိ့ခံနေသည့် အဖြစ်ပါပဲလား။ စားသောက်စရာများ သယ်ယူလာသော ဝန်ထမ်းပြန်ထွက်သွားသည်နှင့်…

'နန်း… အဲ… နန်းလို့ပဲ ခေါ်မယ်နော်၊ နာမည်ရှည်တော့ ခေါ်ရတာ မောလို့ ဟင်းဟင်း၊ စားလိုက်ပါဦး နန်း၊ ဒီနန်းကြီးသုပ်က သိပ်ကောင်းတာ'

'ဟုတ်ကဲ့ရှင့်'

မစားရင်လည်း ပြီးမှာမဟုတ်သဖြင့် ကိုကြီးနှင့်အတူတူ စားလိုက်ရ၏။ စားပြီးမှ သူသိချင်တာတွေ မေးမိသည်။

'ဒါနဲ့စကားမစပ် ဒီမှာ အမျိုးသမီးဝန်ထမ်းတွေ အားလုံး ယူနီဖောင်းဝတ်ကြတာ တွေ့ရပါတယ်၊ ကျွန်မကော'

'မလိုဘူး နန်း မလိုဘူး၊ နန်းက ကိုယ့်ရဲ့ အတွင်းရေးမှူးပဲ



ဘာဝတ်ဝတ်ရတယ်၊ သူများတွေနဲ့ ရောကောသောကော နေစရာမလိုဘူး၊ တစ်နေ့တစ်မျိုး မရိုးရအောင် လှလှပပလေးသာဝတ်ခဲ့ အမောပြေတာပေါ့ ဟင်း ဟင်း'

'ရှင်'

'သြော်… အင်း… ဟိုဒင်း၊ အဆင်ပြေတယ်လို့ ပြောတာပါ ဟဲ ဟဲ'

'ဟုတ်ကဲ့ရှင်၊ ဒါဆို ဒီမှာ ကျွန်မရဲ့ တာဝန်ကကော'

'ဒါလည်း စိတ်ပူမနေပါနဲ့ နန်းရာ၊ မုဆိုးစိုင်သင်သလို ဖြည်းဖြည်းချင်း သင်သွားကြတာပေါ့၊ အေးအေးဆေးဆေးသာ နေစမ်းပါကွာ'

'သြော်… ဟုတ်… ဟုတ်ကဲ့ရှင့်'

တကယ်လည်း ဘာမှမယ်မယ်ရရ မလုပ်ခဲ့ရချေ။ တစ်နေ့လုံး ကုမ္ပဏီ၏ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များကို ကွန်ပျူတာမှ တစ်ဆင့်သာ လေ့လာနေခဲ့ရ၏။ ဒီလိုနှင့်သာ တစ်နေ့တာ ကုန်ဆုံးခဲ့သည်။

'နန်း… မနက်ဖြန်လည်း ဒီကိုပဲ လာခဲ့နော်၊ ဟိုမန်နေဂျင်း ဘာပြောပြော ဂရုမစိုက်နဲ့၊ နန်းကို စက္ကထရီအဖြစ် ဝန်ထမ်းစာရင်း သွင်းပြီးပြီ။ ပြင်ဆင်စရာရှိတာတွေလည်း အကုန်လုပ်ပြီးသွားပြီ။ ရုံးတွင်းအမိန့်ကြော်ငြာစာလည်း ထုတ်ပြန်ပြီးပြီ သိလား'

ကိုကြီးက နွဲ့နှောင်းကို အပိုင်စီးပြီး သူ့အနားတွင်သာ ခေါ်ထားရန် ချည်ပြီးတုပ်ပြီး စီစဉ်ပြီးဖြစ်ကြောင်း အသိပေးနေတော့ နွဲ့နှောင်း ရယ်ချင်လွန်းသဖြင့် ခေါင်းငုံ့၍သာ နေလိုက်ရတော့၏။

❒ ❒ ❒

www.burmeseclassic.com

ဒုံးဒုံးဒိုင်းဒိုင်း အသံများကြောင့် တစ်အိမ်သားလုံး အလန့်တကြားဖြစ်ပြီး အသံလာရာ အိမ်အပေါ်ထပ်ဆီ ပြေးတက်လာခဲ့ကြ၏။ အသံက ကိုကြီးအခန်းထဲမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။ အချိန်က မနက် ခုနစ်နာရီခွဲသာ ရှိသေး၏။

ဘယ်လိုကြောင့် ဒီလိုအသံတွေ ထွက်နေရသလဲဆိုတာ သုံးသပ်ကြည့်ရာ တံခါးလော့ခ်ကျပြီး ဖွင့်မရသောကြောင့်ဟု အဖြေထွက်၏။

ကိုကြီးက အထဲမှနေ၍ သော့ရှာပြီး တံခါးဖွင့်ပေးရန် အော်ဟစ်ပြောဆိုနေသည်။ တံခါးသော့ကို စစ်ဆေးကြည့်တော့ သော့အိမ်ထဲမှာ သော့ကကျိုးပြီး ကျန်နေတာ သိကြရ၏။

ထိုအကြောင်းကို အခန်းထဲက ကိုကြီးသိအောင် ကိုယံက အော်ပြောနေသည်။ အထဲကလည်း မကြားရ၍ အော်ဟစ်မေးနေရာ ကြာတော့ နှစ်ယောက်စလုံး မောလာကြ၏။ သို့နှင့်ကိုယံက ဖုန်းထုတ်၍ MOBILE ဖုန်းချင်း ဆက်သွယ်ပြောဆိုမှ ကောင်းကောင်းကြားရပြီး အမောသက်သာသွားသည်။

'ဝေယံ… တံခါးဖွင့်ပေးလို့ ပြောနေတာ နားမလည်ဘူးလား'

'နားလည်တယ်၊ သော့ပေါက်ထဲမှာ သော့ကျိုးပြီး ကျန်နေခဲ့တာ ဘယ်လိုမှ ဖွင့်မရဘူး'

'ဟင်… ဒါ… ဒါဆို ဟိုကောင် တိမ်လွှာကော'

'ကိုလေး အစောကြီးထွက်သွားတယ်လေ၊ ကားပါယူသွားတာ'

'ဘာ… တောက်! ခွေးကောင်၊ ဒါ ငါ့ကို သက်သက်လုပ်သွားတာ တွေ့ကြသေးတာပေါ့ကွာ'

'အဲဒါ အသာထား၊ အခု ဘယ်လိုလုပ်မလဲ'

'ဘယ်လိုလုပ်ရမလဲကွ၊ သော့ပြင်ကုလား သွားခေါ်ပြီး လုပ်ခိုင်းရမှာပေါ့ မြန်မြန်လုပ်'



'ဟုတ်ကဲ့ ကိုကြီး၊ ဒါပေမဲ့ ကုလားသွားရှာရမှာနဲ့ ခေါ်လာရမှာနဲ့ ကြာမှာနော်'

'ကြာမယ်ဆိုတာ သိတယ်၊ တတ်နိုင်သမျှ အမြန်ဆုံးလုပ်ဒါပဲ'

ယံယံ ဖုန်းပိတ်ပြီးသည်နှင့် နွဲ့နှောင်းကို စူးစိုက်၍ ကြည့်၏။ ကြီးနွဲ့က နားမလည်နိုင်ဟန်နှင့်…

'အိမ်မှာ ဘာတွေဖြစ်နေကြတာလဲ သားငယ်ရယ်၊ သော့က ဘာဖြစ်လို့ ကျိုးနေရတာလဲ'

'အဲဒါ ကြီးနွဲ့ တူနှစ်ယောက် စားမာန်ခုတ်နေကြတာဗျ၊ ကဲ… ကုလားသွားပင့်လိုက်ဦးမယ်'

ယံယံက နွဲ့နှောင်းအား မျက်စောင်းထိုးကြည့်ပြီး နှုတ်ခမ်းစူကာ ထွက်သွားတော့၏။ ကြီးနွဲ့က နွဲ့နှောင်းကို စူးစူးရဲရဲကြည့်ရင်း…

'ကဲ… နွဲ့နှောင်း သူတို့ ဘာတွေဖြစ်နေကြတာလဲ၊ သမီး သိတယ်မို့လား'

'အဟင်း… ဒီလို ကြီးနွဲ့ရဲ့၊ မနေ့က ကိုကြီးက ကိုလေးကို ဝမ်းနှုတ်ဆေးတွေ ကော်ဖီထဲဖျော်တိုက်ပြီး ကိုလေး ရုံးမတက်နိုင်အောင် လုပ်တယ်လေ၊ အဲဒါကြောင့် ကိုလေးက ကိုကြီးကို သော့ခတ်ပြီး ပိတ်လှောင်ခဲ့တာပေါ့ ဒီနေ့ ရုံးမတက်နိုင်အောင် ပြန်ပြီးလက်စားချေတာ'

'အဲသလောက်တော့ ငါလည်း ရိပ်မိတာပေါ့၊ အဲသလို လုပ်ရတဲ့အကြောင်းက ဘာလဲလို့မေးတာ'

'အဟဲ သမီးကြောင့်'

'ဟေ'

'မနေ့က သူတို့ ကုမ္ပဏီမှာ သမီး အလုပ်စဝင်တယ်လေ၊ အဲဒါ…'

နွဲ့နှောင်းက ယံယံနှင့်တိုင်ပင်ပြီး ကိုကြီး၊ ကိုလေးတို့ကို

www.burmeseclassic.com

ပညာပေးမည့် အစီအစဉ်ကို ရှင်းပြလိုက်၏။ ကြီးနွဲ့ ပင့်သက်ရှိုက်ပြီး ရင်မနေရပြီ။

'ကြည့်လည်း လုပ်ကြပါအေ၊ ကျုပ်ပါ ခေါင်းနဲ့ဆင်းနေရပါ ဦးမယ်'

'စိတ်ချပါ ကြီးနွဲ့ရယ် သမီးနဲ့ကိုယ်ပဲ အနိုင်ရမှာပါ၊ ကဲ… သွားမယ်နော်၊ မိတ်ကပ်နဲ့ ရုပ်ပြောင်းရုပ်လွဲလုပ်ရဦးမှာ ကြီးနွဲ့ရဲ့'

နွဲ့နှောင်း ပြေးပြေးလွှားလွှား ထွက်လာတော့ ကြီးနွဲ့ ဘုရားတပြီး ကျန်ခဲ့တော့၏။

❐ ❐ ❐

ကိုကြီး ဘယ်အချိန်မှ အခန်းထဲက ထွက်နိုင်မည် မသိသော်လည်း နွဲ့နှောင်းကတော့ ပုံမှန်အတိုင်း အလုပ်သို့ရောက်လာခဲ့၏။ အင်တာဗျူး ဖြေစဉ်ကတည်းက မှတ်မိနေကြပြီး ချယ်ယာမင်နှင့် မန်နေဂျင်းကိုယ်တိုင် အထူးအခွင့်အရေးတွေ ပေးနေသည့် နွဲ့နှောင်းအား တစ်ရုံးလုံးက မှတ်မိနေခဲ့ပြီ။

သို့သော် အိမ်ကအစောကြီးထွက်သွားသည့် ကိုလေးကိုမူ မတွေ့ရသေး။ မနေ့က ကိုကြီး၏ အမှာစကားအရ ချယ်ယာမင် ကိုကြီး၏ရုံးခန်းသို့ ဦးတည်လိုက်၏။ အခန်းရှေ့သို့အရောက် အခန်းထဲမှ လူတွေတပုံကြီး ထွက်လာတာတွေ့ရသဖြင့် အံ့သြသွားသည်။

နောက်ဆုံးမှ ထွက်လာသူက ကိုလေး ဖြစ်နေ၍ ပိုပြီးအံ့အားသင့်သွားရ၏။ ကိုလေးက နယ်မြေသစ်ရှာဖွေနိုင်သော ဗတ်စကိုဒဂါးမား၏ ဝင့်ကြွားမှုမျိုးဖြင့်…

'ဟော… ညီမလေး ရောက်လာပြီ အတော်ပဲ၊ မနေ့က ရုံးမတက်ဖြစ်တော့ ညီမလေးကို အစ်ကို့ ဆက်ရင်မှာခေါ်ထားဖို့ မစီစဉ်နိုင်ခဲ့ဘူးလေ၊ ဒီနေ့မှ ရောက်လာတော့လည်း ညီမလေးက ချယ်ယာမင်ရဲ့စက္ကရီထေရီအဖြစ် လစာတောင် ထွက်နေပြီ။ ဒါပေမဲ့ ဘယ်ရ



မလဲ၊ အစ်ကို့ရုံးခန်း ဒီကိုပဲ ပြောင်းလာလိုက်တယ်လေ၊ ဟဲ… ဟဲ… မပိုင်ဘူးလား၊ လာ… ညီမလေး'

ကိုလေးက နွဲ့နှောင်းကို ရုံးခန်းထဲသို့ ဖိတ်ခေါ်၏။ နွဲ့နှောင်း ဝင်သွားလိုက်သောအခါ အခန်းထဲ စားပွဲ၊ ကုလားထိုင် ဘီရိုနှင့်အခြား ရုံးသုံးပစ္စည်းများနှင့် ပြည့်ကျပ်နေတာ တွေ့ရ၏။ မနေ့ကလို သန့်ရှင်းသပ်ရပ်မနေတော့ အခန်းက လူသုံးယောက်အလုပ် လုပ်လို့ရအောင် ကျယ်ဝန်း၍သာ တော်တော့သည်။

'အဟင်း… ညီမလေး စားပွဲက ဒီမှာ အစ်ကိုက ဒီစားပွဲ၊ ဟိုချယ်ယာမင်ကိုတော့ ချောင်ထဲပို့ထားလိုက်တယ်လေ၊ ဟဲ… ဟဲ…'

'ကျွန်မက ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေပါတယ်ရှင်၊ ဘော့(စ်)တို့ အဆင်ပြေဖို့သာ အရေးကြီးတာပါ၊ ပြီးတော့ ကျွန်မရဲ့ တာဝန်ကိုလည်း သေချာရှင်းပြပေးပါဦး ရှင့်'

'အို… ညီမလေးကလည်း ဘော့(စ်)လို့ခေါ်မနေပါနဲ့၊ ရင်းရင်းနှီးနှီး အစ်ကိုလို့ပဲခေါ်ပါ၊ ဟဲ… ဟဲ…'

'ရှင်… ဟုတ်… ဟုတ်ကဲ့'

'အလုပ်ကတော့ သိပ်ထွေထွေထူးထူး မရှိပါဘူး၊ ဟိုချယ်ယာမင်ကောင်အတွက် ချိန်းထားတဲ့ ဧည့်သည်စာရင်းအတိုင်း တွေ့ဖို့စီစဉ်ပေး၊ အစည်းအဝေးရှိရင် သက်ဆိုင်တဲ့ အကြောင်းအရာဖိုင်ရှာပေး ဖုန်းခေါ်တဲ့အခါ နားထောင်ပြီး တွေ့သင့်တဲ့လူဖြစ်မှ ဖုန်းလွှဲပေး၊ ဒီလောက်ပါပဲ'

'ဟုတ်ကဲ့ရှင့်'

'အဲ… အစ်ကို့အတွက်ကတော့ ဝန်ထမ်းအင်အားနဲ့ လစာစာရင်းလုပ်ပေးဖို့ ပြီးတော့ လခထုတ်ရက်မှာ ဝန်ထမ်းတွေကို လစာထုတ်ပေးဖို့ ဒီလောက်ပါပဲ၊ ဟဲ… ဟဲ… လုပ်နိုင်တယ် မဟုတ်လား'

'လုပ်နိုင်ပါတယ်ရှင်၊ ဒီလောက်ပဲ ဆိုရင်တော့ ကျွန်မဖြင့် ပျင်းတာနဲ့ အိပ်ပျော်သွားလိမ့်မယ် ထင်ပါရဲ့'

www.burmeseclassic.com

'အိပ်ချင်လည်း အိပ်ပေါ့၊ ရုံးခန်းက အကျယ်ကြီးဥစ္စာ၊ ညီမလေး သတိထားရမှာက တစ်ခုပဲ၊ ဟို ချယ်ယာမင်ဆိုတဲ့လူကို သိပ်မရောနဲ့၊ သူက အကျင့်မကောင်း....'

'ဝုန်း'

'ဟော့ကောင် မင်း ဘာစကားပြောတာလဲ၊ နန်းကို ဘာတွေ ချွန်တွန်း လုပ်နေတာလဲ၊ အကျင့်မကောင်းတာက ငါ မဟုတ်ဘူး၊ မင်းကွ... မင်း'

ရုတ်တရက်ဆိုသလို တံခါးပွင့်လာပြီး ကိုကြီးဝင်လာကာ ကိုလေးနှင့် ထိပ်တိုက်တွေ့ကြတော့၏။

'ဟင်း... ဟင်း... တံခါးသော့ပြင်တာ မြန်လှချည်လား၊ ငါက ညနေလောက်မှ မင်း ရောက်လာမယ်ထင်တာ'

'တိမ်လွှာ မင်း လုပ်ရပ်တွေ သိပ်လွန်နေပြီနော်'

'ကိုကြီးက စတာလေ ဒါ ကော်ဖီကိစ္စအတွက် ထိုက်တန်တဲ့ တုန့်ပြန်မှုပဲ သရေပွဲလို့ သဘောထားလိုက်ပေါ့'

'ငါ့ဘဝမှာ သရေဆိုတာ မရှိဘူး၊ နိုင်ပွဲတောင်မှ တစ်ယောက်တည်း သုံးဂိုးသွင်းပြီး ဟက်ထရစ်ရမှ သဘောကျတာကွ၊ သွား... ငါ့အခန်းထဲက ထွက်သွား'

'သွားစရာမလိုတော့ဘူး၊ ငါလည်း ဒီမှာပဲ အလုပ်လုပ်မှာ အားလုံးပြင်ဆင် ပြီးသွားပြီ'

'ဟင်'

ထိုအခါမှ ကိုကြီး အခန်းကိုသတိပြုမိသွား၏။ ကိုလေးနှင့် နွံ့နှောင်းက မျက်နှာချင်းဆိုင် နေရာယူထားပြီး သူ့အတွက်က ဓားလွယ်ခုတ် အခန်းထောင့်ချောင်ထဲမှာ ဖြစ်နေတာ သိသွားသည်။

'ဟော့ကောင်... မဖြစ်ဘူး၊ ကိုယ့်ရုံးခန်း ကိုယ်ပြန်'

'မပြန်ဘူး၊ ဒီမှာပဲ အလုပ်လုပ်မယ် စကားများမနေနဲ့ မလုပ်နိုင်ရင် အခန်းပြောင်း ဒါပဲ'



ကိုလေးက အပြတ်ပြောပြီး အလုပ်ထိုင်လုပ်နေ၏။ ကိုကြီး ဒေါပွသွားပြီး ရှူးရှူးရှားရှားနှင့် သူ့စားပွဲသူ သွားထိုင်နေတော့သည်။ ညီအစ်ကို နှစ်ယောက်လုံးက နွံ့နှောင်း ရှိသည့်နေရာမှာပဲ အလုပ်လုပ်ချင်နေကြတော့၊ ဒီအခန်းထဲက ထွက်သွားဖို့ကို ဘယ်သူမှ မစဉ်းစားကြတော့ပေ။

နှစ်ယောက်စလုံး ငူငူငိုင်ငိုင်နှင့် အလုပ်လုပ်ချင်ယောင်ဆောင်နေကြ၍ ပျင်းလာသော နွံ့နှောင်း ကွန်ပျူတာကိုသာ ဆော့နေလိုက်သည်။ အတော်ကြီးကြာမှ ကိုကြီးက...

'တိမ်လွှာ မန္တလေးက အော်ဒါတွေပို့ဖို့ ရက်ကကပ်နေပြီ၊ စက်ရုံမှာ ထုတ်လုပ်မှုအခြေအနေ ဘယ်လိုရှိလဲ အချိန်မီမလား၊ မမီရင်လည်း သတ်မှတ်ရက်ပြီးဖို့ နေ့ဆိုင်းညဆိုင်းနဲ့ လုပ်ဖို့ကိစ္စ သွားပြီး စစ်ဆေးလိုက်ဦး'

'အခုလား'

'အေးပေါ့'

'ကဲ... သွားမယ်... သွားမယ်၊ ညီမလေးလာ စက်ရုံသွားစစ်ရအောင်'

'ဟုတ်ကဲ့ အစ်ကို'

ကိုလေးက နွံ့နှောင်းကို အတူသွားရန်ခေါ်[illegible]မခံချက်
ဝုန်းဒိုင်းကျဲကာ ထလာ၏။ [illegible]နကြတော့၏။ အင်း...

'ဒီမယ် တိမ်လွှာ၊ [illegible] ကာလပါပဲလား။
စမ်းပါနဲ့၊ အရင်ကလည် □ □ □
ပဲဟာ'

'မှန်[illegible]နှင့် တစ်လတာ အချိန်ကုန်ဆုံး၍ နွံ့နှောင်း ပထမဆုံး စက်ရုံကို[illegible] ခံ့ရသည်။ ဘာရာထူးမှန်း မသိဘဲ လစာတစ်သိန်းရ၏။ ကြော[illegible]ယ့်ပင်ဖြစ်စေ ပထမဆုံးရသည့်လခနှင့် ကြီးနွံ့နှင့်ကိုယ်တို့ကို

www.burmeseclassic.com

'မလိုဘူး နန်းက ငါ့ စက္ကရီထေရီ ရုံးတွင်းကိစ္စနားလည်ရင် လုံလောက်ပြီ၊ OUT DOOR ထွက်စရာမလိုဘူး'

'ဒီလိုလား ဒါဆိုလည်း ဒီကပဲ ဖုန်းနဲ့ကွန်တက် လုပ်လိုက်မယ်'

'ဟ ဖြစ်မလားကွ၊ ဒီကိစ္စ မျက်နှာချင်းဆိုင် တွေ့ပြီးပြောမှ လေးလေးစားစား လုပ်ကြမှာပေါ့၊ လူမမြင်ရရင် ဝတ်ကျေတန်းကျေနဲ့ ပြီးသွားမှာ ဝန်ထမ်းတွေအကြောင်း မင်းလည်း သိသားနဲ့ဥစ္စာ'

'ဒါဆို လက်ထောက်မန်နေဂျာကိုပဲ လွှတ်လိုက်တော့မယ်'

ကိုကြီးက ကိုလေးကို ပထုတ်ရန်ကြိုးစားသော်လည်း ကိုလေးက ပေကပ်ပြီးငြင်းဆန်လျှက် ရှိသဖြင့် အခြေအနေက တင်းမာနေသည်။

'ကိုယ့်စီးပွားရေးကိုတောင် ဖိဖိစီးစီး မလုပ်ချင်တဲ့ မင်းလို စိတ်ဓာတ်နဲ့တော့ အလုပ်မဖြစ်ပါဘူး၊ ဒီတစ်သက် ကြီးပွားမှာလည်း မဟုတ်ဘူး'

'ဘာမှ ပြောမနေနဲ့ ကိုကြီး သွားစေချင်ရင် နန်းနွဲ့နွဲ့နိုင်ကို ထည့်လိုက် ဒါဆို သွားမယ်'

'မထည့်နိုင်ဘူး၊ မနက်ဖြန် အစည်းအဝေးအတွက် ပြင်ဆင်

ရာတွေ သူ့ကိုခိုင်းရမှာ'

အား... ...သည်း ပြီးတာပဲ ကျွန်တော်တော့ မသွားဘူး'

'ဟင်'

...ကက်မန်နေဂျာအား ဖုန်းဆက်၍ စက်ရုံသို့

ထိုအခါမှ ကိုကြီး အခန့... ...တော့။ နှစ်ယောက်သား ငြိမ်

နွဲ့နှောင်းက မျက်နှာချင်းဆိုင် နေရာယူထားပြီး ... နာရီကြည့်၍ ထလိုက်

ခုတ် အခန်းထောင့်ချောင်ထဲမှာ ဖြစ်နေတာ

'ဟော့ကောင်... မဖြစ်ဘူး၊ ကိုယ့်ရုံးခန်း ... အောင် လာ...

'မပြန်ဘူး၊ ဒီမှာပဲ အလုပ်လုပ်မယ် စကားများ...

နိုင်ရင် အခန်းပြောင်း ဒါပဲ'

...ဆွဲခေါ်



သဖြင့် နွဲ့နှောင်း ရှန်းရင်းကန်ရင်း ပါသွား၏။ ကိုကြီးက အပြေးအလွှားကပ်ပါလာပြီး...

'ငါလည်း လိုက်မယ်'

'လုပ်ပြန်ပြီဗျာ၊ ကိုကြီး ဘယ်တုန်းက ရုံးပြင်ထွက်ပြီး စားဘူးလို့လဲ'

'အခု ငါ့ပေါ်လစီတွေ ပြောင်းလိုက်ပြီ'

ဤသို့နှင့် ညီအစ်ကိုနှစ်ယောက် စားမာန်ခုတ်ရင်း စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ခဲ့ကြ၏။ နွဲ့နှောင်းကို အလုအယက် ဂရုစိုက်နေကြသဖြင့် အနေကျဉ်းကျပ်လောက်အောင် စိတ်ရှုပ်လာရသည်။

သို့နှင့်...

'ကျွန်မက ရိုးရိုးသားသားနဲ့ အလုပ်တစ်ခု လုပ်ချင်လို့ ဒီကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာပါ၊ ခုတော့ ဘာလုပ်ရမှန်း မသိဘဲ ကိုယ်ပိုင်လွှတ်လပ်ခွင့်တွေ ဆုံးရှုံးမှုပဲ ကြုံနေရတယ်၊ ဒီအတိုင်းဆို ကျွန်မ မလုပ်နိုင်တော့ဘူး အလုပ်ထွက်မှ ဖြစ်တော့မယ် ထင်တယ်'

'ဟာ... အဲလိုတော့ မလုပ်ပါနဲ့ ညီမလေးရာ'

'ဟုတ်ပါတယ် ကိုယ်တို့ ကုမ္ပဏီမှာ နန်းမရှိလို့ မဖြစ်ဘူးလေ'

ထို့နောက်မှာတော့ ညီအစ်ကိုနှစ်ယောက်လုံးက အာမခံချက်များ အမျိုးမျိုးပေး၍ အလုပ်မထွက်ရန် တောင်းပန်ကြတော့၏။ အင်း... နွဲ့နှောင်းတို့ ဘုန်းမိုးသို့ချွန်းသည့် ကာလပါပဲလား။

❒ ❒ ❒

ဤသို့နှင့် တစ်လတာ အချိန်ကုန်ဆုံး၍ နွဲ့နှောင်း ပထမဆုံး လခထုတ်ခဲ့ရသည်။ ဘာရာထူးမှန်း မသိဘဲ လစာတစ်သိန်းရ၏။ မည်သို့ပင်ဖြစ်စေ ပထမဆုံးရသည့်လခနှင့် ကြီးနွဲ့နှင့်ကိုယ်တို့ကို

www.burmeseclassic.com

ကန်တော့ရန် အမှတ်တရပစ္စည်းများ ဝင်ဝယ်နေရာ အိမ်သို့ခြောက်နာရီလောက်မှ ပြန်ရောက်ခဲ့သည်။

ယံယံ အလုပ်ခန်းသို့ အရင်ဝင်လာခဲ့၏။ သော်သော်ပါ ရောက်နေ၍ နွဲ့နှောင်း ဝမ်းသာသွား၏။

'ဟယ်… အတော်ပဲ၊ သော်သော်ပါ ရောက်နေတာကိုး သတိတရနဲ့ ဝယ်ခဲ့မိလို့ တော်ပါသေးရဲ့'

'ဘာတွေ သတိတရနဲ့ ဝယ်ခဲ့တာများပါလဲ သူဌေးကတော်'

'လုပ်ပြီ သော်သော်ရယ်၊ ဘယ်က သူဌေးကတော်ရမှာလဲ၊ ဒီနေ့ ပထမဆုံးလခထုတ်ရတဲ့နေ့လေ၊ ကြီးနွဲ့ရယ် ကိုယံရယ် သော်သော့်အတွက်ရယ် လက်ဆောင်တွေ ဝယ်လာတာ၊ ကိုယ့်ကျေးဇူးရှင်တွေ အတွက်ပေါ့'

'နွဲ့နှောင်းရယ် ဒုက္ခရှာလို့'

'ဘယ်ဟုတ်ပါ့မလဲ ကိုယံ၊ အားလုံးရဲ့ ကျေးဇူးတွေက နွဲ့နှောင်းအပေါ်မှာ တောင်လိုပုံနေတဲ့ ဥစ္စာ'

နွဲ့နှောင်းက ရွှန်းရွှန်းဝေအောင် ပြောဆိုရင်း ကိုယံ့အတွက် ရှပ်အင်္ကျီအကောင်းစားတစ်ထည်၊ သော်သော့်အတွက် hand phone ထည့်သည့်အိတ်နှင့်တွဲရက် ဟန်းချိန်လေးတစ်ခုကို ထုတ်ပေးလိုက်၏။ တန်ဘိုးမများသော်လည်း အားလုံးဝမ်းသာသွားကြသည်။

'ကျေးဇူးတင်ပါတယ် နွဲ့နှောင်းရယ်၊ ကဲ… ပြောပါဦး၊ ဘယ်သူက ပရိုပို့စ်လုပ်ပြီလဲဆိုတာ'

'အဟင်း… တစ်ယောက်ကိုတစ်ယောက် အလစ်မပေးကြတော့ ဘယ်သူမှ ပြောခွင့်မရကြသေးဘူးလေ သော်သော်ရဲ့'

'ကောင်းတယ် အခုမှပဲ နှစ်ယောက်စလုံး ငြိမ်သွားတော့တယ်၊ ဒါဟာ ဘာကိုပြသလဲဆိုတော့ နွဲ့နှောင်းကို သူတို့နှစ်ယောက် မေတ္တာစစ် မေတ္တာမှန်နဲ့ ဟတ်ထိပြီး အပြတ်ငြိနေကြတယ် ဆိုတာပဲ'

'ဟုတ်တယ် သော်၊ အခြေအနေက မကြာခင် ပွဲသိမ်းတော့



မှာ နွဲ့နှောင်းကိုများ ဒီလိုတောသူမကို ရန်ကုန်အသိုင်းအဝိုင်းမှာ ဝင်ဆန့်အောင်ပြုပြင်နိုင်ရင် လည်ဖြတ်ခံမယ်၊ ဘာမယ်နဲ့ သူတို့ ရှုံးသွားမှ နွဲ့နှောင်းကို လက်ဆွဲပြီး ကောင်းကောင်းပြောပစ်လိုက်မှာ'

'ပြောရမယ်လေ ပြောရမယ်၊ ဒါနဲ့ သူတို့ရှုံးရင် သူတို့က ဘာပေးဦးမှာလဲ'

'ဘာပေးရမှာလဲ နွဲ့နှောင်းကို ဒီအိမ်မှာ ကြည်ကြည်ဖြူဖြူနေနိုင်ခွင့်ပဲပေါ့'

'မတန်လိုက်တာဟယ် တစ်ခုခု ထပ်တောင်းရမှာ ယံရဲ့'

ထိုစဉ် အခိုက်မှာပင် ကိုကြီး အလုပ်ခန်းထဲသို့ ဝင်လာသဖြင့် အားလုံးအငိုက်မိသွားကြ၏။ လွတ်အောင်ပုန်းချိန်ပင် မရတော့။

'ဝေယံ… ကြီးနွဲ့ နေမကောင်းဘူး၊ အဲဒါ… ဟင်… နန်း… နန်းနွဲ့နွဲ့နိုင်၊ ဒီ… ဒီကို ဘာလာလုပ်တာလဲဟင် ကိုယ့်ဆီလိုက်လာတာလား'

'ရှင်… အဲ… ဟို… ဟိုလေ မဟုတ်… မဟုတ်ပါဘူးရှင့်၊ ကျွန်မ… ကျွန်မက၊ ဟိုလေ… ဒီ… ဒီက မာမီယံဆီမှာ အင်္ကျီ… အင်္ကျီလာအပ်တာ ဟုတ်တယ်၊ အင်္ကျီလာအပ်တာပါ၊ ဒီနေ့ လခထုတ်ရက် မဟုတ်လား'

'ဩော်… ဒီလိုကိုး၊ ဒါ ကိုယ်တို့အိမ်လေ ဒီကောင် မာမီယံ အဲ… ဝေယံဆိုတာ ကိုယ့်ရဲ့ ညီအငယ်ဆုံးလေ'

'ဩော်… တိုက်ဆိုင်လိုက်တာ ဆရာရယ်၊ ကျွန်မက မာမီယံရဲ့ ဖောက်သည်ပါ၊ ဒီမှာပဲ အဝတ်အစားတွေ အမြဲချုပ်တာလေ'

'ဟား… နာလိုက်တာကွာ၊ အရင်တုန်းကတည်းက နန်းနဲ့ဆုံသင့်တာ အဲလိုသာဆို ဟိုကောင်နဲ့ ခုလို လုနေရမှာ မဟုတ်ဘူး'

'ဘာလဲ ဆရာရယ်၊ ဘာတွေပြောနေတာလဲ'

'ဩော်… ဟိုဒင်း… အဲ… ဘာမှမဟုတ်ပါဘူး နန်းရယ်၊ အခု ကိစ္စပြီးပြီ မဟုတ်လား၊ ကိုယ်ပြန်လိုက်ပို့ ပေးမယ်လေ'

www.burmeseclassic.com

အပိုင်ပြောလိုက်သော ကိုကြီးစကားကြောင့် နွဲ့နှောင်းတို့အားလုံး ဘာပြန်ပြောရမှန်းမသိ ဖြစ်ကုန်ကြ၏။ နွဲ့နှောင်း ဆံပင်တွေကျွတ်ထွက်မတတ် စဉ်းစားရင်း…

'အဲ… ရ… ရပါတယ် ဆရာ၊ ကျွန်မနဲ့ဒီက မာမီနဲ့က တစ်ရပ်ကွက်ထဲ နေကြတာလေ၊ မာမီနဲ့လိုက်သွားရင် လမ်းကြုံပါတယ် …နော် မာမီသော်'

'ရှင်… အဲ… ဟုတ်… ဟုတ်ပါတယ် ကိုကြီး၊ သူနဲ့သော်က နှစ်လမ်းကျော်ပဲ လှမ်းတာပါ၊ ဟဲဟဲ သော်နဲ့အတူတူ ပြန်ကြမှာ'

'မဖြစ်ပါဘူးကွာ ကိုယ်လိုက်ပို့ပါ့မယ်၊ လာပါ… ပြောစရာလေးရှိလို့'

ကိုကြီး ဇွတ်ပြောနေသဖြင့် ငြင်းဖို့ခက်ခဲနေကြ၏။ လိုက်သွားရလျှင်တော့ ပြစရာအိမ်မရှိသဖြင့် ပြဿနာတက်တော့မည်။

'ကဲပါ… ကိုကြီးရယ်၊ ဒီက ညီမနဲ့ကိုကြီးက ဘယ်လိုပတ်သက်နေလို့လဲ၊ သူ့ဟာသူ မာမီနဲ့ပြန်ပါစေ ကိုကြီးက ကြီးနွဲ့ကိုဆေးခန်းပို့ပေးရဦးမယ်၊ ကားမောင်းမယ့်လူမှ မရှိတာ'

'ဟာ… ဒုက္ခပါပဲကွာ၊ အရေးထဲမှာ ကြီးနွဲ့က နေမကောင်းဖြစ်ရတယ်လို့'

'ကဲ… သော်သော်၊ ဒီက ညီမကိုခေါ်ပြီးပြန်တော့ ယံလည်းမအားဘူး၊ သွားကြတော့ မှောင်နေလိမ့်မယ်'

မလူးသာမလွန့်သာ အနေအထားကို အသုံးချပြီး မာမီသော်က နွဲ့နှောင်းလက်ကိုဆွဲ၍ ပြေးထွက်သွား၏။

'ဆရာ သွားပြီနော် တာ့တာ'

ပြတ်ပြတ်သားသား ပြေးထွက်သွားတော့မှ ကိုကြီး မချင့်မရဲနှင့်ကျန်ခဲ့တော့၏။ ကြွက်မနိုင် ကျီမီးနဲ့ရှို့သလို ကိုကြီးဒေါသက နွဲ့နှောင်း အပေါ်ပုံကျသွားသည်။

'ဟိုကောင်မလေး နွဲ့နှောင်းက ဘယ်ရောက်နေလဲ၊ လူကြီး



နေမကောင်းတာကို အနားမှာမနေဘဲနဲ့ ဘယ်လျှောက်သွားနေလဲ'

'သူ ကျောင်းတက်နေပြီလေ၊ အခု ကျူရှင်သွားတာ သူ့အတွက်လည်း နည်းနည်းလောက်တော့ လုပ်ပေးဦးမှပေါ့'

'ရှုပ်လိုက်တာကွာ တောသူမကို ကျောင်းထားလို့ကော ဘာဖြစ်လာမှာမို့လဲ၊ အရေးမပါတာတွေ'

'ကဲပါ… ကြီးနွဲ့ဆီ အရင်သွားလိုက် ဆိုင်ပိတ်ပြီး လိုက်လာခဲ့မယ်'

ကိုကြီးကို နှင်လွှတ်ပြီး ဆိုင်ပိတ်ချင်ယောင်ဆောင်၍ အပြင်ထွက်ကြည့်ရသေးသည်။ သော်သော်နှင့်နွဲ့နှောင်း ခြံစည်းရိုးအုတ်တံတိုင်းဘေးမှ ခြုံဘေးတွင် ပုန်းနေကြတာတွေ့ရ၏။

'ကဲ… ကဲ… ကဲ ထကြပါတော့… ထကြပါတော့၊ တကတည်းမှပဲ ဒီကိစ္စမြန်မြန်ပြတ်မှပဲ ဖြစ်မယ်၊ နို့မို့ဆို ရင်ထိတ်ရတာနဲ့ နှလုံးရောဂါ ဖြစ်တော့မှာ'

ထိုညက သော်သော် ပြန်သွားပြီးနောက် နွဲ့နှောင်း ဆိုင်ထဲဝင်မိတ်ကပ်ဖျက် မှဲ့ဖြုတ် အဝတ်လဲကာ ကိုယံနှင့်အတူ ကြီးနွဲ့အားပြုစုရတော့သည်။

❐ ❐ ❐

www.burmeseclassic.com

## အခန်း (၈)

အချိန်ကာလသည်လည်း အနိစ္စသာဖြစ်သဖြင့် တဖြည်းဖြည်း အိုမင်းရင့်ရော်လာ၏။ ခင်မင်မှု ဆားဗစ်(စ) ရင့်လာသည်နှင့်အမျှ ကိုကြီး၊ ကိုလေးတို့၏ နန်းနွဲ့နွဲ့နိုင် အပေါ်ထားရှိသော မေတ္တာတရားသည်လည်း ကြီးထွားသန်မာလာခဲ့သည်။

အရှုံးဒီဂရီမြင့်တက်နေသော ကိုကြီးနှင့်ကိုလေး တစ်ယောက်ကိုတစ်ယောက် အလစ်မပေးကြသဖြင့် မြွေမြွေချင်း စီးထားသောဖိနပ်ပါ မြင်နေကြသည်မို့ ဘယ်သူမှချစ်ရေးဆိုဖို့ အခွင့်မသာခဲ့ချေ။

သို့သော်လည်း ကံဇာတာတက်လာသော ကိုကြီးအတွက် အခွင့်အလမ်းတစ်ခုက ဖုတ်သွင်းရထားလို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့၏။

စက်ဘုပူရှိဖောက်သည် ကုမ္ပဏီတစ်ခုမှ အဝယ်တော် မစ္စတာ ပီတာချန်း ရောက်လာသဖြင့် တာဝန်ယူညှော်ခံ ဆက်ဆံနေကျဖြစ်သော တိမ်လွှာမှာ ပီတာကို လေဆိပ်မှာသွားကြိုပြီး ဟော်တယ်သို့ ပို့ပေးရန် ထွက်ခွာသွားရ၏။

နန်းနွဲ့နွဲ့နိုင်နားတွင် ကောက်ရိုးပုံစောင့်သည့် ဒိဘာမင်လို အမြဲရှိနေသော တိမ်လွှာ ထွက်သွားသည်နှင့် အာကာတစ်ယောက်၊



ပထမတန်း အလံလုပွဲတွင် ရွှေအောင်လံဆု ဆွတ်ခူးရရှိသော လက်ဝှေ့သမားလို လက်ခမောင်းခတ်တော့၏။

နှစ်ယောက်တည်း ကျန်ခဲ့သည်နှင့် ကိုကြီး အလုပ်စားပွဲမှ ထလာကာ နွဲ့နှောင်းထံ ကပ်လာတော့သည်။ စားပွဲကိုလက်ထောက်ပြီး ရွှန်းရွှန်းစားစား ငုံ့ကြည့်နေရာ၊ နွဲ့နှောင်းလည်း မလုံမလဲဖြစ်လာသဖြင့် အင်္ကျီရင်ဘတ်ကို လက်နှင့်ဖိထားမိသည်။

'ဆရာ… ဘာ… ဘာခိုင်းစရာရှိလို့လဲဟင်'

'ခိုင်းစရာ မရှိပါဘူး နန်း၊ ပြောစရာ ရှိနေတာပါ'

ကိုကြီးမှာ အခွင့်အရေးကို လက်လွှတ်ခံမည့်ပုံ မပေါ်တော့၊ မဖြစ်မနေဖွင့်ဟတော့မည့်ပုံစံနှင့် လည်ချောင်းရှင်းနေ၏။

'နန်း ကိုယ်ပြောတဲ့စကားကို ရင်ဘတ်နဲ့ နားထောင်ပေးပါနော်'

'ရှင်…. ဟုတ်… ဟုတ်'

'ကိုယ် နန်းကို မြင်မိတဲ့နေ့ကစပြီး စွဲစွဲလန်းလန်းကို မြတ်နိုးနေမိတယ် နန်း၊ ကိုယ့်ရင်ခွင်နန်းတော်မှာ မြင့်မိုရ်ထက်က သရဖူကိုဆောင်းပြီး နတ်ဖက်တဲ့စုံတွဲတွေ ဖြစ်ခွင့်ရမယ်ဆိုရင် ကျောက်သင်ပုန်းတွေမိုးထားတဲ့ အိမ်မှာတောင် ဝါဆိုဖယောင်းတိုင်ထွန်းရင်း ဇော်ကကပြီး ကြိုးတန်းလျှောက်လိုက်ချင်ပါတယ် နန်းရယ်'

တော်တော်လာသည့် ကိုကြီးပါလား၊ ရုပ်ရှင်ဇာတ်ကားနာမည်များကိုသုံးပြီး လှလှပပ ချစ်ရေးဆိုသွား၏။ ကိုကြီးနှင့် ယခုမှဆုံရသည့် မိန်းကလေး တစ်ယောက်သာဆိုလျှင် ကြွေကျမြေခသွားလောက်ပေသည်။

'ဆရာရယ်… လက်အောက်ဝန်ထမ်းတစ်ယောက်ကို ချောင်ပိတ်ပြီး ချစ်စကားပြောတာတော့ မသင့်ဘူး ထင်ပါတယ်ရှင်'

'ကိုယ်ဟာ အိမ်ထောင်မရှိတဲ့ လူလွတ်တစ်ယောက်ဖြစ်သလို

www.burmeseclassic.com

နန်းကလည်း အပျိုစင်တစ်ယောက်ပါ၊ အပျိုစင်တစ်ယောက်ကို လူပျိုတစ်ယောက်က ချစ်ရေးဆိုတဲ့အဖြစ်ဟာ ဘယ်နေရာမှာမဆို ဖြစ်နိုင်သလို ဖြစ်ခွင့်လည်း ရှိပါတယ်၊ ကိုယ်က လူကြီးလူကောင်းပီသစွာ ပရိုပိုစ်လုပ်နေတာပါ'

'ဟုတ်ကဲ့ တန်ဖိုးထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမဲ့ နန်းက အုပ်ထိန်းမှု မလွတ်သေးသလို ကျောင်းလည်း မပြီးသေးပါဘူး၊ ကျွန်မဘဝမှာ သင်ယူစရာတွေ အများကြီးရှိနေသေးတာမို့ အချစ်ရေးကို လုံးဝ မစဉ်းစားနိုင်သေးပါဘူးရှင်'

'မဟုတ်သေးပါဘူး နန်းရယ်၊ နန်းက ဆယ့်ကိုးနှစ်ဆို၊ ဆယ့်ရှစ်နှစ်ဆို လူကြီးဖြစ်လို့ မဲပေးခွင့်တောင် ရနေပြီမဟုတ်လား၊ အချစ်ရေး စဉ်စားဖို့အချိန်အခါ မသင့်သေးဘူး ဆိုတာကတော့ မဟုတ်သေးပါဘူး'

'အချိန်အခါ မသင့်တာမဟုတ်ဘဲ အချိန်ကို မပေးနိုင်သေးတာပါရှင်'

'အဲလိုကြီးတော့ ပစ်ပစ်ခါခါ မပြောပါနဲ့ နန်းရယ်၊ ကိုယ့်မေတ္တာကို လက်ခံပြီး စဉ်းစားပေးပါနော်'

'ဟင်း… ခက်ပါလား ဆရာရယ်'

ထိုအခိုက်မှာပင် အခန်းတံခါးပွင့်လာပြီး ရာစုနှစ်နှစ်စုစာလောက် ခေတ်လွန်နေသော အမျိုးသမီးတစ်ယောက် ရဲရဲတင်းတင်း ဝင်ရောက်လာသည်ကို တွေ့ရ၏။

'ဟင်… မော်နီကာ၊ ယဉ်ကျေးမှု မရှိလိုက်တာ၊ ဘာလို့ တံခါးမခေါက်တာလဲ'

'အို… ယူ့ဆီလာတိုင်း ဘယ်တုန်းက တံခါးခေါက်ဖူးလို့လဲ၊ ယူ အဆက်အသွယ်မလုပ်တာ ကြာပြီလေ၊ ဘယ်လိုပဲ ဖုန်းဆက်ဆက်



မကိုင်တော့ ဘာများဖြစ်နေသလဲဆိုပြီး ဆာပရိုက်စ်ချက်ခ်လုပ်ရတာလေ'

'ဒါတော့ လွန်တာပေါ့ကွ'

'မော်နီကာ လုပ်တာ မှန်တယ်ဆိုတာ အခုသိရပြီလေ၊ ကဲ… ပြော သူက ဘယ်သူလဲ'

'သူလား၊ ကိုယ့်ရဲ့ စက္ကထရီလေ'

'အိုး… အံ့ဖွယ်သုတပါလား၊ ယူပဲ အနားမှာ တစ်ယောက်ယောက်ရှိနေရင် အလုပ်လုပ်လို့ မရဘူးဆို'

'အခု အလုပ်တွေ အရမ်းများလာတော့ မနိုင်တော့ဘူး၊ ဒါကြောင့် အစစ်စတန့်လိုအပ်လာတာပေါ့၊ အခြေအနေက အရင်လို မဟုတ်တော့ဘူးလေ'

'ယူပြောတော့လဲ ယူ့စကားပေါ့၊ အတွင်းရေးမှူးမလေးက အလန်ဇယားနဲ့ အပျံစားပါလား'

'မဆိုင်တာတွေ မပြောနဲ့ မော်နီကာ၊ ဘာကိစ္စလဲ၊ နောက်ကို လာမယ်ဆိုရင် ကြိုပြီးဒိတ်လုပ်ပါ'

'အိုးမိုင်ဂေါ့ဒ်၊ ချစ်သူတွေကြားမှာ တွေ့ဆုံခွင့်ကိုတောင် ဒိတ်လုပ်ရဦးမှာလား မဖြစ်နိုင်လိုက်တာကွာ'

'ဟာ… မင်း ဘာတွေပြောနေတာလဲ၊ လာ… လာ… လာစမ်းပါကွာ အပြင်မှာ သွားပြောကြရအောင်'

မိန်းမတစ်ယောက်ကို ချစ်ရေးဆိုနေစဉ် ချစ်သူရောက်လာသော ဖြစ်ရပ်မှာ မာရာဒိုနာနှင့်အွန်နရီတို့ ဘောပွဲတွင် လက်နှင့်ဂိုးသွင်းသလို ကြည့်ရဆိုးလွန်းလှ၏။ ကိုကြီးကတော့ နှလုံးသားဂိုးပေါက်ရှေ့မှာ လက်နှင့်ဂိုးသွင်းမိသည့်အတွက် အလိုလို အနီကာဒ်ထိကာပြိုင်ပွဲမှ ထွက်သွားရလေပြီ။

ကိုကြီးကို ငြင်းဖို့ အကောင်းဆုံးဖြစ်ရပ်တစ်ခုက နှဲ့နှောင်း

www.burmeseclassic.com

လက်ဝယ်ပိုင်ပိုင် ရရှိလိုက်သဖြင့် စိတ်အေးလက်အေး ဖြစ်သွား၏။ ကိုကြီး မော်နီကာကို ဘယ်လိုဖြေရှင်းနေရသည် မသိ၊ ရုံးဆင်းချိန်နီးမှ ပြန်ရောက်လာပြီး နွဲ့နှောင်းကိုပင် မကြည့်ရဲတော့ဘဲ ရှောင်နေခဲ့သည်။

နွဲ့နှောင်းလည်း ကိုကြီးကို အားနာသည်နှင့် ရုံးဆင်းချိန်တွင် ဒရောသောပါး နှုတ်ဆက်ပြီး ကပျာကသီ ပြေးထွက်လာခဲ့တော့၏။

❑ ❑ ❑

ဆေးတိုက်ပြီးနောက် ကြီးနွဲ့ မှိန်းဦးမည်ဆို၍ စောင်ခြုံပြီး ခြင်ထောင်ချပေးလိုက်၏။ ကြီးနွဲ့မှာ သွေးတိုးနှင့်နှလုံး ရှိနေသည်။ ဆေးရုံတက်လျှင် ကောင်းမည်ဟု ဆရာဝန်က တိုက်တွန်းသော်လည်း ကြီးနွဲ့က ခေါင်းမာစွာ ငြင်းဆန်ခဲ့သဖြင့် အိမ်သို့သာ ဆရာဝန်ပင့်ပြီး ကုသခဲ့ရသည်။ အတော်အတန် သက်သာနေပြီ ဖြစ်သော်လည်း အရင်လို အမောမခံနိုင်တော့သဖြင့် နားနားနေနေ နေခိုင်းထားရ၏။

ကိုယံလည်း သူ့အခန်း မပြန်သေးဘဲ ထိုင်စောင့်နေသဖြင့် အနားတွင် ဝင်ထိုင်လိုက်သည်။

'တော်တော်တော့ သက်သာသွားပါပြီ ကိုယံ'

'ဒါပေမဲ့ အိမ်မှုကိစ္စတွေ အရင်လိုလုပ်လို့ မဖြစ်တော့ဘူးလေ၊ အင်း... အိမ်ဖော်တစ်ယောက်လောက်တော့ ရှာဦးမှပါပဲ'

'ဟို... ဟိုလေ... နွဲ့နှောင်း အလုပ်ထွက်လိုက်ရမလားဟင် ကိုယံ'

'အို... ဘာလို့ထွက်ရမှာလဲ၊ ဘာမှမပင်ပန်းဘဲနဲ့ တစ်လတစ်သိန်း ရနေတဲ့ဟာကို'

'အင်း... ပိုက်ဆံရတာ မှန်ပေမယ့် စိတ်ညစ်တယ် ကိုယံရယ်'



'ဟင်... ဘာ... ဘာဖြစ်လို့လဲ နွဲ့နှောင်း'

'ဟို... ဟိုလေ... တစ်နေ့က ကိုကြီး နွဲ့နှောင်းကို ပရိုပို့စ် လုပ်တယ်'

'ဟင်... အဲဒီတော့ နွဲ့နှောင်း ဘာပြန်ပြောလိုက်လဲ အဖြေ ပြန်ပေးလိုက်လား'

ယံယံက အကြီးအကျယ် ထိတ်လန့်သွားဟန်နှင့် စိုးရိမ်တကြီး မေးသဖြင့် နွဲ့နှောင်းပင် အံ့ဩသွားရသည်။ ယံယံ၏ ပြုံးပျာနေသော ဒီလိုအမူအရာမျိုးကို ပထမဆုံးတွေ့ဖူးခြင်းလည်း ဖြစ်၏။

'ဟာ... ကိုယံကလည်း အဖြေပေးစရာလား'

နွဲ့နှောင်းက ကမန်းကတန်း အဖြေပေးရင်း အဖြစ်သနစ်ကို အစအဆုံး ပြန်ရှင်းပြလိုက်၏။ သည်တော့မှ ယံယံမျက်နှာ ပြန်လည် ကြည်လင်လာခဲ့သည်။ ဟက်ဟက်ပက်ပက် ရယ်မောရင်း...

'အဟင်း တော်သေးတာပေါ့၊ ယံယံက နွဲ့နှောင်းများ စိတ်ပြောင်းသွားသလားလို့'

'ကိုယံကလည်း ပြောင်းစရာလားလို့ စိတ်ချပါကိုယံရယ်၊ တစ်နေ့ နွဲ့နှောင်း အိမ်ထောင်ပြုမယ်ဆိုရင်တောင် နွဲ့နှောင်းရဲ့ အိမ်ထောင်ဘက်က ကိုကြီး ကိုလေးတို့ မဖြစ်စေရဘူး၊ အဲဒါ ယုံထား'

'ကောင်းပါပြီ နွဲ့နှောင်းရယ်၊ နွဲ့နှောင်းစကားကို ယံယံယုံပြီး စိတ်ချနေလိုက်ပါ့မယ်'

ယံယံ့စကားကြောင့် နွဲ့နှောင်းရင်ထဲ တစ်မျိုးတစ်မည်ပင် ဖြစ်သွားမိ၏။ အခုတလော ယံယံ့အပြုအမူ အနေအထိုင်တွေ ပြောင်းလဲလာတာ နွဲ့နှောင်းသတိထားမိသည်။ ယခုဆိုလျှင် နှုတ်ခမ်းမွှေးနှင့် မုတ်ဆိတ်မွှေးများကို မရိတ်ဘဲ ခပ်ပါးပါးထားသည်အထိ တိုးတက်လာပြီ ဖြစ်သည်။

ယခင်ကဆို မျက်နှာတွင် ဘာအမွှေးအမျှင်မှ မရှိစေရအောင်

www.burmeseclassic.com

ဂရုစိုက်ရိုတ်သင်ပြီး မိတ်ကပ်ဖုံနေအောင် လိမ်းထားလေ့ရှိ၏။ နွဲ့နှောင်းက ယောကျ်ားဘဝနှင့် မြင်တွေ့လိုကြောင်း တောင်းဆိုပြီးသည့် အချိန်မှစ၍ ယံယံ သူ့စိတ်ကိုသူ ထိန်းကြောင်းပြုပြင်နေတာ အထင်အရှားပင် မြင်တွေ့နေရ၏။

'ဟိုတစ်ယောက် ရှိသေးတယ်နော် ကိုလေးလေ၊ သူကကော ဘာမှ စမလာသေးဘူးလား'

'အဟင်း… သူလည်း ကျားချောင်းဆင်ချောင်း ချောင်းနေတာပါပဲ ဘယ်နေ့ အကောင်အထည်ဖော်မလဲတော့ မသိဘူး ကိုယံရဲ့'

'အင်း… သတိထားနော် နွဲ့နှောင်း၊ ခုလောက်ဆို ယံယံ့အစ်ကိုတွေအကြောင်း ယံယံမပြောလည်း နွဲ့နှောင်းသိနေမှာပဲ ဥစ္စာ'

'ကိုယံရယ်… နွဲ့နှောင်း အားလုံးကို သဘောပေါက်ပါတယ်၊ အခုဆို နွဲ့နှောင်းတို့ အစီအစဉ်အတိုင်း အားလုံးဖြစ်လာပြီပဲ မဟုတ်လား၊ သူတို့အပေါ် အောင်ပွဲခံပြီး ဒီအိမ်မှာ တရားဝင်နေထိုင်ခွင့်ကို အရယူဖို့ပဲ ရှိတော့တာလေ၊ နွဲ့နှောင်း ရည်မှန်းချက်ကို အပျောက်ခံမှာ မဟုတ်ပါဘူး ကိုယံ'

'ကျေးဇူးပါပဲ နွဲ့နှောင်းရယ်၊ ကဲ… ကြီးနွဲ့လည်း အိပ်သွားပြီ၊ ညလည်းနက်ပြီ ယံယံသွားမယ်နော်'

'ဟုတ်ကဲ့ ကိုယံ'

ယံယံ ထွက်သွားတော့ နွဲ့နှောင်းလည်း ကြီးနွဲ့အခြေအနေကို စစ်ဆေးအကဲခတ်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေကြောင်းသိရမှ အိပ်ရာဝင်ခဲ့၏။

❐ ❐ ❐



မုန့်ဖတ်ကို အသုပ်စုံအမယ် ပစ္စည်းများနှင့်ပေးစား၍ ကောင်းကောင်းကြီး နယ်ဖတ်နေလိုက်၏။ မနက်စာအတွက် ပြင်ဆင်ပြီး၍ ထမင်းစားခန်းသို့ပို့ကာ အုပ်ဆောင်းနှင့်အုပ်ထားပြီး အလုပ်သွားရန် ရေမိုးချိုးပြင်ဆင်သည်။

ရေချိုးပြီး ကိုကြီးတို့ အခြေအနေချောင်းကြည့်ရာ နှစ်ယောက်သား စားသောက်နေကြတာ တွေ့၏။ ကိုယံကို မတွေ့ရသဖြင့် သူ့အခန်းသို့ သွားရှာရာတွင်လည်း မတွေ့၍ အပေါ်ထပ်ဝရန်တာသို့ တက်လာခဲ့သည်။

ထိုအခါမှ ခွဲနပဲနှင့် လေ့ကျင့်ခန်းလုပ်နေသော ကိုယံကို တွေ့ရ၏။ နွဲ့နှောင်း ကိုမြင်တော့ ရှက်အမ်းအမ်းဖြင့် အလေးမခြင်းကို ရပ်တန့်လိုက်သည်။ ယံယံ့ကို အင်္ကျီချွတ်ရက်သားနှင့် ဒီတစ်ခါပဲ တွေ့ဘူးသေး၏။

ယံယံ့ရင်အုပ်သည် ကာယဗလမောင်တစ်ယောက်ကဲ့သို့ တောင့်တင်းဖုထစ်မနေသော်လည်း ပါးပါးလျှပ်လျှပ် ပြားပြားကပ်ကပ်တော့ မဟုတ်၊ ယောကျ်ားတစ်ယောက်၏ အင်္ဂါရပ်များနှင့်တော့ ပြည့်စုံလျှက်ရှိသည်။

ယံယံက နွဲ့နှောင်းအား ရှက်သလိုနှင့် မျက်နှာသုတ်ပုဝါကို ကမန်းကတန်းဆွဲယူ ခြုံထားလိုက်၏။

'ကိုကြီးတို့တောင် ဘရိတ်ဖတ်စားနေကြပြီ ကိုယံရဲ့၊ နွဲ့နှောင်း ကိုယံကို လိုက်ရှာနေတာ'

'အင်း… အင်း… နွဲ့နှောင်း သွားတော့လေ၊ ယံယံ ရေချိုးခန်းဝင်ပြီးမှ လာခဲ့မယ်'

ယံယံ့ပုံစံက အရမ်းရှက်နေပုံ ပေါက်နေသဖြင့် နွဲ့နှောင်းစောဒက တက်မနေတော့ဘဲ အသာလှည့်ထွက်လာခဲ့သည်။ ကြီးနွဲ့

www.burmeseclassic.com

အတွက် မနက်စာပြင်ပေးပြီး ထမင်းစားခန်းသို့ အခြေအနေ သွားကြည့်ရသေးသည်။

‘ဟား… နွဲ့နှောင်းရာ ဘယ်သွားနေတာလဲ၊ ဒီမှာ လိုက်ပွဲယူမလို့ စောင့်နေတဲ့ဟာကို’

‘ဩော်… ဟုတ်ကဲ့ ကိုလေး၊ ကြီးနွဲ့ကို ဆေးတိုက်နေရလို့ပါ၊ ခဏလေးနော် နွဲ့နှောင်း ထပ်လုပ်ပေးပါ့မယ်’

ကိုလေးအတွက် ကမန်းကတန်း ထပ်သုပ်ပေးရ၏။ လိုက်ပွဲပန်းကန်ယူ၍ ထွက်လာသောအခါ ကိုယံပါရောက်ရှိ စားသောက်နေတာ တွေ့ရသည်။ ကိုလေးက အသုပ်ကို အလော်တော် ထပ်ထည့်ရင်း…

‘ဟား… ဝေယံ ဘယ်လိုဖြစ်တာလဲ၊ ဘရိတ်ဖားဖိုး မတတ်နိုင်တော့လို့လား၊ မုတ်ဆိတ် ပါးသိုင်းတွေနဲ့ ကြည့်ရတာ တစ်မျိုးကြီးကိုဖြစ်လို့’

‘မဟုတ်ပါဘူး ရိတ်ရမှာပျင်းလို့ပါ’

‘ကျားသားမိုးကြိုးကွာ ဟင်း… ဟင်း၊ မင်းက ပြောင်းဖို့ရွှေ့ဖို့အတွက် ပိုက်ဆံစုပြီး ချွေတာနေတာထင်တယ်’

ယံယံ့အား အစ်ကိုနှစ်ယောက်က ရိသဲ့သဲ့စကားများ ပြောနေသည်ကို နွဲ့နှောင်း ကော်ဖီဖျော်ရင်း ကြားနေရသည်။

‘အင်း… နှစ်နှစ်ပြည့်ဖို့ကလည်း လေးငါးလလောက်ပဲ လိုတော့တာနော်၊ ကြည့်ကျက်လုပ်ဦး ဝေယံ၊ ငါတို့နှလုံးသားက သိပ်မာရေကျောရေရှိတာ . မဟုတ်ဘူးနော်’

‘တိတိကျကျဆိုရင် ခြောက်လလိုပါသေးတယ် ကိုကြီးရဲ့’

‘ထားပါတော့၊ အဲဒီခြောက်လနဲ့ မင်းကတိပေးသလို ဖြစ်လာပါ့မလား’

‘ဒါကတော့ စောင့်ကြည့်ပေါ့ ကိုကြီးရာ’



‘ဟဲ ဟဲ ဟဲ… ကျည်ပွေ့ကမှ အတက်ပေါက်လိမ့်မယ် ဝေယံ’

ကိုကြီးတို့က ယံယံနှင့်နွဲ့နှောင်းအား အထင်သေးအမြင်သေးပုံစံနှင့် လှောင်ပြောင်ပြောဆိုနေကြသဖြင့် နွဲ့နှောင်း မခံချင်စိတ်ပင် ခေါင်းထောင်လာရသည်။ သို့သော်လည်း သူတို့တွေ နှမ်းနွဲ့နွဲ့နိုင် အပေါ် အရှုံးအမူးဖြစ်လာမှ အထုပ်ဖြည်ပြမည်ဟု ဆုံးဖြတ်ထားသည် မဟုတ်လား။ သည်းခံစိတ်ကို ပါဝါမြှင့်ရင်း ကော်ဖီပန်းကန်များ ချပေးလိုက်၏။ ကိုလေးက နွဲ့နှောင်းအား မထီမဲ့မြင် လှမ်းကြည့်သည်။

‘ဟင်… နွဲ့နှောင်း နင့်မေးစေ့မှာ မှဲ့ရှိတယ် ဟုတ်လား’

ကိုလေး၏ မေးခွန်းက ကိုယ့်အနားမှာ ဗုံးခွဲလိုက်သလိုမို့ နွဲ့နှောင်း ဆတ်ခနဲ တုန်သွားရ၏။ ယံယံလည်း အထိတ်တလန့်နှင့် လှမ်းကြည့်သည်။ နွဲ့နှောင်းမေးတွင် မှဲ့ကအမှန်တကယ် ရှိနေ၏။ ယံယံ မျက်နှာပျက်နေတာကို မြင်တော့ နွဲ့နှောင်း ပိုပြီးဘုန်လှုပ်သွား၏။ အယောင်ယောင်အမှားမှားနှင့် မေးကိုပွတ်ပြီး ပြောမိပြောရာ ပြောလိုက်ရသည်။

‘မ… မ… မရှိပါဘူး ကိုလေးရဲ့၊ အိုးမည်းပေနေတာ ဖြစ်မှာပါ’

ပြောပြီး အင်္ကျီလက်နှင့်မေးကို နာနာလေး ပွတ်လိုက်သည်။ တော်ပါသေး၏။ မှဲ့အတုက အင်္ကျီတွင် ကပ်ပါလာသည်။ ယုံကြည်စိတ်ချစွာနှင့်ပင်…

‘ရှိသေးလား ကိုလေး’

‘အေး… မရှိတော့ဘူး၊ ပေတဲ့အိုးမည်းကလည်း မှဲ့လိုအစက်လေး ဖြစ်နေရတယ်လို့ ကြုံဖူးပေါင်ကွာ’

သတိပေါ့လျော့မိသော ကိုယ့်ကိုယ်ကိုသာ နွဲ့နှောင်း အပြစ်တင်ရတော့၏။ မနေ့က အိမ်ပြန်ရောက်တော့ ကြီးနွဲ့ ဗိုက်ဆာသည်

www.burmeseclassic.com

ဆို၍ ကမန်းကတန်း မိတ်ကပ်ဖျက်ရာမှ ဒီမှဲ့ကျန်သွားတာပဲ ဖြစ်ရမည်။ ကိုကြီးနှင့်ကိုလေးလည်း ဘာမှဆက်မပြောဘဲ ထသွားကြသဖြင့် ရင်တုန်ကင်းဝေး ဆိမ့်သက်လေး ဖြစ်သွားရလေ၏။

ယံယံက မဲ့ကာရွဲ့ကာနှင့်…

'ရှေ့လျှောက် ကျပ်ကျပ်သတိထားပါ နွဲ့နှောင်းရယ်၊ ကြာရင်ကြီးနွဲ့ကို ပြတဲ့ဆရာဝန်နဲ့ ယံယံ့ကိုပါ ကုနေရလိမ့်မယ်'

'အဟဲ… ဆောရီး ကိုယံ၊ နွဲ့နှောင်း သတိထားပါ့မယ်'

စိတ်လွတ်ကိုယ်လွတ်နေလို့မှုကို မွတ်သိပ်စွာ တောင့်တမိရတော့သည်လေ။

❒ ❒ ❒

## အခန်း (၉)

နှစ်ဆယ့်သုံးနှစ်ပိုင်းတစ်ပိုင်း ဒီဂရီတိမ်းစောင်းနေသော ကမ္ဘာပေါ်မှ ဘတ်စ်ကားသည် သုံးဆယ်ဒီဂရီတိမ်းစောင်းလျှက် မောင်းနှင်လာနေ၏။

ကီလိုရှစ်ဆယ်နှုန်းနှင့် မောင်းနှင်လာပြီးနောက်၊ ရှေ့မှကားတစ်စီးကို ပလာတာရိုက်၍ ကျော်တက်ပြီး ထိုကားရှေ့သို့ ချိုးကွေ့ဖြတ်ဝင်ကာ ဒက်စတော့ပ်အုပ်ရင်း ရပ်လိုက်သည်။

ခရီးသည်အားလုံးမှာ နေမြဲနေလိုသော သဘောတရားအတိုင်း နောက်သို့လန်ပြီး လိုက်ပါလာကြရာမှ ရုတ်တရက်ဆိုသလို ရှေ့ကိုငိုက်ကာ ယိုင်လဲသွားကြ၏။ မကျေမနပ်နှင့် ပွစိပွစိပြောဆိုသံများကို မသိကျိုးကျွံပြုရင်း စပယ်ယာက ခရီးသည်များအား အတင်းဆွဲချနေသည်။

'ကားချင်းဖိုက်နေတာ မြန်မြန်ဆင်း၊ ငယ်ငယ်တုန်းကလိုခုန်ဆင်း'

ဟုပြောရင်း လောဆော်နေ၏။ ကားပေါ်မှ နွဲ့နှောင်းလည်း စပယ်ယာ၏ အမိန့်ကိုနာခံရင်း လူအုပ်ကြားမှ တိုးထွက်၍ အံယောင်ယောင်အမှားမှားနှင့် ခုန်ဆင်းမိသည်။

www.burmeseclassic.com

မြေကြီးပေါ် ခြေနှစ်ချောင်းမတ်မတ် မရပ်နိုင်ခင် ကားက ပူးခနဲ ပြန်ထွက်သွား၏။ အသက်အန္တရာယ်အတွက်ပင် အတော်က လေးနောက်ကျမှ ဘုရားတနိုင်တော့သည်။

တုန်ရင်သော ခြေလှမ်းများနှင့် ခရီးဆက်လျှောက်လာခဲ့၏။ ခုန်နေသောရင်က ခုထက်တိုင် မငြိမ်ချင်သေး။

'ညီမလေး'

ရုတ်တရက် အနားကပ်၍ ခေါ်လိုက်သံကို ကြားရသည့် အတွက် ခုန်နေသောရင်က ပိုတုန်သွားရသည်။ မော့ကြည့်မိတော့ ကိုလေးကို တွေ့ရ၏။

'ပင်ပန်းလိုက်တာ ညီမလေးရယ်၊ ကားပေါ်က ဆင်းလာက တည်းက လှမ်းကြည့်နေတာ၊ နေ့တိုင်း ဒီလိုပဲ လာနေရရင်တော့ မဖြစ်သေးပါဘူး၊ လျှောက်လွှာထဲက လိပ်စာအတိုင်း အိမ်ကိုလာကြို့ရ မလား ဟင်'

'အို··· ရပါတယ် မကြိုပါနဲ့၊ ဘတ်စ်ကားစီးရတာ အဆင် ပြေပါတယ်၊ မလိုပါဘူး'

လိပ်စာလိမ်မှန်း ကိုယ့်ဘာသာ သိသည်မို့ အကြောက်အကန် ငြင်းရသည်။ ကိုလေးက လက်လျှော့မည့်ပုံ မပေါ်။

'မဟုတ်သေးပါဘူး၊ ဒီလောက် ဒုက္ခရောက်တာ ပက်ပင်းမြင် လိုက်ရတဲ့ဟာကို ဘာလို့ငြင်းချင်ရတာလဲ၊ လာကြိုပါရစေကွာ'

အပြတ်ပြောမှ ရတော့မည်မို့ နွဲ့နှောင်း လေသံမာမာနှင့် ပြောလိုက်၏။

'အဲသလို လာကြိုတာ ကူညီရာ မရောက်ဘူးရှင့် မန်နေဂျင်း ကြီးရဲ့ ကားကြီးနဲ့လာကြိုမှ အရပ်ထဲမှာ မေးငေါ့စရာဖြစ်ပြီး သိက္ခာပါ ကျမှာ'



'ဟင်း··· ခက်တာပဲ ညီမလေးရာ၊ ဒါဆို ပိုင်ပိုင်နိုင်နိုင် လာကြိုခွင့်ရအောင် လုပ်တော့မှဖြစ်မယ် ထင်တယ်'

'ရှင်'

'ဒီလိုလေ အစ်ကိုနဲ့ညီမလေးသာ တရားဝင်ချစ်သူတွေ ဖြစ်ခဲ့ ရင်တော့ အဲသလို လာကြိုခွင့်ရှိတယ် မဟုတ်လား'

ရည်းစားစကားကိုပင် ဉာဏ်စမ်းပဟေဠိလို လုပ်ပြောနေ သော ကိုလေးကို ဘုကြည့်ကြည့်လိုက်ရင်း···

'မန်နေဂျင်းတို့ ညီအစ်ကိုက ကျွန်မကို ရည်းစားစကား ပြော ဖို့အတွက် အလုပ်ခန့်ထားတာများလားရှင်'

'ဘာ··· ကိုကြီးကလည်း ညီမလေးကို ရည်းစားစကား ပြောတယ် ဟုတ်လား'

'ဟုတ်ပါသတဲ့ရှင်၊ အခုလည်း ကျွန်မက မန်နေဂျင်းကို အဖြေတစ်ခါတည်း ပေးလိုက်ပါ့မယ်'

'ဟာ··· ကောင်းတာပေါ့၊ ဒါ သိပ်ကောင်းတဲ့ ဆုံးဖြတ်ချက် ပဲ'

'ကျွန်မတို့က အဆင့်အတန်းချင်း အခြေအနေချင်းလုံးဝ မတူ ညီကြပါဘူး၊ ကျွန်မရဲ့ အိမ်ထောင်ဘက်ဟာလည်း ဘတ်စ်ကားစီးတဲ့ လူတန်းစားပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ထားလို့ပါ ဆောရီးပါပဲရှင်'

ပြောပြီးသည်နှင့် နွဲ့နှောင်း ခြေလှမ်းများကို စောစောက ဘတ်စ်ကားလို လီဘာတင်ပြီး လှစ်ခနဲ ထွက်လာခဲ့၏။ မျှော်လင့်ထား ဟန်မတူသော တုန့်ပြန်မှုကြောင့် ကိုလေး ကြောင်တောင်တောင်နှင့် ရပ်ရင်းကျန်နေခဲ့သည်။

အခြေအနေက ကြိုတင်ရေးထားခဲ့သည့် ဇာတ်ညွှန်းအတိုင်း အံကိုက်ပင်ဖြစ်ပေါ် တိုးတက်လျှက်ရှိ၏။

www.burmeseclassic.com

ညီအစ်ကိုနှစ်ယောက်လုံး ပရိုပို့စ်လုပ်လာခဲ့ကြပြီ။ ရှေ့လျှောက်အဖြေရဖို့အတွက် နားပူနားဆာ လုပ်ကြဦးမည်ဆိုတာလည်း မြေကြီးလက်ခတ်မလွဲ။

ဇာတ်ရှိန်အမြင့်ဆုံး တက်ပြီးလျှင်တော့ ဇာတ်သိမ်းဖို့ပဲ ကျန်တော့သည် မဟုတ်လား။

ထို့နောက်ပိုင်း ရက်များမှာတော့ ညီအစ်ကိုနှစ်ယောက်လုံး အသံတိတ်နည်းသုံး၍ ဆက်လက်တိုက်ပွဲ ဝင်လာကြ၏။ တစ်ရက်တွင် လုပ်ငန်းခွင်၌ရှိနေစဉ် ကိုကြီးက လှမ်းခေါ်သဖြင့် သူ့စားပွဲသို့ သွားပြီး…

'ဘာများ ခိုင်းစရာရှိပါသလဲရှင့်'

ကိုကြီးက ဖိုင်တစ်ခု လှမ်းပေးရင်း…

'ဒီဖိုင်ထဲက အရောင်းမြှင့်တင်ရေးဗျူဟာကို လေ့လာသုံးသပ်ပြီး မှတ်ချက်တစ်ခုနှစ်ခုလောက် ရေးပေးပါ'

'ဟုတ်ကဲ့ရှင့်'

ဖိုင်ယူပြီး ပြန်လှည့်လာတော့ ကိုလေး လှမ်းကြည့်နေတာတွေ့သည်။ ဘာကိုမှ အလေးမထားတော့ဘဲ အလုပ်စားပွဲတွင် ဝင်ထိုင်၍ ဖိုင်ကိုလှန်လိုက်စဉ် ကိုကြီးအခန်းပြင် ထွက်သွားသည်။

ဖိုင်ထဲမှ အချက်အလက်များကို ဖတ်ရသည့်အခါမှာတော့ နွဲ့နှောင်းဘစ်ယောက် ရယ်ချင်စိတ်ကို မနည်းထိန်းထားရတော့သည်။ အရောင်းမြှင့်ဗျူဟာ မဟုတ်ဘဲ နှလုံးသားကို လေလံတင်သောစာဖြစ်နေ၏။

**နန်း**

**မျက်နှာများတဲ့လူလို့ တစ်ထစ်ချသတ်မှတ်ပြီး ကိုယ့်အပေါ်ယုံကြည်မှုတွေ ပျက်ပြားနေတယ် မဟုတ်လား၊ အရှက်ကို ဖက်နဲ့ထုပ်ပြီး ဝန်ခံပါရစေ၊ ချစ်တမ်းကစားခဲ့ဘူးပေမယ့် အားလုံးကို ဘွာတေးလို့အော်ခဲ့ပြီးပါပြီ။**

**နန်းသာ ကိုယ့်အချစ်ကို လက်ခံမယ်ဆိုရင် ချက်ချင်းလက်ထပ်ချင်ပါတယ်၊ ဒီလို ကတိမျိုး နန်းကိုပဲ ပေးဖူးသေးတာပါ၊ မင်းလေးကြောင့် ကိုယ်ရူးနေပါပြီကွာ…**

**နန်းကို ပိုင်ပိုင်နမ်းချင်တဲ့**

**အာကာ**

'အိုးဟိုး… ကောင်းလိုက်တဲ့ အရောင်းမြှင့်တင်ရေး ဗျူဟာပါပဲလား၊ သင့်တော်တဲ့မှတ်ချက် ပြန်ရေးပေးလိုက်ရဦးမှာပေါ့လေ'

နွဲ့နှောင်း ဘောပင်ထုတ်၍ ထိုစာအောက်တွင် တစ်စုံတစ်ရာကို ခပ်သွက်သွက် ရေးချလိုက်၏။ ထိုစဉ်မှာပင် ကိုလေးက နွဲ့နှောင်းအနားရောက်လာသဖြင့် ဖိုင်ကိုပိတ်လိုက်ရသည်။

'မန်နေဂျင်း ဘာကိစ္စရှိလို့လဲ၊ ကျွန်မ ဘာလုပ်ပေးရမလဲ'

ကိုလေးက ဘာမှမပြောဘဲ ကွန်ပျူတာကို ကျွမ်းကျင်စွာဆော့ကစားလိုက်ရင်း စာတချို့ကို ရိုက်လိုက်၏။

**ညီမလေး**

**အခုအဖြေပေးရင် နာရီဝက်အတွင်း လက်ထပ်မင်္ဂလာ ဆင်နွှဲနိုင်အောင် စီစဉ်ထားပါတယ်။**

စာကိုဖတ်ပြီး နွဲ့နှောင်း စိတ်ပျက်လက်ပျက်နှင့် ထရပ်လိုက်တော့၏။ ထို့နောက် ထမင်းချိုင့်နှင့်ပိုက်ဆံအိတ်ကို ကောက်ယူ၍ စလင်းဘတ်ကို လွယ်လိုက်ပြီး…

'ကမ်းလှမ်းတဲ့အပေါ် ကျေးဇူးတင်ပေမယ့် ကျွန်မမှာ လက်



www.burmeseclassic.com

ထပ်ဖို့ ရည်ရွယ်ထားတဲ့သူ ရှိပြီးသားမို့ ဝမ်းနည်းပါတယ်လို့ပဲ ပြောပါရစေ၊ ဒီနေ့ ကျွန်မ နေမကောင်းဘူး၊ ပြီးတော့ အဲဒီလူနဲ့ ချိန်းထားလို့ စောစောပဲ ပြန်လိုက်ပါတော့မယ်ရှင် ခွင့်ပြုပါဦး'

'ဟင်… မင်း… မင်း'

နွဲ့နှောင်း လှည့်ကြည့်မနေတော့ဘဲ အခန်းထဲမှ ထွက်လာခဲ့တော့၏။

□ □ □

မှုးနေသော အရက်ပုလင်းက ခပ်ထွေထွေ ဖြစ်နေသည့် ဆော်ဒါပုလင်းကို လက်တွဲ၍ ဖန်ခွက်နှစ်လုံးထဲသို့ ရင်တွင်းဖြစ်အရည်များ အန်ချပေးလိုက်ကြသည်။ ထိုဖန်ခွက်ထဲမှ အန်ဖတ်ရည်များကို ညီအစ်ကိုနှစ်ယောက်က ရေခဲတုံးများနှင့် ပျော်ပါးစေ၍ မော့သောက်လိုက်ကြ၏။

'အော့… အော့'

'ညီမလေးက… သူ့မှာ အဆင့်အတန်းချင်းတူတဲ့ ချစ်သူရှိတယ်တဲ့'

'ဟင်… ငါ့ကိုပြောတော့ အချစ်ရေး စဉ်းစားဖို့ အချိန်မရှိသေးဘူးတဲ့၊ တောက်… မိန်းမတွေဟာ သိပ်နားလည်ရ ခက်တာပဲ၊ သူတို့ရဲ့စိတ်ကို သိဖို့ဆိုတာ ကုမ္ပဏီအုပ်ချုပ်ရတာထက် ခက်ခဲပြီး အရောင်းအဝယ်ကိစ္စလို ရှုပ်ထွေးတယ်'

'ဒါတော့ ဒါပေါ့… ဒါပေမဲ့ နန်းနွဲ့နွဲ့နိုင်ရဲ့ အလှက ပစ်ရက်စရာ မရှိတာတော့အမှန်ပဲ မဟုတ်လား၊ တို့တွေတွဲခဲ့တဲ့ အရင်ဟာတွေထက် ဝွက်တာတော့ အမှန်ပဲလေ'



'အလှသာပေမယ့် ဘဝနာသလိုပဲကွ၊ အရင်ဟာတွေက မူလလက်ဟောင်း ဖော်မြူလာတွေအတိုင်း ကွက်တိပဲ၊ ကုမ္ပဏီပိုင်ရှင်ကတော် ဖြစ်မယ်ဆိုတာနဲ့ နန့်နန့်တက်နေကြတာ မဟုတ်လား၊ နန်းက အဲဒါတွေ စိတ်မဝင်စားဘူးကွ'

အာကာနှင့်တိမ်လွှာတို့ ပြောပြောသောက်သောက် ပေါက်ပေါက်ဖောက်နေကြသည်မှာ ရေပက်မဝင်နိုင်အောင် ဖြစ်နေကြ၏။ နွဲ့နှောင်း၏ ငြင်းပယ်မှုကို နှစ်ယောက်သား ကြုံတွေ့ခဲ့ရသဖြင့် အက်ရာထင်သွားသော အသည်းအား အယ်ကိုဟောနှင့် ဆေးကြောနေကြခြင်း ဖြစ်သည်။

'ငါတစ်ခု တွေးနေမိတယ်ကွ ကိုကြီးရ၊ နန်းနွဲ့နွဲ့နိုင်က တစ်ယောက်ယောက်နဲ့ တူနေသလိုပဲ ရင်းရင်းနှီးနှီးထဲကပဲကွ'

'လူတူမရှား နာမည်တူ မရှားပါပဲကွာ'

'မဟုတ်သေးပါဘူးကွ… အင်း… ဟာ… ကိုကြီး… နွဲ့နှောင်း… နွဲ့နှောင်း'

'ဘာဖြစ်လဲ… နွဲ့နှောင်း ဘာဖြစ်လဲ'

'နွဲ့နှောင်း ဘာမှမဖြစ်ဘူး၊ တူနေတာ နွဲ့နှောင်းနဲ့ နန်းနွဲ့နွဲ့နိုင် တူနေတာ'

'ဟေ'

'ဟုတ်တယ် ကိုကြီး၊ ဟိုးတစ်နေ့က နွဲ့နှောင်း မေးမှာ အိုးမဲပေကတည်းက တစ်ယောက်ယောက်နဲ့ တူပါတယ်လို့ တွေးနေမိတာ'

'ဟာကွာ… မင်းကလည်း ငါ့ရဲ့ နန်းလေးကိုများ ရွှေဘုံသာက တောသူမနဲ့ နှိုင်းရသလားကွ'

'အေးလေ… ဟုတ်တော့လည်း ဟုတ်ပါတယ်၊ နုံ့သာဆီနဲ့အိုးက ဘာလို့များ လာဆင်နေရတာလဲ မသိဘူး'

www.burmeseclassic.com

'အဲဒါကို ထားလိုက်စမ်းပါကွာ၊ မင်းနဲ့ငါ ညှိမှဖြစ်မယ်၊ တစ်ယောက်ယောက်ကို ဦးစားပေးမှ ဖြစ်မယ်'

'ဘယ်လို... ဘယ်လို'

'မင်းကလည်း ဝေးလိုက်တာကွာ၊ နန်းရဲ့အချစ်ကိုရဖို့ အပြိုင်ကျဲနေလို့ မဖြစ်ဘူးကွ၊ တစ်ယောက်ချင်း ဝင်ပူးမှဖြစ်မှာ အဲဒါကို ပြောတာ'

'ကောင်းတယ်... ငါအရင် ပူးမယ်ကွာနော် ကိုကြီး'

'ဟ... ဒီလိုတော့ ရမလား၊ ခေါင်းပန်း လှန်မယ်'

'ဘယ်မှာလဲ အကြွေစေ့'

'အေး... ဟုတ်သား၊ ဘောပွဲက ဒိုင်လူကြီးဆီသွားပြီး အကြွေစေ့ ငှားရမလို ဖြစ်နေပြီ'

'ဒါဆို ဒီလိုလုပ်၊ ကျားဗိုလ် ဆွဲမယ်'

'ချကွာ'

သူရာ၏ သွေးဆောင်ဖြားယောင်းမှုနှင့် မူးမူးရူးရူး ဖြစ်နေသော ညီအစ်ကိုနှစ်ယောက်မှာ ပေါတောတောနှင့် ကလေးကုလား ဖြစ်နေတော့၏။

မူးယစ်ခြင်းက အရှက်တရားကို အပေါင်ဆိုင် ပို့လိုက်သဖြင့် အရှက်လက်မဲ့ ဖြစ်နေသော အာကာနှင့်တိမ်လွှာ ကလေးဆန်စွာပင် ဗိုလ်ကျားသေနတ်ဟု အော်ဟစ်ရင်း ကျားဗိုလ် ဆွဲနေကြ၏။

တစ်ချီတွင် ကျားသဏ္ဌာန်လုပ်မိသော ကိုကြီးအား ကိုလေးက သေနတ်နှင့် ပစ်လိုက်ရာ ပွဲပြတ်သွားတော့သည်။

'ဟား ဟား ဟား... မတူရင် မတုနဲ့ ကိုကြီး၊ သွားတော့ မင်းသွားတော့ အောင်ဖေ၊ မားကိုစ်၊ ဒိုးတော့၊ သွားတော့ ဟုတ်ပြီနော်၊ ကျွန်တော်ပဲ အရင်ပူးလိုက်တော့မယ် တာ့တာပဲ'



မူးနေသော တိမ်လွှာ ထကနေတော့ ရူးနေသည့် အာကာမှာ ပျော့ခွေပြီး ဗတ်လပိုင် လိုက်သွားလေတော့၏။

ထိုမြင်ကွင်းကို ဝရန်တာပေါ်မှ ယံယံနှင့်နွဲ့နှောင်းတို့ လှမ်းကြည့်ပြီး ရယ်မောနေကြ၏။ ကိုကြီးတို့၏ မြက်ခင်းပြင်အရက်ဝိုင်းက ပျော်စရာကောင်းနေသည်။ ဘာတွေပြောဆို တိုင်ပင်နေကြသလဲဆိုတာ မကြားရပေမယ့် လှုပ်ရှားမှုများ မြင်ရသည်ကပင် စိတ်ဝင်စားစရာကောင်းနေသည် မဟုတ်လား။

'နွဲ့နှောင်း သူတို့ ဘာဖြစ်နေကြတာလဲ ဟင်'

'ဟင်း ဟင်း... သူတို့လား အသည်းကွဲနေကြတာလေ'

'ဘာ... အသည်းကွဲနေကြတာ ဟုတ်လား'

'ဟုတ်တယ်လေ ကိုယံရဲ့'

နွဲ့နှောင်းက သူ့ကို ကိုကြီး ကိုလေးတို့ နှစ်ယောက်စလုံး ပရိုပို့စ်လုပ်ပြီး အဖြေတောင်းကြပုံများအား ရယ်ရယ်မောမောနှင့် ရှင်းပြလိုက်၏။ ကိုယံမျက်နှာပေါ် စိုးရိမ်ပူပန်မှုတွေ ဖြတ်သန်းသွားကြသည်။

'နွဲ့နှောင်း အပြင်ငြင်းလိုက်တယ်ပေါ့'

'ဟုတ်တယ် ကိုယံ၊ ရည်ရွယ်ထားသူ ရှိပြီးသားလို့ကို ပြောပစ်လိုက်တာ'

ထိုအခါမှာလည်း ယံယံမျက်နှာပေါ် စိုးရိမ်ဗျာပါဒတို့ အလည်အပတ် ရောက်လာကြပြန်သည်။ ကစားစရာ ပျောက်သွားမှာစိုးသည့် ကလေးတစ်ယောက်လိုမျိုး...

'နွဲ့နှောင်းမှာ တကယ်ရှိနေတာလား ဟင်၊ ဒါဆို ရန်ကုန်ဟာ တော့ မဖြစ်နိုင်ဘူး၊ ရွှေဘုံသာ ရွာသားပဲပေါ့ ဟုတ်လား၊ ဟုတ်တယ်မို့လား နွဲ့နှောင်း'

www.burmeseclassic.com

'ဟင်း ဟင်း ဟင်း… ကိုယ်ကလည်း နွဲ့နှောင်း ရင်ထဲမှာ ခုထက်ထိ ဘယ်သူမှ မရှိသေးပါဘူး၊ စီမံကိန်းအရ ကိုကြီးတို့ကို အပြတ်ပြောပစ်လိုက်တာပါ'

'ဟူး… တော်… တော်ပါသေးရဲ့'

'ဟင်… ဘာကို တော်သေးတာလဲ ကိုယ်'

'ဟယ်… ဟို… ဟို… ဘာ… ဘာမှ မဟုတ်ပါဘူး၊ ကိုယ့်အစ်ကိုတွေက ဣတ္ထိယမုဆိုးတွေဆိုတော့ နွဲ့နှောင်း ယောင်မှားပြီး ပါသွားမှာ စိုးလို့ပါ'

'စိတ်ချပါ ကိုယ်ရယ်၊ ခုထိ ရင်ထဲမှာ လစ်ဟာနေဆဲပါလို့'

'ဝမ်းသာလိုက်တာ နွဲ့နှောင်းရယ်'

ယံယံက ပြောရင်းဆိုရင်း နွဲ့နှောင်းနား တိုးကပ်လာပြီး နွဲ့နှောင်း၏ လုံးလုံးဝန်းဝန်း ပခုံးသားလေးကို ဖက်ထားလိုက်တော့၏။ နွဲ့နှောင်းထံမှ အမျိုးအမည်မသိ အစွမ်းသတ္တိများ ယံယံကိုယ်ထဲသို့ ကူးစက်စီးဆင်းသွားသလို နွဲ့နှောင်းမှာလည်း တုန်ရီမောဟိုက်သွားရသည်။

အဖိုဓာတ်နှင့် အမဓာတ်တို့ ထိတွေ့မှုက လျှပ်စီးလက်သလို ဖြတ်ဖြတ်လူးစေကြောင်း နှစ်ယောက်လုံး သိရှိခဲ့၏။ သို့နှင့် စောစီးစွာ သတိဝင်လာသော နွဲ့နှောင်းက ဦးစွာရုန်းထွက်လိုက်ရင်း…

'ကြီးနွဲ့ကို ဆေးတိုက်ရဦးမယ်၊ နွဲ့နှောင်း သွားတော့မယ်နော် ကိုယ်'

သဘာဝတရားကို လက်ခံကျင့်သုံးရန် ကြိုးပမ်းနေသော ယံယံနှင့် မိန်းမသားဆန်ဆန် မိခင်စိတ်ပြည့်ဝသော နွဲ့နှောင်းတို့ ဒီည အဖို့ အိပ်ရေးဝကြမည် မထင်။

❐ ❐ ❐



ကိုလေး၏ တောင်းတောင်းပန်ပန် ဖိတ်မန္တကပြုမှုကြောင့် နေ့လည်စာအတူစားရန် နွဲ့နှောင်း ခွင့်ပြုခဲ့ရသည်။ တိတ်ဆိတ်သော စားသောက်ဆိုင်အတွင်း နှစ်ဦးစလုံး၏ ရင်ခုန်ခြင်းက အမြောက်နှင့် ပစ်ခွင်းသလို မြည်ဟီးလျက် ရှိ၏။

စားရင်းသောက်ရင်းနှင့် ကိုလေးက ဗေကင်နီစီဖြစ်နေသော နှလုံးသားရေးရာ ဌာနမှူးရာထူးအတွက် လျှောက်လွှာတင်သည်။

နွဲ့နှောင်းက လျှောက်ထားသူ၏ အရည်အချင်းနှင့် ထိုရာထူး မှာ ကိုက်ညီမှုမရှိကြောင်း ယဉ်ကျေးစွာ ငြင်းပယ်၏။ ထို့ပြင် ခန့်အပ် ဖို့ရွေးချယ်ထားသူ ရှိပြီးဖြစ်ကြောင်း ရှင်းပြသည်။ လျှောက်ထား သူက ထိုကံထူးရှင်နှင့် လက်ဆွဲနှုတ်ဆက်ပါရစေဟု တောင်းဆိုလာ တော့ နွဲ့နှောင်း အကျပ်ရိုက်သွား၏။

'အစ်ကို သူနဲ့တွေ့ချင်တယ် ညီမလေး၊ နန်းနွဲ့နွဲ့နိုင်ရဲ့ ဘဝ ကြင်ဖော်နဲ့ လက်ဆွဲနှုတ်ဆက်ခွင့် ရချင်တယ်၊ အဲဒါမှ ညီမလေး ပြောတာတွေ ယုံနိုင်မယ်'

ဝါရင့်မုဆိုးလို ခြေရာကြည့်ရုံနှင့် ဘယ်လိုတောကောင်လဲ ဆိုတာ သိနေသော ကိုလေးကို လှိမ့်လို့မရနိုင်သော်လည်း နှောင်ခါလာ နှောင်ခါချေး သဘောထားပြီး အာမခံချက် ပေးလိုက်မိ၏။

'စိတ်ချပါ မန်နေဂျင်းရှင့်၊ သူက နယ်မှာနေတာပါ၊ ဒီတစ်ခါ ရန်ကုန်ကို ရောက်လာရင် မန်နေဂျင်းနဲ့ သေချာပေါက် မိတ်ဆက်ပေး ပါ့မယ်'

'ဘာဖြစ်လို့ နောက်ကျမှ ဆုံခဲ့ကြတာလဲ၊ ကိုယ် လက်မခံချင် ဘူး၊ မယုံနိုင်ဘူး၊ လောကဓံတရားက ကိုယ့်ကို ဒီလို ကျီစားလိမ့်မယ် လို့ ဘယ်တုန်းကမှ တွေးမထားခဲ့ဘူး ညီမလေး'

www.burmeseclassic.com

'အရာရာကို အခက်အခဲမရှိ အဆင်ပြေပြေ ကျော်လွှားလာတဲ့ လူတစ်ယောက်အဖို့ အတားအဆီးတစ်ခုခုနဲ့ ကြုံလိုက်ရတဲ့ အခါမျိုးမှာ မခံချိမခံသာစိတ်တွေနဲ့ အလိုမကျဖြစ်တတ်ကြတာ ဓမ္မတာပါရှင်၊ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး အမှန်တရားကို လက်ခံနိုင်ဖို့ပဲ တိုက်တွန်းခဲ့ပါရစေရှင့်'

ရေပိတ်စကားကို ပြတ်သားစွာပြောပြီး ပြန်လာခဲ့တော့ ကိုလေးဆိုင်ထဲမှာ နုံးချိစွာ ကျန်ရစ်ခဲ့၏။ ထိုနေ့က ကိုလေး ရုံးသို့ ပြန်ဝင်မလာတော့ချေ။

တစ်ယောက်ရန်ငြိမ်းတော့လည်း မအေးသေး၊ နောက်တစ်ယောက်က ရေသောက်ဆင်းသည့် သမင်ကို ကျားချောင်းသလို ချောင်းနေ၏။

ရုံးခန်းအတွင်း ကိုကြီး ဖုန်းပြောနေသည်။ Hand Phone ကို ဆက်သွယ်သည်မို့ နွဲ့နှောင်းနှင့်မပတ်သက်၊ သူ့ဟာသူ ပြောနေ၏။ တစ်ဘက်မှ အသံကို မကြားရသော်လည်း ကိုကြီးပြောသမျှတော့ ကြားနေရသည်။

'ဒါဆို မင်းလက်လျှော့လိုက်ပြီပေါ့ ဟုတ်လား'

'××× ××× ××× ×××'

'ကောင်းတယ်၊ အစကတည်းက မင်း ဝင်မပြိုင်သင့်တာ၊ အခုတော့ အမြင်မှန် ရသွားပြီပေါ့ ဟား ဟား'

'××× ××× ××× ×××'

'ငါ့အလှည့် ရောက်ပြီနော်၊ ဘူတာဟောင်းမှာ မရပ်တဲ့ရထား ကို ဗျူဟာပြောင်းပြီး မောင်းပြမယ် စောင့်ကြည့်'



ဘာကိစ္စမှန်း မသိသော်လည်း ရယ်ရွှန်းပတ်ရွှန်းနှင့် ကြည်သာရွှင်ပျ အလိုကျနေ၍ သူ့အတွက် သတင်းကောင်း ဖြစ်ဟန်ရှိသည်ဟုသာ နွဲ့နှောင်း သုံးသပ်မိသည်။

တစ်နေ့ခင်းလုံး ကိုကြီး အူရွှင်နေသည်။ နွဲ့နှောင်းကို ဘာမှ သဘင်းမပေးဘဲ သီချင်းတအေးအေးနှင့် အလုပ်လုပ်နေခဲ့သည်။ ကိုကြီး ဣန္ဒြေရနေသဖြင့် နွဲ့နှောင်း သို့လော သို့လောပင် တွေးမိသေး၏။ ကြောင်ကြီးငြိမ်နေတော့ ကြွက်က သွားစချင်နေတာလားဟု စဉ်းစားရင်း ရယ်မိသည်။

တကယ်တန်းကျတော့ ထိုးမည့်ဆင် နောက်တစ်လှမ်း ဆုတ်ခြင်းသာဖြစ်ကြောင်း ကောင်းကောင်းကြီး သိလိုက်ရသည်။ ညနေ သုံးနာရီလောက်တွင် လေဆိပ်သို့ ဧည့်သည်ကြိုရန် သွားရမည်ပြောပြီး နွဲ့နှောင်းကို အပါခေါ်၏။

လမ်းတလျှောက်လုံးလည်း အချစ်ကို ကိုးကွယ်၍ စွန့်စားကြသူများအကြောင်း အချစ်နှင့်တည်ဆောက်မှ လောကကြီး လှပမည်ဟု ယုံကြည်နေကြသော မိစ္ဆာဒိဋ္ဌိများအကြောင်း မိဘများ၏ ဆင်စီးမြင်းရံ ပရိဂရမ်ဆော့ဝဲ(လ်)ကို ဗိုင်းရပ်သွင်း၍ ဖျက်ဆီးပြီး နှစ်ဦးသဘောတူ နိုးပြေးခြင်းဂိမ်းကို ကစားကြသူများအကြောင်းတို့အား စီကာပတ်ကုံး ပြောလာခဲ့သည်။

တူညီသည့်အချက်က ဇာတ်သိမ်းတွင် ထိုလူစွမ်းကောင်းများ မရှုမလှကျဆုံးရခြင်းပင် ဖြစ်၏။ အစာအိမ်မှ အမြဲတစေ ယိုစိမ့်ထွက်နေသောအင်ဇိုင်းသည် အချစ်ကို မျိုးဖြုတ်သုတ်သင်ရာတွင် အကောင်းဆုံး လက်နက်ဖြစ်ကြောင်း အာဒမ်နှင့်ဧဝတို့ ပန်းသီးစား၍ ဗိုက်ဝခဲ့သော်လည်း နှောင်းလူတို့အတွက်တော့ ပန်းသီးနှင့်တူသော အချစ်သည် ဧည့်မထဆန်လောက် အသုံးမဝင်ကြောင်း လောကခံ ဆပ်ပြာ

www.burmeseclassic.com

မှုန့်နှင့် လျှော်ဖွပ်လိုက်သောအခါ ဘဝအဝတ်အစား စွန်းထင်နေသည့် အချစ်အမှတ်အသားများပါ ပျောက်ပျက်သွားတတ်ကြောင်း ထမင်းရည် အတူလျက်ရခြင်းသည် ဂျေဒိုးနတ်နှင့် ကော်ဖီအေးသောက်ရသလို အရသာမရှိတာကို အတော်ကြီးနောက်ကျမှသာ သိသွားခဲ့ကြတာဖြစ်ကြောင်း ထို့ကြောင့် ဥစ္စာနေသည်သာ အချစ်ထက်သာလွန် ကောင်းမွန်သည့် ကိုးကွယ်ရာ အစစ်ဖြစ်နေကြောင်းကို နိယာမနှင့်သီအိုရမ်များ အသုံးပြု၍ အဖြေထွက်အောင် တွက်ချက်ပြသွားခဲ့သည်။

တိုသို့ ဘဝအမောကို အဝပြောပြီးသည့်နောက် လေဆိပ်သို့ ရောက်ခဲ့ကြ၏။ လေဆိပ်စားသောက်ဆိုင်တွင် ထိုင်မိကြမှ ညှော်သည် ကြိုဖို့ မဟုတ်ဘဲ ဇနီးမယားအဖြစ် စည်းဝါးတကျ သိမ်းသွင်းနားချဖို့ ခေါ်လာခြင်းဖြစ်ကြောင်း ထိထိခိုက်ခိုက် သိလိုက်ရ၏။

'ဆိုတော့ကာ နန်းကို ကိုယ်ရဲ့ မဟေသီအဖြစ် တင်မြှောက်ပြီး နန်းသိမ်းပွဲခံချင်တယ်၊ ညီအစ်ကိုတွေ စံနစ်တကျ အမွေခွဲပြီး ကိုယ့်ဝေစု ကို နန်းအတွက် ချက်ချင်းလွှဲပေးမယ်၊ လက်ထပ်ပြီးတာနဲ့ ထိုင်းက ဖူးခက်ကမ်းခြေကို အပန်းဖြေ ဟန်းနီးမွန်းထွက်မယ်၊ တစ်နှစ်ကို နှစ်ကြိမ်စင်္ကာပူကို ရှော့ပင်ထွက်မယ်၊ ကိုယ်က နန်းအတွက် အာလာဒင် မီးခွက်စောင့်ဘီလူးလို ဘာမဆို လိုတရစေရမယ်ကွာ၊ ကဲ… နန်း ဘယ်လိုအဖြေပေးမလဲ'

အာမခံချက်များက ရွှေကောက်ပွဲဝင်မည့် အမတ်လောင်း ပြောစကားလို ပြီးပြည့်စုံပြီး ရွှန်းရွှန်းဝေနေ၏။ အကြောင်းမသိလျှင် တော့ အသည်းကြားမှ မဲတစ်ပြားကို ခွဲစားသွားတော့မှပဲ ဖြစ်သည်။

သို့သော် နွဲ့နှောင်း၏ နှလုံးသားက နိုင်ငံရေးဝမ်းစာ အပြည့်ရှိ နေ၏။ လူကိုမြင်သလို မူကိုလည်း မြင်သည်။ သို့ဖြစ်၍ ကိုကြီး၏ မဲဆွယ်တရားနှင့် မဲဝယ်စကားကို အလိမ္မာသုံးပြီး ကြက်ခြေခတ် လိုက်၏။



'ထမင်းရည်မှာလည်း ပြည့်ဝတဲ့ကယ်လိုရီ၊ ပရိုတင်းနဲ့ ကာဗွန်ဟိုက်ဒိတ်ဓာတ်တွေပါတာ ဆရာ မသိသေးလို့ပါ'

'မဖြစ်နိုင်လိုက်တာ နန်းရာ'

'ဒါဆို ထမင်းရည်တိုက်ပြီး မွေးလာတဲ့ ခွေးနဲ့ဝက်တွေ ဘာလို့ ရှင်သန်နေကြတာလဲ၊ အဲသလို သန်မာနေတဲ့ ဝက်တွေကိုပဲ လူသားတွေ စားသုံးနေကြတာ မဟုတ်လား'

'စကားတတ်သလိုပြောပြီး စကားနိုင်မလုချင်ပါနဲ့ နန်းရယ်၊ ဒါစကားရည်လုပွဲ မဟုတ်ဘူး၊ ဘဝအတွက် ဖောင်ဒေးရှင်းမခိုင်လို့ ကြုံတွေ့ရမယ့် ဒုက္ခတွေက ပုပ်ပွနေတဲ့ အသေကောင်ထက် ဆိုးဝါး တယ်နော်'

'သတ္တဝါတွေအားလုံး အပုတ်ကောင်တွေပါပဲရှင်၊ လောလော ဆယ် ပုပ်ပွနေတဲ့အသေကောင်ကို လတ်တလော မပုပ်သေးတဲ့ အရှင် ကောင်က ဘာကိစ္စကြောက်နေရမှာလဲ၊ ဒုက္ခကို များများတွေ့မှ ကိုယ်ရည်ကိုယ်သွေး တိုးတက်နိုင်တာလေ ဆရာရဲ့'

နွဲ့နှောင်း စကားကြောင့် ကိုကြီး၏ မျက်နှာကောင်းကင်သည် မုန်တိုင်းရာသီကဲ့သို့ ညို့မှိုင်းအုပ်ဆိုင်းသွား၏။

'ဒီတော့ နန်း ဆိုလိုချင်တာက'

'ရှင်းပါတယ် ဆရာ၊ ကျွန်မက ကိုယ်ရွေးချယ်ပြီးသား ချစ်သူ ကိုပဲ ဘဝတစ်ခုလုံးနှင်းအပ်မှာပါ၊ ကျွန်မရဲ့ အိမ်ထောင်ရေး သာယာဖို့ ဆိုတာ ထိုင်းကိုသွားပြီး အပန်းဖြေစရာ မလိုသလို စင်္ကာပူထိ ဈေး ဝယ်ထွက်စရာလဲ မလိုပါဘူး'

'နန်းက တော်တော်ခေါင်းမာတာပဲ၊ ဒါဆို ကိုယ့်ကို ပြတ် ပြတ်သားသား ငြင်းလိုက်တာလား နန်း'

'အဲဒီအတိုင်း အတိအကျပါပဲ၊ စိတ်မကောင်းပါဘူးရှင်'

www.burmeseclassic.com

'ကိုယ် နန်းကို ပြန်ပို့ရဦးမှာနော်၊ တစ်ခါတည်း ကားတင်ပြေးသွားမယ် ဆိုရင်ကော'

'လွယ်ပါတယ် ဆရာ၊ မျက်နှာချင်းဆိုင် ယာဉ်ကြောက ကားကြီးကြီးတစ်စီးလာမှ စတီယာရင်ကို ဆွဲလှည့်ပြီး ခေါင်းချင်းဆိုင် ပေးလိုက်မှာပေါ့'

'ဟင်း… ဟင်း… ဟင်း၊ ပြတ်သားလှချည်လား နန်းရယ်၊ ကောင်းပြီလေ ကိုယ့်အိမ်အထိ လိုက်ပို့ပေးပါ့မယ်'

'မလိုပါဘူး ဆရာ၊ အနီးဆုံးမှတ်တိုင်မှာသာ ရပ်ပေးလိုက်ပါ'

နှလုံးသားဖလား ဗိုလ်လုပွဲကတော့ အနိုင်အရှုံးပြတ်သားစွာနှင့် ကစားချိန်မိနစ်ကိုးဆယ် ပြည့်သွားခဲ့လေပြီ။

❒ ❒ ❒

## အခန်း (၁၀)

ညစာထမင်းဝိုင်းသည် ယံယံနှင့်နွဲ့နှောင်းအတွက် စိရင်ချက်ချမည့် တရားရုံးဖြစ်နေ၏။ ဆံပင်ဗိုသီဗတ်သီနှင့် ရှပ်အင်္ကျီဖားဖားကြီး ဝတ်ထားသော နွဲ့နှောင်းက ထမင်းဟင်း လိုအပ်သမျှ လိုက်ပေးရန် အသင့်စောင့်နေသည်။

ကိုကြီးက နွဲ့နှောင်းအား မတူသလို မတန်သလို လှမ်းကြည့်ကာ ပြတ်ပြတ်သားသား စကားစ၏။

'နွဲ့နှောင်းကို သည်းခံပြီး အိမ်ပေါ်တင်ထားခဲ့တာ နှစ်နှစ်ပြည့်တော့မယ်၊ ဘယ်လောက်မှ မလိုတော့ဘူး ဝေယံ၊ မင်းရဲ့ကတိအတိုင်း နွဲ့နှောင်းကို လူရာဝင်အောင် ပုံသွင်းထားတာ သက်သေပြမယ်ဆို မြင်တွေ့ရသလောက်တော့ နွဲ့နှောင်းဟာ ခုထိ ရွှေဘုံသာရွာသူ စတိုင်ပဲ ရှိနေသေးပါလား'

'ဟုတ်တယ် ဝေယံ၊ မင်းက ငါတို့စကားကို အတိုက်အခံလုပ်ပြီး ပမာမခန့်နဲ့ လောင်းကြေးတောင် ထပ်ခဲ့သေးတာ၊ မအောင်မြင်ခဲ့ရင်တော့၊ ဟင်း… ဟင်း… ဟင်း မင်း ကတိနဲ့မင်းနော်'

'စိတ်ချပါ ကိုကြီးတို့ရာ အဲဒီအတွက် အားလုံးပြင်ဆင်ပြီးပါပြီ၊ ရက်ပိုင်းအတွင်း သက်သေအထင်အရှားပြမှာပါ'

'ဝေယံရာ အောက်ကလည်းနေသေး အပြောကလည်း မလျှော့ဆိုသလိုပါပဲလား၊ စားရင်းသောက်ရင်း ထမင်းသည်းအောင် မလုပ်စမ်းပါနဲ့ကွာ'

www.burmeseclassic.com

‘ကိုကြီးတို့ ရှုံးရင်ကော နွဲ့နှောင်း ဒီမှာ နေခွင့်အပြင် ဘာပေးမလဲ’

‘ဟာ… ဒီကောင်၊ ပြောလေကဲလေ ဆိုသလို ဖြစ်နေပါလား၊ ရှုံးနေတာကို ဒန်မခံဘဲ၊ လေသံမာနေတဲ့ကောင် မင်း ဘာထပ်လိုချင်လဲ ပြော’

‘တစ်ခါတည်း အမွေခွဲပေးရမယ်’

‘စိန်လိုက်ကွာ ရှိသမျှစည်းစိမ်ဥစ္စာကို သုံးပုံပုံပြီး တစ်ခါတည်း ခွဲပေးလိုက်မယ်၊ ဒါပေမဲ့ နွဲ့နှောင်း လူရာမဝင်ဘူးဆိုရင် တစ်ပြားမှ မရဘဲ ဆင်းသွားရမှာနော်’

‘နှစ်ဦးနှစ်ဘက် ကတိတည်ရင် ပြီးတာပါပဲလေ’

‘အင်း… ဝေယံ… ဝေယံ၊ လေထန်ပြီး အသေခံနေတော့တာပဲကိုးကွ၊ တော်ပါပြီကွာ ရယ်ရတာနဲ့တင် ထမင်းတောင် ဆက်မစားချင်တော့ဘူး၊ လစ်ပြီဟေ့’

ကိုကြီး၊ ကိုလေးတို့ ထထွက်သွားကြတော့မှ နွဲ့နှောင်း မရဲတရဲဝင်ထိုင်ပြီး ထမင်းစား၏။ ယံယံက နွဲ့နှောင်းအား ကြင်နာစွာကြည့်လိုက်ရင်း…

‘ကဲ… နွဲ့နှောင်း အောင်ပွဲခံဖို့ ရက်ကတော့ တဖြည်းဖြည်းနဲ့ နီးကပ်လာပြီ၊ အားလုံးအသင့်သာ ပြင်ထားလိုက်တော့’

နွဲ့နွဲ့နှောင်းနှောင်းလေသံ တစ်လုံးမှ မပါဘဲ ပြောလိုက်သော ယံယံ့ စကားကြောင့် နွဲ့နှောင်း အံ့သြပြီး အသေအချာကြည့်မိ၏။ လက်စားချေ အနိုင်ယူလိုစိတ်နှင့် ယံယံမျက်နှာက မေးကြောများထောင်ထအောင် တင်းမာနေသည်။ စိမ်းမြမြ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကလည်း ယောကျ်ားပီသသည့် ရုပ်သွင်ဖြစ်အောင် ပံ့ပိုးကူညီနေကြ၏။

ယံယံတစ်ယောက် တကယ်ပဲ ယောကျ်ားသားဘ၀ကို ပြန်



လည်ပိုင်ဆိုင်နေပြီလား မပြောတတ်၊ မိန်းမလို မိန်းမရဟန်ပန်တို့ မရှိတော့တာတော့ အမှန်ပဲ ဖြစ်သည်။

‘အဲသလို အထုပ်ဖြည်ပြလိုက်ရင် သူတို့ ဘယ်လိုဖြစ်သွားကြမယ်ထင်လဲဟင် ကိုယံ’

‘အဟင်း… ရူးသွားမှာပေါ့၊ အဲဒါလည်း ကောင်းတာပါပဲ၊ တစ်ခါတည်း ဖမ်းချုပ်ပြီး ရွာသာကြီး ပို့လိုက်ကြတာပေါ့’

နှစ်ယောက်သား ပွင့်ပွင့်လင်းလင်း ရယ်လိုက်ကြရင်း ထမင်းကို လက်စသတ်ပြီး သိမ်းဆည်းသည်။ ယံယံက ထွက်မသွားသေးဘဲ နွဲ့နှောင်းကို ကူညီပေးနေ၏။

‘ရပါတယ် ကိုယံရယ်၊ အေးအေးဆေးဆေးသာ ထိုင်နေပါ၊ နွဲ့နှောင်း လုပ်ပါ့မယ်၊ ပျင်းရင်ခုံတစ်လုံးဆွဲပြီး ထိုင်နေ’

နွဲ့နှောင်း စကားအတိုင်း ထိုင်နေသော်လည်း ယံယံ့ မျက်ဝန်းများက နွဲ့နှောင်းထံမှ မခွာတော့။ စူးစူးနစ်နစ် ထဲထဲဝင်ဝင်ပင် ရှုစားနေ၏။ စိတ်မလုံသလို ခံစားလိုက်ရသဖြင့် နွဲ့နှောင်း လှည့်ကြည့်မိတော့ ယံယံ၏ ဒိုင်ရာဘောလစ်မျက်ဝန်းကို ပက်ပင်းမိသွားသည်။

ထိုမျက်လုံးတွင် ကြင်နာခြင်း၊ စာနာခြင်းတို့ ပျော်ဝင်၍ အရောင်တဖိတ်ဖိတ် ထွက်နေ၏။ နွဲ့နှောင်းလည်း ဣတ္ထိယတို့၏ မွေးရာပါထိုးထွင်းသိမျိုးနှင့် မျက်ဝန်းစကားကို နားလည်လိုက်သဖြင့် ရင်ခုန်သံနရီပျက်၍ ဗယောက်ဗယက် ဖြစ်သွား၏။ အကြည့်လွှဲလိုက်စဉ်မှာပင် ကိုယံ ထလာတာကို မျက်ဝန်းဒေါင့်မှ ဖျတ်ခနဲ မြင်သည်။

ရင်ခုန်နှုန်းတို့ ပြောင်းဆန်နေသော လူသားနှစ်ဦး အနီးဆုံးအနေအထားနှင့် ရပ်နေမိကြ၏။ သဘာဝတရားအရ အာဒမ်၏ မျိုးဆက်သစ်ဖြစ်သော ယံယံကပင် စကားစသည်။

‘နွဲ့နှောင်း’

‘ရှင်… ကိုယံ’

www.burmeseclassic.com

'ကို… ကို… ကိုယ်လေ နွဲ့နှောင်းကို ကျေးဇူးတင်တယ်၊ နွဲ့နှောင်းကြောင့် ကိုယ့်ဘဝ ရှင်သန်လာရတယ်၊ နွဲ့နှောင်းဟာ ကိုယ့်အတွက် မရှိမဖြစ် နွဲ့နှောင်းပါ၊ ကိုယ် နွဲ့နှောင်းကို ချစ်တယ်၊ ကိုယ့် မေတ္တာကို လက်ခံတုန့်ပြန်ပေးပါ နွဲ့နှောင်းရယ်'

နွဲ့နှောင်း မယုံနိုင်လောက်အောင် အံ့သြသွား၏။ ကိုယ် သူ့ကို ချစ်ရေးဆိုနေပါလား ဟူသောအသိက ရင်ထဲထိမုန်တိုင်းတစ်ခုလို ဝင်မွှေနေသည်။ မျှော်လင့်မထားသော ကိစ္စမို့ စကားလုံးတို့ ရှားပါးပစ္စည်း ဖြစ်သွား၏။

ထိုအခိုက်မှာပင် အရိပ်သုံးပါးနားမလည်သော ပိုးဟတ်တစ်ကောင်က ဘေစင်ထက်မှ နွဲ့နှောင်း လက်ပေါ်ခုန်တက်လာ၏။

'အမလေး'

အလန့်တကြားအော်သံနှင့် လက်ကိုခါချပြီး ရှောင်တိမ်းလိုက်တော့ အနီးမှ ယံယံ့ ရင်ခွင်ထဲ ပစ်လဲကျသွား၏။ ယံယံက နွဲ့နှောင်းကို ဖက်ထားလိုက်သည်။

ယံယံကား နွဲ့နှောင်းအား လုံးဝမလွှတ်တော့ချေ။

ဖရီကွင်(န်)စီခြင်းတူသွားသော ရင်ခုန်သံတို့ ပေါင်းစည်းသွားမိသောအခါ အထွက်တိုး ရှက်ဖြန်းမြေသြဇာနှင့် တွေ့သွားသလို အချစ်သစ်ပင်က ရှင်သန်ထမြောက်လာ၏။ ယံယံ၏ နားထင်သွေးကြောများ တဒိုင်းဒိုင်းခုန်နေသည်။ လက်ကောက်ဝတ် သွေးကြောသည်လည်း တဆတ်ဆတ်တုန်လာ၏။

'ချစ်တယ် နှောင်းရယ်'

ပုရိသပီသစွာ သန်မာနေသော ယံယံ၏ ရင်ခွင်ထဲ နစ်မြုပ်နေသည့် နွဲ့နှောင်းမှာလည်း ရုန်းကန်လှုပ်ရှားဖို့ သတိမရဘဲ၊ စပါးကြီးမြွေ၏ ညှို့ငင်ဖမ်းစားခြင်းကို ခံရသူလို မလှုပ်မယှက်နှင့် ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေလေ၏။



'နှောင်း… ကိုယ်… ကိုယ်လေ ယောက်ျားဘဝကို ပြန်ရပြီသိလား၊ ယောက်ျားစစ်စစ်ဖြစ်ပြီ၊ အဲဒါ နှောင်းကို ချစ်ခွင့်ရလို့ ဝမ်းသာလိုက်တာ နှောင်းရယ်၊ ကိုယ် ဝမ်းသာလိုက်တာ'

ယောက်ျားပီသသော ယောက်ျားတစ်ယောက်အဖြစ်ကို ကိုယ်ပြန်လည်ရရှိလိုက်ပြီဆိုတာ နွဲ့နှောင်းလည်း အတွေ့အထိကြောင့် ခံစားသိရှိနေ၏။ ကြာလျှင် ခက်တော့မည်။ ပါးပါးလေးသာ ကျန်တော့သော မိန်းမသား သိက္ခာပေါက်ထွက်မသွားခင် အပီအပြင် ရုန်းထွက်ဖို့ ကြိုးစားရ၏။

'လွှတ်… လွှတ်ပါဦး ကိုယ်ရယ်၊ ကိုကြီးတို့ ဝင်လာမှ အားလုံးသဲထဲရေသွန် ဖြစ်သွားပါဦးမယ်၊ လွှတ်နော်'

နွဲ့နှောင်း ပြောသမျှလိုက်နာဖို့ အဆင်သင့်ဖြစ်နေသော ယံယံက စိတ်ကိုဖြေလျှော့ ချုပ်တီးရင်း လွှတ်ပေးလိုက်သည့် အခါမှာတော့ ကျားလက်မှလွတ်သည့် သမင်ပျိုကဲ့သို့ နွဲ့နှောင်း လှစ်ခနဲ ပြေးထွက်သွားတော့၏။

❐ ❐ ❐

www.burmeseclassic.com

## တကယ့်ဇာတ်သိမ်း

**မိုးအုံ့ပြီး ပူအိုက်သည်။ တိုက်အိမ်က လေလုံ၏။ ချွေးတပြိုက်ပြိုက်ကျနေသည်။ အဲကွန်းများ ဖွင့်ထားပါ။ ဒါတောင် လုံးဝမအေးဘူးလား။ ဘယ်လိုလုပ်အေးနိုင်ပါ့မလဲ၊ ခေတ်ပေါ် အီလက်ထရွန်းနစ်ပစ္စည်းများက အခန်းအပူချိန်ကိုသာ လျော့ပါးသက်သာစေနိုင်သည် မဟုတ်လား။**

ရင်အပူသက်သာအောင်တော့ မည်သည့်ပစ္စည်းကမှ မစွမ်းဆောင်နိုင်ပါ။ ကိုကြီး၊ ကိုလေးတို့ နှစ်ယောက်စလုံး ရင်ပူနေကြ၏။ နန်းရွှဲရွှဲနိုင်က သူ့ချစ်သူကို ခေါ်လာ၍ မိတ်ဆက်ပေးမည်ဟု ဖုန်းဆက်ချိန်းဆိုခဲ့သဖြင့် နှစ်ယောက်စလုံး ခွေခေါက်ပျော့ဖတ်နေကြ၏။

ဂနာမငြိမ်ဖြစ်နေသော အစ်ကိုနှစ်ယောက်ကို အရသာခံ၍ကြည့်ရင်း ယံယံ ပျော်နေမိသည်။ ဒီနေ့ အစ်ကိုနှစ်ယောက်အား အလဲထိုးပြီး ဒိုင်ပွဲရပ်နှင့်အနိုင်ယူရန် ပြင်ဆင်ထားခဲ့၏။ ထို့ကြောင့် ဦးစွာပထမ အမြည်းပေးသည့်အနေနှင့် တွဲလက်သီးများသုံးပြီး စတင်ထိုးနှက်လိုက်သည်။

'ကိုကြီးနဲ့ကိုလေးကို ခွင့်တောင်းစရာရှိတယ်'

'ဘာလဲကွာ အရေးထဲမှာ မင်းကလည်း တမော့်၊ ပြော… ဘာကိစ္စလဲ'



'ကျွန်တော် အိမ်ထောင်ပြုတော့မယ်၊ မိန်းမယူတော့မယ်'

အစ်ကိုနှစ်ယောက်လုံး ပြက်လုံးအသစ်တစ်ခု ကြားလိုက်ရသလို ဝါးလုံးကွဲထရီ(ရယ်) လိုက်ကြ၏။

'ဟား… ဟား… ဟား… ဟား၊ ဘာထကြောင်တာလဲ ဝေယံရာ၊ လင်းနို့တွေ ဇောက်ထိုးမနေတော့ဘဲ ငါးတွေလည်း ရေမကူးတော့ဘူး ဆိုတာကမှ ယုံချင်စရာ ကောင်းဦးမယ်'

'မဟုတ်တယုတ်တွေ မပြောစမ်းပါနဲ့ကွာ၊ စိတ်ညစ်ရတဲ့အထဲ ရီရတာမောလို့ပါ'

နှစ်ယောက်လုံးက ပစ်ပစ်နှစ်နှစ် ချိုးချိုးဖွဲ့ဖွဲ့နှင့် နှိပ်ကွပ်စကား ဆိုကြ၏။

ထိုစကားများက ချူလက်နက်ပိုင်ရှင်ကို ဂျင်ကလိနှင့် ချိန်ရွယ်ထားသကဲ့သို့ ဖြစ်နေသဖြင့် ယံယံက လူရှင်တော် မိုးဒီကြီးလို နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်၏။

'တကယ်ပြောနေတာ၊ ကိုကြီးတို့ ဒီအတိုင်းဆက်နေသွားမယ်ဆိုရင် တစ်နှစ်ကျော်ကာလအတွင်း ကလေးထိန်းတွေ ဖြစ်သွားမယ်နော်'

'မင်းလို ဟိုမရောက် ဒီမရောက် အလုံးမှန်းမသိ အပြားမှန်းမသိတဲ့ကောင်ကို ဘယ်အရူးမက လင်လုပ်မှာလဲကွ'

ယံယံ ခွန်းတုံ့မပြန်နိုင်ခင်မှာပင် တိုက်ရှေ့ဆင်ဝင်အောက်သို့ Taxi တစ်စီး ထိုးဆိုက်လာ၏။ တိုက်ကြီးထဲမှ ပုရိသသုံးယောက် ပျာယာခပ်သွားကြသည်။

'ဟော့ကောင် ဝေယံ၊ ဟိုကောင်မလေး နွဲ့နှောင်း ဘယ်ရောက်သွားလဲ၊ ဟိုမှာ ဧည့်သည်လာနေပြီ၊ တစ်ခုခုနဲ့ ဧည့်ခံရအောင် သွားပြောထားစမ်း'

www.burmeseclassic.com

'နွဲ့နှောင်း မရှိဘူး ကိုကြီး၊ ကျူရှင်သွားတယ်'

'ဟား… ပြဿနာပါပဲလား၊ အိမ်ဖော်က အိမ်ကြီးရှင် စတိုင်ဖမ်းလို့ကွာ'

ဆက်ပြီး စကားများများ ပြောချိန်မရတော့၊ နန်းနွဲ့နွဲ့နိုင် ဆိုသော မိန်းမချောလေးက တိုက်ထဲသို့ ဆင်မယဉ်သာ ခြေလှမ်းများနှင့် လန်းလန်းဆန်းဆန်း ဖလန်းဖလန်းထကာ ဝင်ရောက်လာလေတော့၏။

နွားပြာကြီး အောက်သွားမရှိသော ယောက်ျားငတိနှစ်ကောင်မှာ ဟီလာထပြီး ညီညာဖြဖြ ကြိုဆိုကြသည်။

'နန်းလေး အခုတော့လည်း တစ်ယောက်တည်းပါလား'

'ဟင်း… ဟင်း၊ သူ့မှာ မရှိမှမရှိတာ ဘယ်လိုလုပ်ခေါ်လာမလဲ ကိုကြီးရာ၊ အခု ညီမလေးလာတာ ကျွန်တော်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို အဖြေပေးဖို့ ဟုတ်တယ်မဟုတ်လား ညီမလေး၊ ကဲ… ထိုင်အမောဖြေ ဘာသောက်မလဲ'

'တော်ပါပြီရှင်၊ ခိုင်းစရာ နွဲ့နှောင်းတစ်ယောက်လည်း မရှိဘူးမို့လား'

'ဟင်… နွဲ့နှောင်း မရှိတာ နန်းက ဘယ်လိုသိတာလဲ'

'အဟင်း… နန်းက အကြားအမြင်ရတယ်လေ'

'အဟဲ… ညီမလေးကလည်း နောက်နေပြန်ပါပြီ၊ ကဲ… ပြောပါဦး ဘဝလက်တွဲဖော်ကို ခေါ်လာပြီး မိတ်ဆက်ပေးမလို့ဆို'

'ဟုတ်ပါတယ် မန်နေဂျာကြီးရှင့်၊ ဒါပေမဲ့ မိတ်ဆက်ပေးရမှာက နှစ်ယောက်ဖြစ်နေတော့ ဘယ်လိုစပြီး ဘယ်သူ့ကို မိတ်ဆက်ရမှန်းမသိ ဖြစ်နေတာရှင့်'

နွဲ့နှောင်း ရှင်းပြမှ ကိုကြီးတို့ ညီအစ်ကိုနှစ်ယောက် ပိုပြီး



ချာချာလည်သွားကြ၏။ ဘာပြောလို့ ပြောနေမှန်းပင် မသိကြတော့။

'ဘာ… ဘာပြောလိုက်တယ်'

'နှစ်ယောက်ဖြစ်နေတယ် ဟုတ်လား၊ အဲဒါ ဘာကိုပြောတာလဲ နန်းရာ'

အပတ်မလည်ဖြစ်နေသော အစ်ကိုနှစ်ယောက် ပိုပြီးခေါင်းစားသွားစေရန် ယံယံက ဝင်ပြောလိုက်ပြန်သည်။

'အဲဒါတွေ အသာထားပါဦး၊ ကျွန်တော့်ကိစ္စ အရင်ရှင်းပြပါရစေ'

'ဟာ… မင်းက ဘာဝင်ရှင်းဦးမှာလဲ၊ အသာနေစမ်းပါကွာ ခုတောင် နားမလည်နိုင်အောင် ဖြစ်နေရတဲ့ကြားထဲ'

'ကျွန်တော် ရှင်းပြလိုက်ရင် အားလုံးနားလည်သွားမှာပဲ၊ ခဏပဲအချိန်ပေး'

ယံယံ ပြောပြီးတော့ နွဲ့နှောင်းက ဝင်ဖွင့်ပြန်သည်။

'သူက ချယ်ယာမင်နဲ့မန်နေဂျင်းတို့ရဲ့ ညီ မဟုတ်လား၊ သူရှင်းပြလည်း ဖြစ်ပါတယ်၊ ခဏနားထောင်ပေးလိုက်ပါရှင်'

နွဲ့နှောင်း စကားကြောင့် ပိုရှုပ်သွားကြ၏။ ကိုကြီးနှင့်ကိုလေးတို့က သူတို့ သိထားသော နန်းနွဲ့နွဲ့နိုင်အား နားမလည်နိုင်သလို ကြည့်လိုက်ရင်း…

'နန်းက ဝေယံနဲ့လည်း သိနေတာလား'

'သိတာပေါ့ရှင် တစ်အိမ်ထဲမှာ နှစ်နှစ်လောက် အတူတူနေလာခဲ့ကြတာပဲဟာ၊ မသိဘဲနေပါ့မလားရှင်'

'ဘာ'

ညီအစ်ကို နှစ်ယောက်စလုံး တအံ့တဩနှင့် ထအော်ကြတော့၏။

www.burmeseclassic.com

ယံယံက မခို့တရို့လေး ပြုံးလိုက်ရင်း…

'ကျွန်တော့် တာဝန်ကျေသွားပြီနော်၊ နွံ့နှောင်းကို လူရာသွင်းခဲ့ပြီးပြီ'

'ဘာကွ ဘယ်မလဲ နွံ့နှောင်း၊ လူရာဝင်ပြီး မြို့ကြီးသူဖြစ်နေတဲ့ နွံ့နှောင်းက ဘယ်မှာလဲ…'

ပြောရင်း စကားပြတ်သွားပြီး နန်းနွဲ့နွဲ့နိုင်အား ကိုကြီးက သေချာစိုက်ကြည့်လိုက်သည်။

'နန်း… မင်း… မင်း'

အခြေအနေတွေ ရှုပ်ထွေးနေဆဲမှာပင် ညှော့သည်တစ်ယောက် ထပ်ရောက်လာပြန်၏။ ထိုသူကတော့…

'ဟယ်… နွံ့နှောင်း၊ ကြည့်စမ်းပါဦး လှလာလိုက်တာ မင်းသမီးတောင် ရှုံးတယ်ဟယ်၊ တကယ်… တကယ်'

'ကျေးဇူးတင်ပါတယ် သော်သော်၊ ဒါနဲ့ ကိစ္စရှိလို့လားဟင်'

'ရှိပြီလား နွံ့နှောင်းရယ်၊ STEP နဲ့ GIORENZOက သူတို့ အဝတ်အစားတွေကို နွံ့နှောင်းနဲ့ ကြော်ငြာရိုက်ချင်လို့တဲ့လေ'

'သြော်… ဟုတ်လား၊ ဒါဆို နွံ့နှောင်း ကိုယ်စား သော်သော်ပဲ မန်နေဂျာ လုပ်ပေးပါနော်၊ မိတ်ကပ်လည်း မာမီသော်ပဲ ပြင်ပေးရမှာ'

'ရပါတယ် နွံ့နှောင်းရယ်၊ အချင်းချင်းတွေပဲဟာ လုပ်ပေးရမှာပေါ့လို့'

သော်သော်နှင့်အပြန်အလှန် ပြောနေကြသော စကားများ နားထောင်ရင်း ညီအစ်ကိုနှစ်ယောက် ရှုးလုဆဲဆဲ ဖြစ်သွားကြ၏။

'ဟော့ကောင်တွေ ဟိုမရောက် ဒီမရောက် နှစ်ကောင်ပေါင်းပြီး ရိုက်စားလုပ်ဖို့ မကြံနဲ့နော်၊ ငပိရည်နဲ့တို့စားရတဲ့ မျှစ်ပြုတကများ ပတ္တလားကို လာပတ်လို့ရမယ် ထင်သလား'



'ဝါးနုက ဝါးရင့်ကို လာမပတ်နဲ့လို့ ပြောလည်း ရပါတယ် ကိုကြီးရာ'

'အသာနေစမ်း တိမ်လွှာ၊ ဒီကိစ္စအပြတ်ရှင်းမယ်၊ မင်းတို့က ဟောဒီက နန်းနွဲ့နွဲ့နိုင်ကို နွံ့နှောင်းလို့ ပြောနေတာလား၊ နန်းဟာ ငါတို့ အင်တာဗျူးလုပ်ပြီး ရွေးထားတဲ့ ကုမ္ပဏီဝန်ထမ်းကွ၊ ဘောသူမ နွံ့နှောင်း မဟုတ်ဘူး'

ကိုကြီးက ဒေါနှင့်မောနှင့်ပြောတော့ သော်သော်က လေအေးလေးနှင့် ဝင်သမပြန်သည်။

'အဲဒါကိုက ကိုကြီးတို့ ညံ့လို့ပေါ့၊ ဒါဟာ နွံ့နှောင်းကို လူရာဝင်အောင် လူတောတိုးနိုင်အောင် မြို့ကြီးသူ ဖြစ်လာအောင် စွမ်းဆောင်နိုင်ခဲ့တယ် ဆိုတဲ့ သက်သေပဲပေါ့ ကိုကြီး ကိုလေးတို့ရဲ့'

'ဘာ… မင်း… မင်းတို့ မလိမ်နဲ့နော်'

'မယုံဘူးလား၊ ကဲပါ… နန်းနွဲ့နွဲ့နိုင်ရယ်၊ မင်းလေးရဲ့ မေးစေ့နဲ့ရင်ညွန့်က မှဲ့အတုတွေ ဖြုတ်ပြလိုက်စမ်းပါ'

သော်သော့်စကားအဆုံးမှာ နန်းနွဲ့နွဲ့နိုင်က မှဲ့များ ဖြုတ်၍ ဖြန့်ချထားသော ဆံပင်ကိုလည်းထုံးပြီး နွံ့နှောင်းဖြစ်ကြောင်း သက်သေပြလိုက်၏။ ကိုကြီးတို့ တအံ့တသြနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ထိုစဉ် အိမ်ခန်းထဲမှ ကြီးနွဲ့ ထွက်လာ၏။ နွံ့နှောင်းက ဝမ်းသာအားရထ၍ ဆီးကြိုတော့သည်။

'ကြီးနွဲ့ နေကောင်းသွားပြီပေါ့၊ ကြည့်စမ်းပါဦး ဒီအထိတောင် တစ်ယောက်တည်း လမ်းလျှောက်နိုင်ပြီကိုး ဝမ်းသာလိုက်တာ ကြီးနွဲ့ရယ်'

'သမီး ဒါ ငါ့သမီး နွံ့နှောင်းလား၊ အမလေး လှနေလိုက်တာ မယုံနိုင်စရာပါပဲလား၊ မှတ်တောင် မမှတ်မိနိုင်အောင်ပါပဲလား'

www.burmeseclassic.com

'ဟင်း… ဟင်း၊ အဲဒါ ကိုယံနဲ့သော်သော်တို့ရဲ့ ကျေးဇူးလေ ကြီးနွဲ့ရဲ့'

အခုတော့ အားလုံးရှင်းသွားခဲ့ပြီ၊ ကိုကြီး ကိုလေးတို့ ခေါင်းငိုက်စိုက်ကျသွားကြ၏။ ရွှေဘုံသာမှ တောသူမကို နန်းနွဲ့နွဲ့နိုင်ဟု ယုံကြည်ပြီး အလုအယက် ချစ်ရေးဆိုမိကြသည်အထိ အငိုက်မိခဲ့ကြသည် မဟုတ်လား၊ ယံယံက ကြီးနွဲ့ကို တွဲ၍ခေါ်ယူပြီး ဆက်တီတွင် နေရာပေး၏။

ပြီးမှ…

'ကဲ… ကိုကြီးနဲ့ကိုလေး ကျွန်တော် ကတိပေးခဲ့သလို နှစ်နှစ်အတွင်း နွဲ့နှောင်းကို ရန်ကုန်အထက်တန်းလွှာ လောကမှာ ဝင်ဆန့်သွားအောင် လုပ်ပြခဲ့ပြီးပြီနော်'

ကိုကြီးတို့ထံမှ ဘာစကားမှ ထွက်မလာခဲ့။

'နွဲ့နှောင်းကို ပုံပြောင်းရာမှာ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာကတော့ ကိုကြီးတို့ ကိုယ်တိုင် အရူးအမူးချစ်ရေးဆိုပြီး သက်သေပြခဲ့ကြပြီမို့ အထွေအထူးထပ်ပြီး သက်သေပြစရာ လိုမယ်မထင်ပါဘူး၊ ချုပ်ပြီးပြောရရင် ဒီပွဲမှာ ကျွန်တော်နဲ့နွဲ့နှောင်း အနိုင်ရသွားပြီ ဆိုတာ ကိုကြီးတို့ လက်ခံပြီ မဟုတ်လား'

ကိုကြီးက အင်တင်တင်နှင့် ခေါင်းညိတ်ပြ၏။

'ကိုကြီးတို့ ပြောခဲ့တဲ့ ဒိုက်ဖတ်ကြီး ပုံတုန်းကြီးဟာ ခုတော့ ကျည်ပွေ့အတက်ပေါက်သလို အထက်တန်းလွှာကို တက်ရောက်ခဲ့ပါပြီ၊ ဒီအတွက် ကိုကြီးတို့ ကတိအတိုင်း နွဲ့နှောင်းကို ဒီအိမ်မှာ ကြည်ကြည်ဖြူဖြူနဲ့ နေခွင့်ပြုပြီး အရေးတယူ ဆက်ဆံကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်'

'အေးပေါ့ကွာ မင်းတို့ကို အထင်သေးမိတာကိုက ငါတို့ရဲ့



အမှားပါ၊ ဒီတော့လည်း ကတိအတိုင်း အားလုံးပေးဆပ်ရတော့မှာ ပေါ့ကွာ'

ယံယံ၊ သော်သော်၊ နွဲ့နှောင်းနှင့်ကြီးနွဲ့တို့ ဝမ်းသာအားရနှင့် လက်ခုပ်တဖြောင်းဖြောင်းတီးပြီး ထောက်ခံကြိုဆိုကြတော့၏။ ကြီးနွဲ့က စိတ်အေးလက်အေး ဖြစ်သွားဟန်နှင့် သက်ပြင်းချလိုက်ပြီး…

'အင်း… သားတို့တစ်တွေ ခုလို ပြေပြေလည်လည် ဖြစ်သွားတာ ကြီးနွဲ့ သိပ်ကိုဝမ်းသာတယ်ကွယ်၊ သမီး နွဲ့နှောင်းအတွက် စိတ်အေးသွားရတော့ ကြီးနွဲ့ သေမယ်ဆိုလည်း သေပျော်ပါပြီကွယ်'

'ဟာ… ကြီးနွဲ့ကလည်း မဦးမချွတ် ဘာတွေပြောနေတာလဲ၊ ကောင်းတာတွေချည်းပဲဖြစ်ဖို့ မင်္ဂလာအချိန်က အခုမှ စတာလေ၊ ကြီးနွဲ့က သားရဲ့ မင်္ဂလာပွဲကိုတက်ပြီး ချီးမြှင့်ပေးရဦးမှာလေ'

'ဟယ်… သားငယ် မင်း တကယ်ပြောနေတာလား'

'တကယ်ပေါ့ ကြီးနွဲ့ရဲ့'

'ဟင်! ယံ ညည်း… ညည်းမြန်မာနိုင်ငံလုံးဆိုင်ရာ မိန်းမလျှာများ သမဂ္ဂရဲ့ သံမဏိစည်းမျဉ်း စည်းကမ်းတွေကို ဖောက်ဖျက်ပြီး မော်တကိန်း မော်တကကို ယော်တကူတော့မယ်ပေါ့ ဟုတ်လား၊ ရက်စက်လိုက်တာ ယံရယ်၊ လုပ်ရက်လိုက်တာ အသည်းမာလိုက်တာ ဟောဒီက….'

သော်သော်၏ ငိုချင်းချမှုက ဆုံးခန်းတိုင်အောင် မရောက်ခဲ့။ ကိုကြီး၏ ဇီတိုအာဏာအောက်တွင် ပျက်ပျယ်သွားရ၏။

'ဟေ့ကောင် တော်စမ်းကွာ၊ ငါ့ညီ သူ့ဟာသူ ပုံမှန်ဖြစ်ပြီး ကောင်းရာမွန်ရာ ခံစားမယ့်ကိစ္စက ငိုစရာလား ကျက်သရေ မရှိလိုက်တာ တော် တိတ်'

တလျှောက်လုံး ငြိမ်နေသော ကိုလေးက ဖြစ်ပျက်သမျှ ကိစ္စ

များအား လက်မခံနိုင်ဟန်နှင့် စဉ်းစားရင်း ရှားလော့ဟုမ်း စတိုင်ဖမ်းကာ မေးခွန်းထုတ်၏။

'ဒါနဲ့ နေစမ်းပါဦး၊ နန်းနွဲ့နွဲ့နိုင် ခေါ် မနွဲ့နှောင်းရယ်၊ ခင်ဗျားရဲ့ ဘဝလက်တွဲဖော်နဲ့ မိတ်ဆက်ပေးမယ်ဆို ဘယ်မှာလဲ မဟုတ်မှလွဲရော ဟောဟိုက ဟိုမရောက် ဒီမရောက် အခြောက်မသော်သော်ပဲ မို့လား'

'အို ရာရာစစ သွပ်ပြားကိုများ စွပ်စွပ်စွဲစွဲနဲ့ မာမီက မိန်းမယူစရာလားလို့'

သော်သော်က ဆွေ့ဆွေ့ခုန်အောင် ငြင်းနေသဖြင့် ယံယံနှင့် နွဲ့နှောင်းတို့ သဘောတကျ ရယ်မိကြ၏။ နွဲ့နှောင်းက ရှင်ရှင်ပျပျ ပြုံးလိုက်ရင်း...

'ကျွန်မ ဘဝရဲ့လက်တွဲဖော်နဲ့ ကိုကြီးတို့ကို သေချာပေါက် မိတ်ဆက်ပေးမှာပါရှင်'

'သူ ရောက်မလာသေးဘူးလား နန်း၊ အဲလေ... နွဲ့နှောင်း'

'မဟုတ်ပါဘူး ကိုကြီး၊ သူက ရောက်နေနှင့်ပြီးသားပါ'

'ဟင်... ဒါ... ဒါဆို ဘယ်သူလဲ'

ကိုကြီးနှင့်ကိုလေး အချင်းချင်း မယုံသင်္ကာဟန်နှင့် ကြည့်လိုက်ကြရင်း မျှော်လင့်ချက်များနှင့် သံပြိုင်မေးလိုက်ကြ၏။

'နွဲ့နှောင်း ဘဝကိုယုံမှတ်ပြီး ပုံအပ်လိုက်တဲ့ တစ်သက်တာ လက်တွဲဖော်ကတော့ ဟောဒီက ကိုယံပါပဲရှင့်'

'ဘာ'

'ဘာ'

အားလုံး မယုံကြည်နိုင်စွာနှင့် တအံ့တသြ အော်ဟစ်လိုက်ကြ၏။



'ဟင်... သမော်တကီးလေး ဒေါ်လှ တော်လှနဲ့ယောက်မကို ဂုပ်ခွစီးပြီး ထွက်တာပေါ့လေ၊ လုပ်ရက်လိုက်တာ နွဲ့နှောင်းရယ်၊ မာမီသော့် မျက်နှာကိုမှ မထောက်တော့ဘူးလား၊ အဟင့်... ဟင့်'

မာမီသော် ငိုချင်းချနေသလို ကိုကြီးတို့လည်း လဒ(လင်းတ)ကို ဘိန်းကျွေးထားသလို မှိုင်တွေငေးမော ပျော့ဖတ်သွားကြတော့၏။

ယံယံက...

'ဟုတ်ပါတယ် ကြီးနွဲ့၊ သားနဲ့နွဲ့နှောင်း တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မေတ္တာမျှနေမိကြပါပြီ၊ နွဲ့နှောင်းကြောင့် သားရဲ့ ယောကျ်ားဘဝမှန်ကို ပြန်ရခဲ့တာပေါ့၊ ဒါကြောင့် နွဲ့နှောင်းကို လက်ထပ်ပြီး အသက်ထက်ဆုံး စောင့်ရှောက်သွားဖို့ ခွင့်ပြုပေးပါ ကြီးနွဲ့ရယ် နော်'

'သားရယ် သားလိုစိတ်ကောင်းရှိတဲ့ ကလေးနဲ့မှ နွဲ့နှောင်းကို သဘောမတူရင် ဘယ်ဖြစ်ပါ့မလဲ၊ ကြီးနွဲ့ ကျေကျေနပ်နပ်ကြီးနဲ့ သဘောတူ ခွင့်ပြုပါတယ် သားရယ်၊ ခွင့်ပြုပါတယ်'

ကြီးနွဲ့ အဆုံးအဖြတ်ကြောင့် ယံယံနှင့်နွဲ့နှောင်းတို့ ပျော်သွားကြသလောက် ကိုကြီး ကိုလေးတို့ မျှော်လင့်ချက်မဲ့ပြီး အသက်ထွက်သလို ခံစားသွားကြရ၏။

နောက်ဆုံးတွင်မတော့ ရွက်ပုန်းပန်းက လန်းစွင့်လာခဲ့ပြီ၊ လောကတစ်ခွင်တွင် သောကစင်သူတို့ မနောဟာဒယရှင်ခဲ့ကြရပြီ။ ချစ်ခြင်းတရားနှင့် ကြည်သာရှင်ပျ ပန်းလိုလှခဲ့ကြပြီလေ။

ယံယံက နွဲ့နှောင်းလက်ကိုဆွဲ၍ ကယုတယတွဲကာ ခေါ်ထုတ်သွား၏။

နှစ်ယောက်စလုံး၏ နှုတ်ခမ်းဖျားတွင် ပီတိအပြုံးပန်းများ

www.burmeseclassic.com

ဝေစီလျက် ပေါ့ပါးသောခြေလှမ်းများနှင့် လောကနိဗ္ဗာန်ဆီသို့ လျှောက်လှမ်းသွားကြတော့၏။

လဒလိုငိုက်မှေး၍ လိုက်ဆွေးနေကြသော ညီအစ်ကိုနှစ်ယောက်ထံ တရှုံ့ရှုံ့ငိုနေသော မာမီသော် ရောက်လာပြီး ပူးကပ်ဝင်ထိုင်လိုက်၏။

ငိုချင်ရက်လက်တို့ ဖြစ်နေသော ကိုကြီးနှင့်ကိုလေးတို့မှာလည်း မာမီသော်နှင့်အပြိုင် မျက်ရည်မိုး ဖြိုင်မိကြလေတော့၏။

လူရှင်တော်တွေ ပြောသလို ငါငိုတာလှလားဟင်ဟု မေးစရာပင် မလိုတော့၊ သူတို့ ငိုနေသည်က လုံးလုံးဝဝ လုံးဝကို ကြည့်မကောင်း ရှုမကောင်း ဖြစ်နေကြသည်ပဲ မဟုတ်ပါလားနော်။

**တန်ခူးလေပြေ**

www.burmeseclassic.com

၃၃/11



အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

ပွဲသိမ်း

www.burmeseclassic.com